www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ကျိုးလေပေါ

မထင်

လို့သာပြောလိုက်ချင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၇၀၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၄၄၁၁၁၁
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အဖုံးနှင့်အတွင်းပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇန်နဝါရီလ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

၈၉၅.၈၃
တန်ခူးလေပြေ
မထင်လို့သာပြောလိုက်ချင် / တန်ခူးလေပြေ။ - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၀၉။
(၁၆၀) စာ၊ ၁၃ စင်တီမီတာ x ၂၀.၇ စင်တီမီတာ
(၁) မထင်လို့သာပြောလိုက်ချင်


BURMESE CLASSIC .com

## အခန်း(၁)

ပုလဲမြို့သစ်ကျော်သွားပြီးနောက် လမ်းညွှန်ဆိုင်းဘုတ်များကို လမ်းချိုးတစ်ခုထိပ်တွင် တစ်ပြုံကြီး တွေ့လိုက်ရသည်။ ဘရိတ်မေ့ထားရင်း...

'မေမေ... ဒီဘက်ကွေ့ရမှာလား'

မေမေက လမ်းညွှန်ဆိုင်းဘုတ်များကို ကားပေါ်မှ လှမ်းဖတ်ပြီးနောက်...

'ဟုတ်တယ် သား၊ ဟိုမှာလေ ရွှေနံ့သာကျောင်းတိုက်သို့တဲ့ ကွေ့ပြီး ဝင်လိုက် သား'

ဝင်းမော်ဦး လမ်းချိုးထဲကွေ့ဝင်ပြီး ဆက်မောင်းသွားလိုက်သည်။ အချိန်က မနက်ရှစ်နာရီကျော်ကျော်လောက်သာ ရှိသေးသဖြင့် အတွင်းပိုင်းထဲမှ စက်ဘီး၊ ဆိုက်ကား၊ ခြေလျင်နည်းမျိုးစုံနှင့် ထွက်လာကြသော အရွယ်စုံ လူစုံတို့ကို တွေ့ရသည်။ အလုပ်သွား ကျောင်းသွားကြမည့်သူများ ဖြစ်ပေလိမ့်မည်။ လမ်းက ကောင်းသော်လည်း ကျဉ်းသဖြင့် သတိထားရှောင်တိမ်း မောင်းနေမိ၏။

အတော်ကြာ မောင်းသွားပြီးသောအခါ လမ်းဘေးတစ်နေရာတွင် ရွှေနံ့သာစံပြကျေးရွာ ဟူသော ဆိုင်းဘုတ်ကို မြင်သည်။ သိပ်မကြာခင် ဆိုင်းဘုတ်တပ်ထားသည့် လမ်းသွယ်တစ်ခုကို တွေ့ရပြန်၏။ ဆိုင်းဘုတ်အားကိုးနှင့် ရဲရဲဝံ့ဝံ့မောင်းဝင်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကတ္တရာလမ်း မဟုတ်သော်လည်း ကားမောင်းလို့ရအောင် ကောင်းမွန်နေသေး၏။ လမ်းတစ်ဝက်လောက် အရောက်တွင် ဘီးနှစ်ဘီးစာ ကွန်ကရစ်လမ်း ဖြစ်သွားတာတွေ့၏။ ဒါ ကျောင်းနှင့် နီးလာသည့် သင်္ကေတပင် ဖြစ်မည်။ သေချာပါပြီ။ ရှေ့တွင်ကြီးကျယ်ခမ်းနားသော မုခ်ဦးကြီးကို လှမ်းမြင်ရသည်။

လမ်းသာပြီး လူရှင်းသဖြင့် လီဘာတင်ပြီး မောင်းလိုက်တော့ ကျောင်းဝင်းအတွင်းသို့ ခဏချင်းပင် ရောက်သွား၏။ နေလာရာလမ်းကြောင်းကို တွက်ပြီး ရေရှည်အရိပ်ရမည့် နေရာတွင် ကားကို ထိုးထားလိုက်သည်။

ဒီနေ့ ရွှေနံ့သာရိပ်သာတွင် အမေနှင့် ဦးလေးက ကျောင်းရှိ သံဃာကုန်အား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းမည် ဖြစ်သည်။ ဦးလေးဖြစ်သူ ဦးအောင်လွင်က ဒီကျောင်းမှ ရိပ်သာတွင် တရားဝင်နေတာ တစ်လကျော်သွားပြီ ဖြစ်၏။ ကားပေါ်က ဆင်းသည်နှင့် ဆွမ်းစားဆောင်တာဝန်ခံ အမေလှက နွေးထွေးစွာ ဆီးကြိုသည်။

'ရောက်လာကြတာ စောသားပဲ'

'ဟုတ်ကဲ့… အမေလှ ဒါနဲ့ ဘာတွေ လုပ်ပေးရဦးမလဲ'

'အမလေး… ဘာမှ လုပ်စရာမရှိပါဘူးတော်၊ အားလုံးအဆင်သင့်ပါပဲ၊ ဟင်းကလည်း စုံလို့ ကြက်သား၊ ဝက်သား၊ ငါးကြော်နှပ်သီးစုံပဲကုလားဟင်း၊ ငါးပိလိမ္မာကြော်၊ သရက်ချဉ်သုပ်၊ ပဲကြီးနှပ်၊ အချိုပွဲက ရေခဲမုန့်'

'ပြည့်စုံလိုက်တာ အမေလှရယ်'

'ပြည့်စုံရမှာပေါ့ကွယ်၊ အလှူရှင်တွေ စိတ်ချမ်းသာဖို့က အဓိကပဲ မဟုတ်လား၊ ကဲ… လာ ဆွမ်းစားဆောင်ထဲ ဝင်နားကြဦး'

အမေလှ ခေါ်ဆောင်ရာသို့ ဝင်းမော်ဦးတို့ သားအမိလိုက်လာခဲ့ကြ၏။ ပါကေးအပြည့်ခင်းထားပြီး ပြတင်းပေါက်များများ ပါဝင်သည့် တစ်ထပ်တိုက် ဆွမ်းစားဆောင်က ကျယ်ပြန့်သန့်ရှင်းနေသည်။

ကျောင်းထိုင်ဆရာတော်က သက်တော်လေးဆယ်ကျော်သာ





ရှိသေးပြီး ပိဋကတ်နှစ်ပုံ အောင်ထားသော ရဟန်းအကျော်အမော်လည်း ဖြစ်၏။ သံဃာ၊ ကိုရင်၊ ဖိုးသူတော်နှင့် ယောဂီအပါအဝင် အပါးနှစ်ရာငါးဆယ်အတွက် အချိုပွဲပါအပြီး ငါးသိန်းသာ ကုန်ကျသည်။ အလှူရှင်က ဘာမှ လှည့်ကြည့်စရာ မလို။

ဆွမ်းစားဆောင်တာဝန်ခံ အဖွဲ့သားအယောက်နှစ်ဆယ်၏ လုပ်အားဖြင့် အလှူရှင်နှင့် သံဃာများ ဒုက္ခငြိမ်းအောင် ဝန်ဆောင်မှုပေးနေခြင်း ဖြစ်သည်။ ကျယ်ဝန်းသန့်ရှင်းပြီး စနစ်ကျသော အပြင်အဆင်များကို ကြည့်ရှုကျေနပ်နေခိုက် မေမေက…

'သား… မင့်ဦးလေးကို သွားရှာလိုက်ဦးလေ၊ တော်ကြာ မရောက်သေးဘူး ထင်ပြီး စိတ်ပူနေဦးမယ်'

'ဟုတ်ကဲ့ မေမေ'

ဝင်းမော်ဦး ဆွမ်းစားဆောင်ထဲမှ ထွက်လာပြီး ဟိုမေးဒီမေးနှင့် ရိပ်သာဆောင်များရှိရာ လျှောက်လာခဲ့၏။ ဦးလေးကို ရိပ်သာထဲတွင် မတွေ့ရ။ ယောဂီတစ်ယောက်၏ လမ်းညွှန်မှုနှင့် ကျောင်းဝင်းအတွင်း သုံးထပ်မဟာသိမ်တော်ကြီး ရှိရာသို့ ဝင်းမော်ဦး ထွက်လာရပြန်သည်။

ကျောင်းဝင်းကြီးက ဧကနှစ်ဆယ်ခန့်ရှိပြီး အရိပ်ရအပင်၊ သီးပင်၊ စားပင်၊ ပန်းပင်တို့ စုံလင်စွာနှင့်။ ရောက်ရှိလာသူအပေါင်းအား စိတ်ချမ်းမြေ့ ငြိမ်းအေးခြင်းကို ပေးစွမ်းနေ၏။

ဝင်းမော်ဦး စိတ်အေးချမ်း ကြည်လင်စွာနှင့် လျှောက်လာခဲ့ရာ ခပ်လှမ်းလှမ်းရှိ ဗိန္ဓဲပင်ကြီးအောက်မှ ကွပ်ပျစ်တွင်ထိုင်နေသည့် ဦးလေးကို မြင်ရသည်။ တစ်ကိုယ်တည်း တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည့် ဦးလေးကို မြင်ရသည်။ ဦးလေးတစ်ယောက် တရားအမှတနှင့် ပျော်မွေ့နေတာလား။ အတွေးလွန်နေတာလားဆိုတာတော့ သူကိုယ်တိုင်မှသာ သိပေလိမ့်မည်။ ဦးလေး ဦးအောင်လွင် ဒီလို ရိပ်သာ ဝင်နေတာ သူမှတ်မိသလောက် သုံးကြိမ်ခန့်ရှိပြီ။ ဦးလေးရိပ်သာ ဝင်ရသည့် အကြောင်းရင်းက နည်းနည်းတော့ ရယ်စရာကောင်း၏။ အတွေးတွေနှင့် လျှောက်လာရင်း အနားသို့ ရောက်လာပြီမို့…

www.burmeseclassic.com

'လေးလေး'

'ဟင်… ဝင်းမော်ဦး မင်းတို့ ရောက်လာကြပြီကိုး၊ အစ်မကော'

'ဆွမ်းစားဆောင်မှာ ကျန်ခဲ့တယ် လေးလေး၊ ဘယ်လိုလဲ လေးလေး တရားတွေ တော်တော်ရှာတွေ့နေပြီလား'

'အင်း… ဆိုပါတော့ တရားရှာကိုယ်မှာတွေ့ ဆိုသလိုပဲလေ၊ အဝေးကြီး လိုက်ရှာနေစရာမှ မလိုတာ၊ ကိုယ့်အစာဟောင်းတွေ ကိုယ်သယ်ထားရင်း ဒွါရခြောက်ပေါက်က ညစ်ပတ်ပုတ်ဟောင်နေတာတွေ အမြဲယိုစိမ့်ထွက်နေတဲ့ ဒီခန္ဓာကြီးက ဘာများကောင်းတာရှိလို့လဲ၊ အပုပ်ကောင် ရုပ်ဆောင်နေတာလေ'

လေးလေး အပြောကြောင့် ဝင်းမော်ဦးပင် ကိုယ့်ကိုယ်ကို အတော်ရှုံသွား၏။ လေးလေး ဒီတစ်ခါတော့ တကယ်တရားရသွားပြီ ဟုပင် ယုံကြည်မိသည်။

'ဟာ… လေးလေးပြောတာနဲ့ ကျွန်တော်တောင် စိတ်ပျက်သွားပြီ'

'ဒါ အမှန်ပဲလေ၊ သတ္တဝါမှန်သမျှ 'ဇာတိ' ရကတည်းက ခံလာရတဲ့ ဒုက္ခတွေဟာ မရဏရောက်မှ ခဏနားကြရတာ မဟုတ်လား၊ ပြီးမှ ကုသိုလ် အကုသိုလ်အလိုက် ခံစရာရှိခံ၊ စံစရာရှိ စံကြရသေးတာလေ'

'တော်ပါတော့ လေးလေးရာ၊ ဘုန်းကြီးဝတ်ချင်စိတ်တောင် ပေါက်သွားပြီ'

'အဲဒါ ကောင်းတာပေါ့'

'ဟာ… လေးလေးကလည်း ဘုန်းကြီးတော့ မဝတ်ချင်ပါဘူး၊ ဩော်… ဒါနဲ့ လေးလေးတရားရနေပြီ ဆိုလို့ ပြောရဦးမယ်၊ ဒေါ်စန္ဒာမော် ဒီနေ့ မင်္ဂလာဆောင်တယ်လေ၊ မြို့နယ်ခန်းမမှာပဲ သတို့သားက သူ့ထက် ရှစ်နှစ်လောက်ငယ်တယ်တဲ့'

'ဟင်'





ဝင်းမော်ဦး စကားအဆုံးတွင် လေးလေး မျက်နှာက ကျကွဲသွားသော ကြွေပန်းကန်ပြား တစ်ချပ်လို အစိပ်စိတ်အမြွှာမြွှာ ဖြစ်သွားသည်ဟုပင် ထင်ရ၏။

'ဩော်… စန္ဒာ တကယ် လက်ထပ်သွားပြီကိုး'

လေးလေး အမူအရာက တကယ့်ကို ကြေကြေကွဲကွဲ ဆွေးဆွေးမြေ့မြေ့ ဖြစ်နေရှာသည်။ တကယ်တော့ လေးလေး ခုလိုရိပ်သာဝင်နေတာ စန္ဒာမော်ဆိုသော အမျိုးသမီးကြောင့် ဖြစ်၏။ စန္ဒာမော်က လေးလေး၏ ရည်းစားဖြစ်ပြီး တစ်နှစ်နီးပါးတွဲလာကာ လက်ထပ်ဖို့ ပြင်ဆင်နေကြစဉ် ထိုမိန်းမက လေးလေးကို သစ်စိမ်းချိုး ချိုးသွားခဲ့သည်။ လေးလေးထက် ရုပ်ချောပြီး အသက်ငယ်သည့် ကောင်လေးတစ်ယောက်နှင့် ခိုးရာလိုက်သွားခဲ့၏။

ဤတွင် အကြီးအကျယ် ထိခိုက်ကြေကွဲကာ လေးလေး ဖုံးဖုံးလဲသွားခဲ့သည်။ အတော်စိတ်ထိန်းနိုင်တော့မှ သူ့ထုံးစံအတိုင်း ရိပ်သာဝင်ကာ ဘုရားကု ကုနေခြင်း ဖြစ်၏။ ဒါကလည်း ပထမအကြိမ် မဟုတ်တော့။ အခုတော့ စန္ဒာမော်တို့ ပြန်အပ်တာကို လက်ခံပြီး မင်္ဂလာပွဲကျင်းပသည့် အဆင့်သို့ရောက်ခါ ပျော်ပွဲကျင်းပနေချိန်မှာ လေးလေးက တစ်ကိုယ်တည်း ငေါင်းစင်းစင်း တရားရိပ်သာရောက် ယောဂီဘဝဖြင့်…

'မိန်းမဆိုတာ လက်သာရာပျော်တဲ့ သဘောရှိတယ်၊ တန်ဖိုးထားလို့ မရဘူး'

ဟောဗျာ… စောစောကတော့ ဒွါရခြောက်ပေါက်က အပုပ်ရည်ယိုစီးနေတဲ့ အပုပ်ကောင်ဟု ရှုမြင်ပြီး အခုကျတော့ အပုပ်ကောင်ကို ပြန်လွမ်းနေပြန်ပြီ။ ဝင်းမော်ဦး ပြုံးချင်ချင် ဖြစ်သွား၏။

လေးလေးမျက်နှာမှာ မောဟတွေ စွန်းထင်းပြီး မခံချင်မှု အရိပ်အယောင်တွေ ယှက်သန်းလာကာ…

'ဟင်း… တွေ့ကြသေးတာပေါ့၊ ဒင်းထက်သာတဲ့ဟာ ရှာပြီး ယူပြလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ... လေးလေး တိုးတိုးပြောလေ၊ ဘယ့်နှယ် ရိပ်သာ ထဲမှာ'

'ဟမ်... အေး... အေး... ဆောရီးကွာ'

'ကဲ... လာ လေးလေး မေမေစောင့်နေတယ်'

တူဝရီးနှစ်ယောက် ဆွမ်းစားဆောင်ဘက်သို့ ပြန်လျှောက်လာ ကြ၏။ လေးလေး တကယ်တရားမရတာ သိလိုက်ရ၍ စိတ်ပျက်သွားမိ သော်လည်း အလုပ်အတွက် ကြောင့်ကျမှုတော့ ကင်းသွားသည်။ ဝင်းမော်ဦးက အော့(ဖ်)ဆက်နှင့် ဗီနိုင်းပုံနှိပ်စက် နှစ်မျိုးလုံးကို တာဝန် ယူနေရတာ မနိုင်မနင်း ဖြစ်နေသည် မဟုတ်လား။

လေးလေး ရိပ်သာက မြန်မြန်ပြန်ထွက်လာမှ သူလည်း သက် သာမည် ဖြစ်၏။ စားဆောင်ရောက်တော့ မေမေက ယောဂီအမျိုးသမီး များနှင့် အဖွဲ့ကျနေပြီ ဖြစ်သည်။ စကားပြောရင်း ပန်းကန်များကို ရေသုတ်နေကြ၏။

'ဟော... မမက ဒေါ်နန်းယဉ်တို့နဲ့ ရင်းနှီးနေကြပြီကိုး၊ ကောင်းတာပေါ့၊ အဲဒါ ကျွန်တော့် ဓမ္မမိတ်ဆွေတွေလေ၊ လက်ဖက် ခြောက်လုပ်ငန်း လုပ်ကြတယ်၊ သူ့အိမ်သားကတော့ မရှိတော့ဘူး'

'သိပြီးပါပြီ မောင်လွင်ရယ်၊ အပြန်အလှန် ဖုန်းနံပါတ်တွေ လိပ်စာတွေတောင် လဲပြီးကြပြီ'

'ဒါဆိုလည်း ပြီးပါလေရောဗျာ၊ ကဲ... ကျွန်တော်တို့ ဘာ လုပ်ပေးရမလဲ'

'သံဃာဆယ်ပါးအတွက် ဝတ္ထုသုံးထောင်စီ ထည့်လိုက်ကြ လေ၊ မင်းတူ့ဆီမှာ ပေးထားပြီးသား'

'ဟုတ်ကဲ့... ဟုတ်ကဲ့'

BURMESE CLASSIC .com

လေးလေးနှင့် ဝင်းမော်ဦး စာအိတ်များထဲ အလှူငွေ ထည့်နေ စဉ် မေမေက ဒေါ်နန်းယဉ်ဆိုသူ အမျိုးသမီးကြီးအား သူ့သားကို ပွဲ ထုတ် မိတ်ဆက်ပေးနေလေ၏။

'ဒါ တစ်ဦးတည်းသော သားလေ၊ ဝင်းမော်ဦးတဲ့ M.B.A ဘွဲ့ရပြီး အော့(ဖ်)ဆက်နဲ့ ဗီနိုင်းပုံနှိပ်လုပ်ငန်းတွေ လုပ်နေတာ'





'ဟုတ်လား ပညာလည်းတော် ရုပ်ကလည်းချော၊ ကိုယ်ပိုင် လုပ်ငန်းနဲ့ ဆိုတော့ မစန်းယုမော်တို့ မျက်နှာပွင့်နေမှာပေါ့'

'အစစ်ပဲ မနန်းယဉ်ရေ၊ သားက လိမ်မာပေမယ့် စပ်တဲ့ ဟပ်တဲ့ သူတွေက အများသား ဒါပေမဲ့ ကျွန်မက ကိုရီးယားမေမေ မဟုတ်ပါဘူး၊ လူငယ်တွေကိစ္စ ဝင်မစွက်ဘူး၊ ဖူးစာပါလာရင် ဘယ် သူဖြစ်ဖြစ် လက်ခံရမှာပဲ၊ ကိုယ်တားလို့လည်း ရချင်မှရတာ'

'အဲဒါပဲ ကောင်းပါတယ်ရှင်၊ ခေတ်ကာလသားသမီးတွေက လည်း သူတို့ဟာ သူတို့ ရှာရမှ စိတ်တိုင်းကျကြတာလေ၊ အိမ်က သားကြီးနဲ့ သမီးလတ်လည်း ဒီလိုပဲ သူတို့နှစ်သက်ရာ ရှာယူခဲ့ကြတာ ကောင်းကောင်းမွန်မွန်လေးတွေ ဆိုတော့ စိတ်အေးရတာပါပဲ'

'ဟုတ်လား ချွေးမတွေ၊ သမက်တွေက ဘာလုပ်ကြတာလဲ'

'ချွေးမက ရှေ့နေ၊ အလတ်မက ဆရာဝန်ကတော်လေ'

ရိပ်သာလာ အလှူလုပ်သည့်သူနှင့် တရားအားထုတ်နေသူတို့ စကားဝိုင်းက အတ္တတွေကို လှစ်ဟပြနေသော အကြွားပြိုင်ပွဲတစ်ရပ် ဖြစ်နေသည်။ အမေက သူ့အတွက် ဂုဏ်ယူစွာ အာပေါင်အာရင်းသန် နေသလို ခွဲခွဲသန့်သန့် ဒေါ်နန်းယဉ်ကလည်း သားသမီးများအတွက် မာန်တက်နေလေ၏။ လေးဆယ်ကျော် ငါးနှစ်အတွင်း ဆိုသော်လည်း သားအလှရတနာတွေ အတွက် တရားမရရှာကြ။ ဘုရားရိပ်၊ တရားရိပ် ခိုကာ လှူတာချင်းပြိုင်ရုံမက သားပြိုင်ပွဲ သမီးပြိုင်ပွဲပါ ကျင်းပနေကြ ၏။

အဆီအငေါ်မတည့်လှသော လောကကြီးကြောင့် ဝင်းမော်ဦး ရယ်ချင်သလို ဖြစ်နေခိုက် ဆွမ်းစားဆောင်ထဲ လွန်စွာရင်ခုန် ရင်တုန် ချင်စရာ အလှအပပိုင်ရှင်လေးတစ်ယောက် ဝင်လာတာတွေ့လိုက် ရ၏။ ဝင်းမော်ဦး ထိုအလှ၏ ကွန်ရက်တွင် စွဲငြိသွားပြီး မျက်တောင် မခတ်စတမ်း ငေးမောနေမိသည်။ ရုပ်ရည်ချောမောသည့်အပြင် ဖွံ့ထွား စွင့်ကားသော အချိုးအဆက် သွယ်လျရှည်လျားသော ပေါင်တံတို့ ကြောင့် ရွှေဘိုမင်းကြိုက်၊ ကာလသားကြိုက်၊ ဝင်းမော်ဦးတို့ကြိုက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအလန်းစယားလေးက သူတို့ရှိရာဝိုင်းသို့ ဦးတည်လာမှုသဖြင့် ဝင်းမော်ဦး ဖျတ်ခနဲ ဆိုသလို ဒေါ်နှန်းယဉ် ဆိုသော အမျိုးသမီးကြီးအား လှည့်ကြည့်မိ၏။ သေချာပါပြီ၊ ဒါ ဒေါ်နှန်းယဉ်၏ သမီးတစ်ယောက် ဖြစ်ရမည်ဟု တွေးမိပြီး 'အော်… သူက ဆရာဝန်ကတော် ဆိုတာ ဖြစ်မယ်ထင်ပါရဲ့' ဟု စဉ်းစားမိကာ နမြောတသ ဖြစ်သွားရသည်။

'ဟော… သမီးလေး ရောက်လာပြီကိုး၊ လာ… သမီး'

အချောအလှလေးက သူ့အမေနားတွင် ကျို့ကျို့ယို့ယို့ လှလှပပလေး ဝင်ထိုင်လိုက်သည်။ ဝင်းမော်ဦး သူ့အကြည့်တွေကို အားနာပါးနာနှင့်ပင် လွှဲပစ်၍ မရလောက်အောင် သူမ၏ ညှို့ယူဖမ်းစားမှုကို ခံနေရ၏။

'မိတ်ဆက်ပေးရဦးမယ် မစန်းယုမော်ရေ… ဒါ ကျွန်မ သမီးငယ်လေးလေ ရှုတိုင်းယဉ်တဲ့ အီးမေဂျာဖိုင်နယ် တက်နေတာ'

'ဟယ်… ချောလိုက် လှလိုက်တာ မနှန်းယဉ်ရယ်၊ တကယ့်အမေတူလေးပဲ၊ ကျက်သရေရှိလိုက်တာ'

'ဟင်း… ဟင်း လူတိုင်းက ဒီလိုပဲပြောကြတာ ဒါပေမဲ့ သူက အဖေတူ ရှင့်'

'ဘယ်သူနဲ့ပဲတူတူ မျိုးစေ့မှန်လို့ အပင်သန်တာလေ၊ ဒါဆို သမီးကို အန်တီကလည်း သားနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒီမှာလေ မောင်ဝင်းမော်ဦးတဲ့ M.B.A နဲ့ ကျောင်းပြီးထားတာ တစ်ဦးတည်းသောသား'

ဝင်းမော်ဦး မေမေ့ကို တော်တော်ကျေးဇူးတင်သွားမိသည်။ အမေနှစ်ယောက်ကြောင့် မပင်မပန်း ဘာမှအားမစိုက်ရဘဲ အလှအလေးအကြောင်း သူသိချင်တာ မှန်သမျှ သိခွင့်ရသွားသည်။။

'ဪ… ဟုတ်ကဲ့ရှင့်'

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ နာမည်နဲ့လိုက်အောင်ကို ရှုတိုင်းယဉ်နေတာပါပဲ၊ ဒီနေ့ ကျွန်တော်တို့ မိသားစုရဲ့ အလှူနေ့ပါ၊ နေ့လယ်စာ သုံးဆောင်ပြီးမှ ပြန်ပါနော်'





'ဟုတ်တယ် သမီးလေး၊ ကြုံတုန်း အန်တီတို့အလှူဒါနလေး မြောက်သွားအောင်'

'ဟုတ်ကဲ့… ဪ… အမေ ဆတ်သားခြောက်ဖုတ် ပုလင်းနဲ့ ထည့်ယူလာခဲ့တယ်နော်'

'အေး… အေး'

ဝင်းမော်ဦးက လူကြီးတွေ ရှေ့မှာပင် ရှုတိုင်းယဉ်၏ အလှကို တစ်ကွက်ချင်း၊ တစ်ကဒ်ချင်း… စတိုင်ရှိမှ စတားဖြစ်မယ် တီဗွီအစီအစဉ် ဒိုင်လူကြီးတစ်ယောက်လို စေ့စေ့စပ်စပ် ရှုမြင်သုံးသပ်လျက် အမှတ်ပေးနေမိသေး၏။ ဪ… လူတွေ လူတွေ ကိုယ့်အသက်အရွယ်နှင့်ကိုယ် အားသန်ရာ ကိလေသာကိုယ်စီနှင့် လောင်မြိုက်နေကြတာပါပဲလား။

ထိုအခိုက် ဆွမ်းစားဆောင် တာဝန်ခံလူငယ်များက အဆောင်ထောင့်တွင် စုထပ်ထားသည့် စားပွဲများကို ခန်းမကြီးအတွင်း စီတန်း၍ နေရာချထားနေကြပြီ ဖြစ်သဖြင့် ဝင်းမော်ဦးနှင့် လေးလေးတို့ ထကာ လုပ်အားဒါနပြုလိုက်ကြ၏။ စားပွဲများ ခန်းလုံးပြည့် ခင်းပြီးသွားတော့လည်း ပန်းကန်ခွက်ယောက်များ စားပွဲစေ့ လိုက်ချကြရပြန်သည်။

စေတနာပါ၍လား မသိ ရှုတိုင်းယဉ်လည်း လုပ်အားပေးနေတာ မြင်မိသည်။ လူငယ်လေးများ ဟင်းချိုင့်များ သယ်လာကြပြန်၏။ အသားဟင်း သယ်သူ၊ အရည်သောက်ဟင်း သယ်သူ၊ အရွက်သုပ် ဇလုံကြီးများ သယ်လာသူတို့နှင့် ရှုပ်ယှက်ခတ်သွားသည်။ ဒါကို အခွင့်ကောင်းယူပြီး ဝင်းမော်ဦးလည်း ဟင်းချိုင့်တစ်ချိုင့်သွားသယ်ကာ ရှုတိုင်းယဉ် ပန်းကန်များချနေသည့် ဝိုင်းသို့ဝင်ပြီး ဟင်းများ ခပ်ထည့်ဖြည့်လိုက်ရင်း…

'ရှုတိုင်းယဉ် ဒီကို မကြာမကြာ ရောက်လား'

'ဟုတ်ကဲ့ မေမေက နှစ်စဉ်နှစ်ကြိမ်လောက် တရားဝင်တယ်လေ၊ လိုအပ်တာတွေ လာပို့ရင်း ခဏခဏ ရောက်ဖြစ်ပါတယ်'

'ကျွန်တော်တော့ ခုမှ ပထမဆုံးရောက်တာ ဆွမ်းလှူရတာထက် ခုလို လုပ်အားပါ လှူရတာကို ကျွန်တော် ပိုကြည်နူးနေမိတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းတာ လုပ်တာပဲ၊ ကြည်နူးသင့်တာပေါ့'

ဝင်းမော်ဦးက ရှုတိုင်းယဉ် ပန်းကန်ချသည့် စားပွဲတိုင်းသို့ လိုက်ပါရင်း ဟင်းဖြည့်ကာ မနားတမ်းစကားပြောနေ၏။ ရှုတိုင်းယဉ်၏ အလှကိုလည်း မလွှတ်တမ်း ကြည့်ရှုခံစားကာ တပ်မက်စိတ်များ တဖွားဖွားပေါ်ပေါက်နေ၏။ အကြည့်လေးတစ်ချက် ဝင့်လိုက်တာက အစ၊ ထဘီကလေးမလိုက်၍ ဖျတ်ခနဲ ပေါ်သွားသော သလုံးသားလေး မြင်မိတာအဆုံး အားလုံးကို ချစ်ပြီး ရင်ခုန်နှုန်းတွေ မြန်နေတော့သည်။

'အဟင်း… ကြည်နူးရုံတင် မကဘူး၊ ပျော်လည်း ပျော်နေတယ်၊ လှူရလို့ ပျော်တာက တစ်မျိုး၊ ရှုတိုင်းယဉ်နဲ့ ဆုံစည်းပြီး သိကျွမ်းခွင့်ရလို့ ပျော်တာက တစ်မျိုးနဲ့ ဆိုတော့လေ…'

အစွန်းထွက်စကားတွေ ပြောထွက်သွားသည့်အတွက် ဝင်းမော်ဦး သူ့ကိုယ်သူ အံ့သြမိသလို ကြားလိုက်ရသော ရှုတိုင်းယဉ်မှာလည်း ပါးမို့မို့နှစ်ဖက်စလုံး ရဲရဲတောက်သွားအောင် ရှက်သွေးဖြာသွားခဲ့၏။

'ရှေ့လျှောက် ဆုံခွင့်ရရင်လည်း ခင်ခင်မင်မင် ဆက်ဆံပါရစေနော်'

'ရှင်… ဟုတ်… ဟုတ်'

ရှုတိုင်းယဉ်၏ ဆွဲခြင်းထဲမှ ပန်းကန်များ ကုန်သွားသဖြင့် သူ မီးဖိုဆောင်ဘက်သို့ ရှောင်ထွက်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဝင်းမော်ဦး ပီတိများနှင့် ကျေနပ်နေ၏။ သူ့နှလုံးသားအား ခေတ်လိုက်နိုင်စွမ်းရှိသူကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရလိုက်ပြီဟု ယူဆလိုက်သည်။

သံဃာတော်များအတွက် ဆွမ်းဟင်းများ ပြည့်စုံသွားပြီးနောက် မနက် ဆယ်နာရီခွဲတွင် ဆွမ်းစားကြေးစည်သံများ ကြားလိုက်ရသည်။ ထိုအခိုက် လေးလေးက သူ့ကို လာခေါ်သည်။

'လာ… ဝင်းမော်ဦး သံဃာတွေ ကြွလာတော့မယ် ဆွမ်းလောင်းရအောင်'





လေးလေး ဆွဲခေါ်ရာသို့ ဝင်းမော်ဦး ကန့်လန့်ကန့်လန့်နှင့် ပါသွား၏။ ဆွမ်းစားဆောင်အဝင်ဝ ကောင်တာရှည်ကြီးပေါ်တွင် စတီးဇလုံကြီးများနှင့် ဆွမ်းများကအပြည့်၊ အမေတို့ ဒေါ်နန်းယဉ်တို့ ရှုတိုင်းယဉ်တို့ အားလုံး ဇလုံကြီးထဲမှ ဆွမ်းများကို ဇလုံလေးများနှင့် ခူးခပ်ကာ အသင့်ကိုင်၍ စောင့်ဆိုင်းနေကြသည်။ ဝင်းမော်ဦးလည်း ဆွမ်းတစ်ဇလုံခူး၍ ရှုတိုင်းယဉ်ဘေးတွင် ဝင်ရပ်လိုက်၏။

များမကြာမီမှာပင် နာယကကျောင်းထိုင် ဆရာတော်ဦးဆောင်၍ သံဃာများကြွလာသည်။ အားလုံးသပိတ်ကိုယ်စီနှင့်။ တန်းစီရပ်နေသော အလှူရှင်များနှင့် ဆွမ်းစားဆောင်တာဝန်ခံများက သပိတ်ထဲသို့ ဆွမ်းများလောင်းကြ၏။ ထိုအခါမှ စားပွဲများပေါ်တွင် ထမင်းစားပန်းကန်ပြား ချမထားခြင်း အဓိပ္ပာယ်ကို ဝင်းမော်ဦး နားလည်တော့သည်။

သံဃာတော်များက သပိတ်နှင့်သာ ဆွမ်းဘုန်းပေးကြမည်ကိုး။ ဝင်းမော်ဦး ကြည်ညိုစိတ်များနှင့် စက္ခုမြေချကာ ကြွလှမ်းလာသော သံဃာများအား သဒ္ဓါစိတ်နှင့် ဆွမ်းလောင်းမိသည်။

ရှုတိုင်းယဉ်ဘေးတွင် တမင်ဝင်ရပ်ပြီးမှ အတူယှဉ်တွဲလျက် ဆွမ်းလောင်းနေရသည်ကို ဝင်းမော်ဦး မည်သို့ တွေးတောကျေနပ်နေသည် မသိ။ သူ့မျက်နှာကြီးက ပြုံးဖြီးဖြီးဖြစ်လျက် ရှိနေ၏။

သံဃာများ ဆွမ်းစားစားပွဲများဆီသို့ ဝါစဉ်အလိုက် နေရာယူကာ ဣန္ဒြေရရှိစွာ ဘုန်းပေးကြသည်။

ယောကျ်ားလေးတာဝန်ခံများနှင့် အတူ ဝင်းမော်ဦးလည်း ဟင်းလိုက်သည့် တာဝန်ကို ဆက်ယူရ၏။ စည်းကမ်းရှိရှိ ဝိနည်းနှင့်အညီ ဘုန်းပေးနေကြရာ ဇွန်းသံပင် မကြားရ။ တကယ့်ကို ကြည်ညိုစရာကြီးပင်။ သံဃာများ ဆွမ်းကိစ္စ လက်စသတ်တော့ အချိုပွဲအဖြစ် ရေခဲမုန့်နှင့် မုန့်မျိုးစုံကို ကပ်လှူရပြန်သည်။

ထိုသို့ ဆွမ်းဘုန်းပေးကြခြင်းကို တိုက်အုပ်ဆရာတော် ကိုယ်တိုင်လိုက်လံ ကြီးကြပ်ပေးသေးသည်။ အချိုပွဲ ဘုန်းပေးပြီးသောအခါတွင်လည်း ဝါစဉ်အလိုက် စနစ်တကျ ပြန်ကြွသွားကြသည်မှာ ကြည့်


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ကောင်းသေးတော့။ သံဃာတော်များအလှည့်ပြီးသွားမှ လူယောဂီများနှင့် ဧည့်သည်များကို ကျွေးမွေး၏။

စည်းကမ်းတကျရှိသော စာသင်တိုက် ရိပ်သာကြီး ဖြစ်သည်မို့ ယောဂီများက သပ်သပ်၊ လူဧည့်သည်များက သပ်သပ် စားသောက်ရသည်။ ဝင်းမော်ဦးက ရှူတိုင်းယဉ်နှင့် တစ်ဝိုင်းတည်း ဝင်စား၏။ အလျှုရှင် မေမေနှင့် ဦးလေးက ဆရာတော်နှင့် စကားစမြည်ပြောနေကြသည်မို့ ဝင်းမော်ဦး ခွင်တွေ့လျက်ရှိသည်။

ဝင်းမော်ဦးက အလျှုရှင် ဖြစ်နေသဖြင့် ဟင်းများကို အားပါးတရ ခပ်၍ ထည့်ပေးနေမိ၏။

'စားနော် ရှူတိုင်းယဉ်၊ အားပါးတရစား'

'ဟုတ်ကဲ့ ထည့်မပေးပါနဲ့တော့ ပန်းကန်လည်း မဆံ့တော့ဘူး'

'ဗျာ… အဟဲ… ဟုတ်ကဲ့ စားနော်'

ထိုနေ့က ရှူတိုင်းယဉ်မှာ ရှက်နေသဖြင့် ကောင်းကောင်းမစားနိုင်ခဲ့သလို ဝင်းမော်ဦးမှာလည်း ရှူတိုင်းယဉ်ကို ရှုစားနေ၍ ထမင်းကောင်းကောင်း မစားနိုင်ဖြစ်ခဲ့၏။ သို့သော် ရင်ထဲမှာတော့ ဖလန်းဖလန်းထလျက်။

□ □ □



## အခန်း(၂)

နံနက်ခင်းသည် ဆိတ်ကော့လတ်ကော့နှင့် အပျိုမဒန်းမကဲ့သို့ စိုရွှမ်းလှပနေလေ၏။ သွားလာလှုပ်ရှားနေသော လူများကို မြင်တွေ့ရသည်မှာလည်း တက်ကြွသွက်လက်နေသည်ဟု ထင်မြင်နေမိသည်။ ဒါကလည်း သူကိုယ်တိုင် ကြည်နူးနေသည့် စိတ်ခံစားအခံ ရှိနေသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

ရှူတိုင်းယဉ်နှင့် ဆုံပြီးကတည်းက အရာရာကို သူအကောင်းမြင်နေမိ၏။ ခုလည်း မြင်မြင်သမျှ အကုန်လှနေသည်ဟု သူထင်နေသည်။ လမ်းလျှောက်ထွက်လာကြသော အဘိုးကြီးအုပ်စုလည်း လှနေ၏။ သက်တူရွယ်တူ ယောကျာ်းလေး မိန်းကလေးများ ကြည့်ကောင်းနေသည်မှာလည်း ဆိုဖွယ်ရာမရှိ။ ယုတ်စွအဆုံး ခပ်စုတ်စုတ် တရုတ်ဘတ်(စ)ကားကြီးများပါ လှနေသလို ကလေကဝ ခွေးဝဲစားများပင် ကြည့်ကောင်းနေလေတော့၏။

သူလမ်းလျှောက်လာပုံကပင် ဖနောင့်သံရှူးသူလိုလို မီးနင်းပွဲမှ ကုလားလိုလို ဖြစ်နေမည်ဆိုတာ သိနေ၏။ ဒီနေ့ တနင်္ဂနွေနေ့မို့ ပုံမှန်အတိုင်း အလုပ်ပိတ်သည့်နေ့တွင် သူငယ်ချင်းများနှင့် တွေ့ဖို့ ဥာမှုလောက် တက်ကြွနေမိခြင်းလည်း ဖြစ်သည်။

ဆုံနေကျလက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ သူငယ်ချင်းများကို တစ်ဦးတစ်လေမှ မတွေ့ရသဖြင့် အပျော်ခံစားခဲ့ ပြန်ငုပ်သွား၏။ ပဲနံပြားနှင့် ပေါင်းဆိမ့်မှာပြီး အချိန်ဆွဲစားသောက်ရင်း လမ်းသွား



www.burmeseclassic.com

www.burmeseclassic.com

လမ်းလာများကို ရှိုးနေလိုက်သည်။ အချိန်က ရှစ်နာရီခွဲ ဒီကောင်တွေ အိပ်ရာက မနိုးသေးတာလား။ သော်ကနှင့် မင်းဝေ နှစ်ယောက်လုံး ကုမ္ပဏီတွင် အလုပ်ဝင်နေကြပြီမို့ အလုပ်အားရက်မှာ လိမ့်အိပ်နေကြတာပဲ ဖြစ်မည်။

ကျောင်းတုန်းက မခွဲစတမ်း တွဲခဲ့ကြသော်လည်း အလုပ်ကိုယ်စီဝင်ပြီးနောက် တနင်္ဂနွေတစ်ရက်သာ ဆုံနိုင်တော့သည်။ ဒီတွေ့ဆုံပွဲကို သူတို့သုံးယောက်လုံး ပျက်ကွက်လေ့မရှိကြ။ စိတ်ရှည်ရှည်ထားပြီး စောင့်ဖို့ပဲ ရှိသည်မို့ ဝမ်းကို အစာဖြည့်ပြီးနောက် မျက်စေ့ကို အစာကျွေးလိုက်၏။

မြင်မြင်သမျှ အနုအလှလေးတွေကို ရှုတိုင်းယဉ်နှင့် ချိန်ထိုးတိုင်းတာ ကြည့်နေမိသည်။ ဘယ်သူမှ ရှုတိုင်းယဉ်ကို မမီဟု သူ အကဲဖြတ်နေမိ၏။ ရှုတိုင်းယဉ်က သူ့ကို အဆုံးတိုင်ညို့ယူဖမ်းစားသိမ်းပိုက်သွားခဲ့ပြီဖြစ်သည်။ ဒါဆို အမြန်ဆုံးရှေ့တိုးဖို့ပဲ ရှိတော့သည်ပေါ့။ ခက်နေတာက ဒေါ်နန်းယဉ်တို့ သားအမိ၏ လိပ်စာနှင့် ဖုန်းနံပါတ်မှာ အမေ့လက်ထဲတွင်သာ ရှိနေခြင်း ဖြစ်၏။

အချိန်မတိုင်ခင် မေမေ သတိပြုမိသွားအောင်တော့ မလုပ်လိုသေးပါ။ ဒါဆို လေးလေးဆီ တစ်ခေါက်ထပ်သွားပြီး မေးမြန်းစုံစမ်းလျှင် သိနိုင်သည်ဆိုတာ တွေးမိတော့ နည်းနည်းစိတ်အေးသွားသည်။ စားရင်းသောက်ရင်းတွေးရင်းနှင့် လက်ဖက်ရည်က ဘယ်လိုကုန်သွားမှန်း မသိ။ နတ်တင်သလို ခွက်သေးသေးနှင့်မို့ အာသာမပြေသည့်အတွက် မျက်နှာအဟောင်းနှင့် စားပွဲထိုးထံ လက်ဖက်ရည်အသစ်တစ်ခွက် ထပ်မှာလိုက်သည်။

ထိုအခိုက်တွင်မှ သော်ကနှင့် မင်းဝေတို့ စက်ဘီးကိုယ်စီနှင့် ရောက်လာတာ မြင်လိုက်၏။ တအားစကားပြောချင်နေသော ဝင်းမော်ဦး စိတ်သက်သာရာ ရသွားသည်။ မင်းဝေတို့ စက်ဘီးသော့ခတ်ပြီး ဆိုင်ထဲဝင်လာကြ၏။

'ဘယ်လိုကောင်တွေလဲကွာ ဒီလောက်ထိ အိပ်ရသလား'





'ဟ… ညက မန်ယူ အာကြီးပွဲ နှစ်နာရီကျော်မှ ပြီးတာလေ'

'ဟေ… ဟုတ်လား၊ ငါ မကြည့်ဖြစ်လိုက်ဘူး'

ရှုတိုင်းယဉ်က အချိန်ပြည့်အတွေးထဲနေရာယူထား၍ ဘောလုံးပွဲကိုတောင် မေ့သွားသော သူ့အဖြစ်သူ တွေးမိကာ စိတ်ပျက်သွား၏။ ဘောလုံးပွဲကိုတော့ သူလည်းကြိုက်သည်လေ။ မင်းဝေတို့ စားသောက်စရာများ မှာလိုက်ပြီးနောက်…

'ညက ရွှန်းနီသွင်းတဲ့ ဂိုးက ကောင်းလိုက်တာကွာ'

'အေးလေ… စီးစီးနဲ့ ပြီးပြီ အောက်မေ့ကာ တော်သေးတာပေါ့၊ ဆယ်ပြားနိုင်လို့'

မင်းဝေတို့ ပြန်ပြောင်းပြောတာ အကြောင်းသား ငေးကြည့်ရင်း ဝင်းမော်ဦး ဘာမှ ဝင်မပြောနိုင်ရှာ။

'မင်းက ဘောလုံးပွဲရှိတာတောင် မေ့နေရအောင် ဘာလုပ်နေလို့လဲ'

မင်းဝေ၏ အမေးက ဝင်းမော်ဦး မျှော်လင့်နေသော မေးခွန်းပင် ဖြစ်သည်။ ဒါကို ပြောချင်လွန်းလို့ သူ ရူစိတကဲနေတာ မဟုတ်လား။

'အဟင်း… မင်းတို့ ဘောလုံးပွဲထက် အရေးကြီးတဲ့ ကိစ္စရှိနေလို့ပေါ့ကွ၊ ရှေ့လျှောက် မင်းတို့နဲ့ တွေ့ဖို့တောင် အချိန်ပေးနိုင်မယ် မထင်တော့ဘူး၊ ဘာလို့လဲဆိုတော့ အလှနတ်ဘုရားမတစ်ပါးကို အမြဲလို အခစားဝင်ရတော့မှာမို့လေ'

ဝင်းမော်ဦးစကားကြောင့် သော်ကနှင့် မင်းဝေကစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးစေ့စေ့ ဖြစ်သွားကြ၏။ မင်းဝေက…

'ဘယ်မှာ သွား အခစားဝင်ရမှာ… ရွာသာကြီးလား'

'ဟား… မနာလိုစိတ်တွေလည်း အဘိုင်းသား မြင်နေရပါသားကွ'

'ဟေ့ကောင်… အရက်သမားချင်း တစ်ခွက်ပိုသောက်နေနဲ့ မင်းကျူးလွန်ခဲ့တာတွေကို အမှန်အတိုင်း ဖြောင့်ချက်ပေး'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ် ပြစ်မှုထင်ရှားရင် ထင်ရှားသလို စီရင်ချက်ချပေးမှာပေါ့'

နှစ်ကောင်သား မဟာမိတ်ဖွဲ့ပြီး ပြန်ဖွဲ့နေကြတာ တက်ညီလက်ညီ ရှိနေ၏။ သို့သော် ဝင်းမော်ဦး မဖြုံပါ၊ စစ်ချီခြင်းအမှု၌ ကမ္ဘာပေါ်တွင် အမြန်ဆုံးဟု မှတ်တမ်းတင်ခံရသော ဂျာမန်စစ်သူကြီး ဟန်နီဘော်နှင့် မြန်မာစစ်သူကြီး မဟာဗန္ဓုလတို့ကဲ့သို့ ရင်ကော့ ခေါင်းမော့ကာ ရှုတိုင်းယဉ်နှင့် အင်တာဗျူးကို ရယ်ဖီရင် ပြန်ပြလိုက်၏။

'သြော်... သာသနာ့နယ်မြေသွားပြီး မဖွယ်မရာတွေ ပြုခဲ့တယ်ပေါ့'

သော်က၏ မလိုတမာစကားကို ဝင်းမော်ဦးက ရှေးထုံးရှိသည်နှင့် အညီ တုန့်ပြန်ကာကွယ် ပြောဆိုလိုက်သည်။

'ဒါက ရှေးလူကြီးတွေရဲ့ ရိုးရာဓလေ့ကို အစဉ်အလာမပျက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းတဲ့ သဘောပါ၊ ဘုရားလည်း ဖူး ရင်း လိပ်ဥလည်းတူးရင်း ဆိုတဲ့ စကား မင်းတို့လည်း ကြားဖူးရဲ့သားနဲ့ကွာ'

'အင်း... အလျှောက်ကောင်းတော့လည်း သေဒဏ်က တစ်သက်တစ်ကျွန်းလောက်တော့ လျှော့ပေးရမှာပေါ့လေ'

'ဆိုစမ်းပါဦး မင်းဘယ်လို ရှေ့ဆက်မှာလဲ'

မင်းဝေ၏ အပျင်းပြေအမေးကို ဝင်းမော်ဦးက အတင်းဖြေပေးလိုက်၏။

'အီးမေရှာဖိုင်နယ် ဘယ်မှာလဲဆိုတာ စုံစမ်းပြီး သွားတွေ့လို့ ရတယ်ကွာ၊ ဒါမှမဟုတ် လေးလေးဆီ လိုက်သွားပြီး လိပ်စာနဲ့ ဖုန်းနံပါတ်တောင်းလို့ရတယ်ကွာ၊ အီးစီးပဲ'

'အေး... လေးလေးဆိုလို့ မစန္ဒာမော်ကြီး မင်္ဂလာဆောင်ငါရောက်သေးတယ်ကွ၊ ပျော်နေမော်နေလိုက်တာများ မင်းရဲ့ လေးလေးကို ခေါ်ပြီး ပြချင်လိုက်တာကွာ'

'မိန်းမတွေများ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်





ဆိုတာ သိပ်မှန်တာပဲ၊ မင်းကော ရှုတိုင်းယဉ်ရဲ့ ဘယ်နှစ်ယောက်မြောက်လဲ၊ ကိုးရာကိုးဆယ့်ကိုးယောက်မြောက်ပဲလား'

နှစ်ကောင်ပေါင်း ဝိုင်းသမနေသဖြင့် ဝင်းမော်ဦး အတော်ထိခိုက် ဒဏ်ရာရသွားခဲ့၏။

'မင်းတို့ကွာ မဦးမချွတ်'

'ဒါနဲ့ နေစမ်းပါဦး မင်းဦးလေး ရိပ်သာဝင်တာ ခဏခဏပဲနော်'

'အဟင်း... လေးလေးက ဟတ်(ထ်)အတက်(ခ) သုံးကြိမ်ဖြစ်ဖူးတယ်လေ၊ သုံးကြိမ်စလုံး အရေးပေါ်ကုသဖို့ ရိပ်သာဝင်ခဲ့တာချည်းပဲ'

'ဟေ... အဲလိုလား မှတ်သားလောက်ပါပေတယ်ကွာ ဟား... ဟား... ဟား'

ဝင်းမော်ဦး၏ အဖြေကြောင့် သော်ကနှင့် မင်းဝေ ဟားတိုက်လိုက်ကြ၏။ သော်ကက စပ်စုချင်ဟန်နှင့်...

'လုပ်စမ်းပါဦး မင်းဦးလေးရဲ့ နှလုံးသားမြို့ဟောင်း တူးဖော်မှု အစီရင်ခံစာတွေ ငါတို့ကော မသိရဘူးလား၊ ဆောင်ရန်ရှောင်ရန်နဲ့ မှတ်သားစရာလေးတွေများ ရမလားလို့'

'နောက်ဆုံးပိတ် စန္ဒာမော်နဲ့ ပုံရိပ်ဟောင်းက မင်းတို့လည်း သိပြီးသား မဟုတ်လား၊ ငါငယ်ငယ်က ပထမဆုံးကြုံခဲ့တဲ့ လေးလေးရဲ့ အချစ်ဦးပုံပြင်ကို အရင်ဆုံးပြောပြမယ်၊ နှလုံးသားမြို့ဟောင်း တူးဖော်မှု အစီအရင်ခံစာ အမှတ်(၁)ပေါ့ကွာ'

* * *

ကိုအောင်လွင် တစ်ယောက် အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းမှ မန္တလာကားဂိတ်တွင် ရောက်နေသည်။ သူ့လက်ထဲမှာ သူနှင့် မတိမ်းမယိမ်း ကောင်မလေးတစ်ယောက်၏ ဓာတ်ပုံတစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ပါလာသည်။ နာမည်က ခင်မာလာတဲ့။ ဒါ သူ့ယောက်ဖ၏ တူမဖြစ်ပြီး ရန်ကုန်တွင် ကျောင်းတက်ဖို့ မန္တလေးမှ ရောက်လာမည်မို့ ကြိုဖို့ သူရောက်နေခြင်း ဖြစ်၏။

သူ့အစ်မ စန်းယုမော်က နိုင်ငံခြားသင်္ဘောလိုက်သည့် ကက်ပတိန်တစ်ယောက်၏ ဇနီးဖြစ်၍ ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ ယောက်ဖက သဘောကောင်းသူ ဖြစ်သည်မို့ အောင်လွင့်ကို အော့(ဖ်)ဆက် ထောင်ထားပေး၏။ ထိုသုပ်ငန်းနှင့်ပင် အောင်လွင် အဆင်ပြေနေခဲ့သည်။ အစ်မတွင် တက္ကသိုလ်တက်နေသော သားတစ်ယောက်သာရှိသည်မို့ အစစအရာရာ ချောင်လည် အဆင်ပြေကြသည်။

အခု ယောက်ဖ၏ တူမက ရန်ကုန်တွင် L.C.C.I သင်တန်းလာ တက်မည်ဆိုတော့ ယောက်ဖ ကိုခင်ဦးက တာဝန်ယူလက်ခံလိုက်သည်မို့ အောင်လွင် လာကြိုနေရခြင်း ဖြစ်၏။ ကိုခင်ဦး သင်္ဘောပြန်တက်ဖို့ အလုပ်တွေ များနေသဖြင့် ကြိုဖို့တာဝန်က အောင်လွင့်ထံ ရောက်လာခြင်းပင်။

လွှဲမည်စိုး၍ ဝီဒီယိုပိုမိသဖြင့် အောင်လွင် ရောက်တာ စောနေသည်။ သို့နှင့် ကားဂိတ်အနီး လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်နေရ၏။ ဆိုင်ထိုင်ရင်း ခင်မာလာ ဓာတ်ပုံကို ထုတ်ပြီး ရှုစားနေမိ၏။ ခင်မာလာက မန္တလာသူ ညိုချောလေးဖြစ်သည်။ သူလေးက အိမ်မှာပင် နေမည်ဆိုတော့ ဘာပဲဖြစ်ဖြစ် လက်တည့်စမ်းသည့် အနေနှင့် အတူနေ အခွင့်အရေးများကို အသုံးချပြီး အမိအရသိမ်းပိုက်ရန် ကြံစည်ထား၏။ သူကတော့ ခင်မာလာ့ ဓာတ်ပုံကြောင့် ရုပ်သွင်မြင်ဖူးပြီး ပြစ်များနေသော်လည်း ခင်မာလာက သူ့ကို တွေ့ဖူးသေးသည် မဟုတ်။ ဓာတ်ပုံထဲက အတိုင်းဆိုလျှင် မတော်တဆ ညားသွားလည်း အရှုံးမရှိဟု တွက်ပြီး အောင်လွင် အားကြိုးမာန်တက် ဖြစ်နေသည်။

လက်ဖက်ရည်တစ်ခွက်နှင့် စီးကရက်သုံးလိပ်အကုန်တွင် ခရီးသည်တင် အဝေးပြေးကားကြီး ထိုးဆိုက်လာသည်။ အောင်လွင် ပိုက်ဆံရှင်းပြီး ကားဆီသို့ ပြေးကာ ပြတင်းပေါက်မှ လှမ်းမြင်ရသမျှ





မိန်းကလေးများကို ဖြူးဖြူးပြဲပြဲ လှမ်းကြည့်နေမိ၏။ ကားတစ်ပတ်သာ ပြည့်သွားသည် ခင်မာလာနှင့် တူသူကို မတွေ့၍ စိတ်ပူသွားသည်။ သေချာအောင် ကားတံခါးပေါက်က သွားစောင့်လိုက်၏။

ခရီးသည်များ တစ်ယောက်ချင်း ဆင်းလာကြသည်မို့ အားလုံးကို အောင်လွင် သေချာမြင်နေရသည်။ သို့သော် ခင်မာလာကို မတွေ့။ ကားပေါ်မှ လူကုန်သွားသည့်တိုင် မတွေ့သဖြင့် အောင်လွင် စိတ်ပျက်သွား၏။ ကားလိုင်းနာမည်နှင့် ကားနံပါတ်မများဘဲ လူမတွေ့သဖြင့် စဉ်းစားရခက်နေသည်။

သို့နှင့် ယောက်ဖဆီ ဖုန်းလှမ်းဆက်ရ၏။ ယောက်ဖက မနက်ကပဲ သူ့ဆီ ဖုန်းဆက်သေးကြောင်း အဲဒီကားနဲ့ ပါလာတာ သေချာကြောင်း မျက်စေ့လျှမ်းတာဖြစ်မှာ သေချာရှာဟု ထပ်မံနိုင်းစေ၏။ ပြီးတော့ ခင်မာလာ၏ လက်ကိုင်ဖုန်းနံပါတ်ကိုလည်း ပေးသည်။ လူမတွေ့ရင် ဖုန်းဆက်ပြီး နေရာအတိအကျ ချိန်းကာရှာဖို့ အကြံပေး၏။

အောင်လွင် ဓာတ်ပုံကိုင်ရင်း ကားနားပြန်ကပ်လာရပြန်သည်။ မိန်းကလေးမှန်သမျှ စူးစူးရဲရဲ ကြည့်ကာ ဓာတ်ပုံနှင့် တိုက်၍ ဟုတ်မဟုတ် စစ်ဆေး၏။ တစ်ချို့က မသိသလို နေလိုက်ကြသော်လည်း တစ်ချို့မိန်းကလေးက ဘုကြည့်ကြည့်သည်။ ထိုသို့ ပြဿနာတက်လုနီးပါး ရှာသော်လည်း ခင်မာလာကိုကား မတွေ့၊ ပျောက်ချင်းမလှ ပျောက်နေလေ၏။ နောက်ဆုံးတော့ ခင်မာလာ့ ဖုန်းကိုသာ လှမ်းဆက်လိုက်ရတော့သည်။

'ဟဲလို… ခင်မာလာ လား'

'ဟုတ်ပါတယ်'

'ဒါဆို မန္တလာကားနဲ့ ပါလာသလား အခု ဘယ်မှာလဲ၊ ကျွန်တော်က ခင်မာလာ့ကို လာကြိုတဲ့သူပါ'

'ဟုတ်ကဲ့ ပါလာပါတယ်၊ ဒါဆို ရှင်က ကိုအောင်လွင်ပေါ့၊ ကျွန်မလည်း ခုပဲ အန်ကယ့်ဆီ ဖုန်းဆက်နေတာ'

'ဟုတ်လား ဒါဆိုရင်တော့ အံ့သြစရာကြီးဗျာ၊ ဘယ်လိုလုပ်


www.burmeseclassic.com

www.burmeseclassic.com


လွဲနေလဲ မသိဘူး၊ ကဲ… ဒါဆို ဒီလိုလုပ် ကျွန်တော် ခင်မာလာတို့ စီးလာတဲ့ ကားခေါင်းရှေ့တည့်တည့်မှာ ရပ်နေမယ်၊ အဲဒီကို လာခဲ့ပါလား'

'အိုကေ'

အောင်လွင် စိတ်အေးလက်အေး ဖုန်းပိတ်ပြီး စောစောက ကားကြီးရှေ့သို့ လျှောက်လာခဲ့၏။ ကားရှေ့တည့်တည့်ရပ်ပြီး ဓာတ်ပုံလေးကိုင်ကာ တောင်မြောက်လေးပါးသို့ ကျီးကန်းတောင်းမှောက် ကြည့်နေလိုက်သည်။ သို့သော် ခင်မာလာကိုတော့ မတွေ့။

'ကိုအောင်လွင် ဆိုတာလား'

တစ်ဖက်သို့လှည့်ပြီး ကောင်မလေးတစ်ယောက်ကို ငေးနေခိုက် အနားကပ်ပြောလိုက်သော အသံကြောင့် အောင်လွင် လန့်သွား၏။ လှည့်ကြည့်တော့ ယောကျ်ားတစ်ယောက်လို ဝတ်စားထားသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ ဂျာကင်နှင့် ဂျင်းဘောင်းဘီ ဝတ်ထားသည့်အပြင် ဦးထုပ်ပါ ဆောင်းထားသေး၏။ အောင်လွင်က အူကြောင်ကြောင်နှင့် ဓာတ်ပုံကို ပြန်ထောင်ကြည့်ရင်း…

'ခင်ဗျားက ဘယ်သူလဲ'

'ကျွန်တော် ခင်မာလာ လေ'

'ဗျာ… ဟုတ်လို့လား၊ ပုံထဲမှာ ဆံပင်အရှည်ကြီးနဲ့'

ခင်မာလာဆိုသူက အောင်လွင့် လက်ထဲက ဓာတ်ပုံကို လှမ်းကြည့်ရင်း…

'အဲဒါ လွန်ခဲ့တဲ့ သုံးနှစ်ကပုံ ကျွန်တော်က ဓာတ်ပုံရိုက်တာ သိပ်ဝါသနာပါတာ မဟုတ်ဘူး'

အောင်လွင်က မယုံသင်္ကာနှင့် ကြည့်ရင်း…

'ဆံပင်အတိုအရှည်တင် မကဘူး၊ ရုပ်ပါ မတူတာဗျ'

'ဟား… ခင်ဗျား တော်တော်ရစ်တဲ့ လူပဲ၊ အဲဒါ ဆံပင်တုနဲ့ ဆိုင်မှာရိုက်ထားတာဗျ၊ ကျွန်တော် ခင်မာလာ အစစ်၊ အိမ်ရောက်လို့ အန်ကယ်နဲ့ တွေ့ရင် အဖြေက ရှင်းသွားမှာပဲ မဟုတ်လား'



ခင်မာလာပြောတာ နည်းလမ်းကျနေသဖြင့် အောင်လွင် ဘာမှ အတွန့်မတက်နိုင်တော့။

'ဒါဆိုလည်း ပြီးတာပဲ၊ ပစ္စည်းတွေများလား၊ ဘာတွေသယ်ပေးရမလဲ၊ ကျွန်တော့်မှာ ကားပါလာတယ်'

'မများပါဘူး၊ သေတ္တာတစ်လုံးနဲ့ အိတ်တစ်လုံးပါပဲ၊ ကျွန်တော့်ဟာ ကျွန်တော် သယ်ပါ့မယ်'

ခင်မာလာက သူ့ပစ္စည်းတွေသူ သွက်သွက်လက်လက် သယ်မလိုက်သဖြင့် အောင်လွင်လည်း ကားရှိရာသို့ ဦးဆောင်ထွက်လာရ၏။ ကားဆီရောက်မှ နောက်ဖုံးဖွင့်၍ ခင်မာလာ၏ ပစ္စည်းများကို ထည့်ပေးလိုက်သည်။

ခင်မာလာက ဦးထုပ်ချွတ်၍ ယပ်ခပ်နေ၏။ ခုမှပဲ သူ့မျက်နှာကို ရှင်းရှင်းလင်းလင်း မြင်ရသည်။ ဓာတ်ပုံထဲက ရုပ်နှင့်တော့ သိပ်မတူလှ။

'ကဲ… ခင်မာလာ တက်လေ သွားကြရအောင်'

'ဟုတ်ကဲ့'

ခင်မာလာက ရှေ့ခန်းမှာပင် ဝှံ့ဝှံ့ရဲရဲ ဝင်ထိုင်သည်။ အောင်လွင် ကျေနပ်စွာနှင့် ကားမောင်းထွက်လာခဲ့၏။ သူ့စိတ်ထဲမှာတော့ ဝေခွဲမရ ဖြစ်နေသေးသည်။ ခင်မာလာက ယောကျ်ားလျာလား ဒါမှမဟုတ် မန္တလေးသူပီသစွာ ကျွန်တော်… ကျွန်တော်ဟု ပြောနေတာလား၊ သိပ်သိချင်လာသည်။

'အရင်က ရန်ကုန်ကို ရောက်ဖူးလား'

'ဟင့်အင်း… ဒါ ပထမဆုံးပဲ'

'ကိုကြီးက သင်္ဘောပြန်တက်ဖို့ ကိစ္စတွေ ရှုပ်နေလို့ ကျွန်တော့်ကို ကြိုခိုင်းလိုက်တာလေ'

'ဟုတ်ကဲ့ ဖုန်းထဲမှာ အန်ကယ်ပြောပါတယ်၊ အိမ်မှာ အန်တီတော့ ရှိမှာပေါ့'

'မမ ရှိပါတယ် ခင်မာလာ'

www.burmeseclassic.com


‘တော်သေးတာပေါ့၊ အန်တီနဲ့ သုံးခါလောက်တော့ တွေ့ဖူးပါတယ် မှတ်မိမှာပါ’

‘ဟဲ… ဟဲ မမှတ်မိလည်း ရပါတယ်ဗျာ၊ ဒါ လိမ်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ’

‘အဟင်း… အိမ်မှာ မောင်လေးတော့ ရှိမှာပါနော်’

‘ဝင်းမော်ဦးနဲ့ ဆုံဖူးလို့လား’

‘မဆုံဖူးပါဘူး၊ သင်တန်းတက်ဖို့ စုံစမ်းရင် မောင်လေးရဲ့ အကူအညီယူရမှာလေ’

‘ဟာ… ဒါကတော့ ကျွန်တော်လည်း ကူညီပေးလို့ ရပါတယ်’

‘ဒါဆိုရင်တော့ ကျေးဇူးပါပဲ’

အိမ်အပြန်လမ်းတွင် လေပေးဖြောင့်လာတော့လည်း ခင်မာလာ၏ လေယူလေသိမ်းနှင့် စကားပြောဟန်ကို အောင်လွင် နှစ်ခြိုက်စွဲလန်းသွားပြန်သည်။ သူ့ဟာသူ မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားစိတ်ပဲ ပေါက်ပေါက် မလွတ်တမ်း ကြိုးပမ်းတော့မည်ဟု အောင်လွင် ဆုံးဖြတ်ချက် ချလိုက်၏။

အိမ်ရောက်ပြီး လူစုံသည့် ညစာထမင်းဝိုင်းကျမှ မနက်က အဖြစ်ကို ပြောပြပြီး ရယ်မောကြရ၏။ အစ်ကိုကြီး ဦးခင်ဦးက…

‘အဟင်း… ငါ့တူမက ငယ်ငယ်လေးကတည်းက ယောကျ်ားလို နေလာတာလေ၊ ငါ့ရှိတဲ့ ဓာတ်ပုံကလည်း ဆိုင်မှာဆံပင်တုတ်ပြီး ရိုက်ထားတာ ဆိုတော့ လွဲမယ်ဆိုလည်း လွဲချင်စရာပဲပေါ့’

‘ဟင်… ဒါဆို ခင်မာလာက မန္တလေးသူမို့ ကျွန်တော်လို့ ပြောတာ မဟုတ်ဘူးပေါ့’

အောင်လွင့်စကားက တန်လန်းကြီးနှင့် ရပ်သွား၏။

‘ဟုတ်တယ် ယောက်ဖ၊ သတိထား ဆက်ဆံနော် သူ့ကိုယ်သူ ယောကျ်ားလေးလို့ပဲ သတ်မှတ်ထားတာ ပြီးတော့ ကရာတေးလည်း တတ်တယ်’



အစ်ကိုကြီး၏ သတိပေးစကားက လုံးဝပြည့်စုံသွားသည်။ အောင်လွင် စိတ်မသက်မသာနှင့် ခင်မာလာ့ မျက်နှာလှလှလေးကိုသာ ငေးနေမိတော့၏။ ဆယ့်ခုနစ်နှစ်သား ဝင်းမော်ဦးနှင့် နှစ်ဆယ့်ငါးနှစ်သား အဲ… သမီး ခင်မာလာတို့ကတော့ မောင်နှမဝမ်းကွဲများဟူသော အသိနှင့် ချက်ချင်းဆိုသလို အကျွမ်းတဝင် ဖြစ်သွားကြ၏။

သုံးဆယ်အရွယ် အောင်လွင်မှာသာ လူကြီးဝိုင်းဝင်မရ၊ လူငယ်ဝိုင်း ပါမရနှင့် သင်းကွဲမျောက် ဖြစ်နေခဲ့သည်။ သို့သော် အကြံအစည်နှင့် အောင်လွင်က ကျောင်းတက်နေရသော ဝင်းမော်ဦး မအားလပ်တာကို အကြောင်းပြုပြီး ခင်မာလာ၏ သင်တန်းကိစ္စ စုံစမ်းခြင်း၊ ပို့ဆောင်ခြင်း၊ သွားကြိုခြင်းတို့ကို တရားဝင် လုပ်ခွင့်ရခဲ့၏။

သည်တော့ ခင်မာလာ၏ ယုံကြည်ကိုးစား ခင်မင်မှုကို ရခဲ့သည်။ ရန်ကုန်မြို့တွင် ထင်ရှားသည့်နေရာများ မရောက်ဖူးတာ မရှိရလေအောင် အကုန်အစုံလိုက်ပို့ပေး၏။ နာမည်ကြီး အစားအသောက်များ မစားဘူးတာ မရှိအောင်လည်း လိုက်လံပို့ဆောင် ကျွေးမွေးခဲ့သည်။

သူ့ဦးလေး အောင်လွင်၏ ယောက်ဖက ခင်မာလာရောက်လာပြီး ဆယ်ရက်အတွင်းမှာပင် သင်္ဘောတက်ဖို့ ထွက်ခွာသွားခဲ့သည်။ ခင်မာလာ့တာဝန်က ဒေါ်စန်းယုမော်နှင့် အောင်လွင်တို့အပေါ်သာ ပုံကျလာခဲ့၏။

သည်တော့ အောင်လွင် ပိုပြီး အကြိုက်တွေ့သွားခဲ့သည်။ အပြင်ပဲ ထွက်ထွက် အိမ်မှာပဲနေနေ အောင်လွင်က ခင်မာလာ့ ကိုယ်ရံတော် ဖြစ်ခဲ့၏။ ဤသို့နှင့် ရင်းနှီးမှုတွေ အရောင်ရင့်လာသည့်အခါ အောင်လွင် သွေးတိုးစမ်းတော့သည်။

‘မာလာ’

‘ဘာလဲဗျာ’

‘မာလာက တော်တော်ချောတယ် သိလား၊ မိန်းကလေးပီပီသသသာ နေရင် ကောင်လေးတွေ ဝိုင်းနေမှာပဲ’


www.burmeseclassic.com

www.burmeseclassic.com

'ဟာ… ကိုအောင်ကလည်းဗျာ ဘာတွေ လာပြောနေတာလဲ မသိဘူး'

'တကယ်ပြောတာ မာလာ၊ မိန်းကလေးပုံစံနဲ့သာဆို ကိုအောင် တောင် အရင်ဆုံး ရည်းစားစာ ပေးမိမလား မသိဘူး'

အောင်လွင့်စကားအဆုံးမှာ ခင်မာလာ ဝုန်းခနဲ ထရပ်၏။ ပြီးတော့ လက်သီးဆုပ်နှစ်ဖက် အသင့်ပြင်ကာ…

'ခင်ဗျား… ဘာစကားပြောတာလဲ၊ ကျွန်တော် ဒေါသထွက် လာပြီနော်'

ခင်မာလာ၏ အသင့်အနေအထားကြောင့် အောင်လွင် တော် တော်ဖြုသွားရသည်။

'ဘာ… ဘာဖြစ်တာလဲ ခင်မာလာ၊ ကိုအောင်က အမှန် အတိုင်းပြောတာ မာလာကောင်းစေချင်လို့ ကိုယ့်ကိုယ်ကို အမှန်အတိုင်း မြင်စေချင်လို့ပါ'

အောင်လွင့် အပြောကြောင့် ခင်မာလာ့ လက်သီးဆုပ်များ ပြေကျသွား၏။ ရုတ်တရက် ဆိုသလို မျက်ရည်များဝေ့လာပြီး ချာခနဲ လှည့်ကာ သူ့အခန်းထဲ ပြေးဝင်သွားတော့သည်။ ထိုအခါမှ အောင်လွင် လည်း သက်ပြင်းချမိရ၏။

နောက်နေ့များတွင် ပုံမှန်အတိုင်း သင်တန်းကြိုပို့ လုပ်ပေး သောအခါ မာလာ စကားနည်းသွားသော်လည်း ရန်လိုမှု မကျေမနပ် မှုတို့တော့ မပြ။ ထို့အတွက် စိတ်သက်သာရာ ရမိပြီး…

'မာလာ… စိတ်မဆိုးရင် တစ်ခုလောက် ပြောချင်တယ်'

'ပြောပါ ကိုအောင်'

'ဟိုလေ… မာလာ၊ မိန်းကလေးအင်္ကျီလေးတွေ ဝတ်ကြည့် ပါလား ဟင်'

'ဟာ… ကိုအောင်ကလည်းဗျာ'

မျက်နှာအမူအရာနှင့် စိတ်ခံစားမှုကို အကဲခတ်တော့ ရေခူ မှော်မရောက်သေးတာ သိနေရသဖြင့် ရှေ့ဆက်မိ၏။





'အကောင်းပြောတာ မိန်းကလေးပုံစံ ဝတ်ထားတဲ့ မာလာ့ပုံစံ ကို ကြိုမြင်ပြီး ချစ်တယ်လို့ ပြောချင်နေမိလို့'

'ကိုအောင်ရာ တော်ပါတော့ဆို'

'ကောင်းပါပြီ မာလာ၊ အဲဒီလိုနေ့မျိုးကို စောင့်ရင်း ကိုအောင့် စကားတွေကို ဆိုင်းငံ့ထားလိုက်ပါမယ်'

ခင်မာလာ့ထံမှ တုံ့ပြန်စကား မကြားရသလို အောင်လွင် လည်း နှုတ်ဆိတ်သွားခဲ့၏။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး တစ်ပတ် ဆယ်ရက် အစမဖော်တဲ့ နေလိုက်သည်။ ထိုရက်များအတွင်း မာလာ သူနှင့် ဆုံတိုင်း ရှက်ရွံ့ခြင်း ဝတ်ရုံကို ခြုံလွှမ်းထားတတ်၏။

အောင်လွင်ကလည်း ဆုံတိုင်း ဆုံတိုင်း ချစ်ရည်ရွှမ်းသည့် မျက်ဝန်းလဲ့ကြီးများနှင့် အဓိပ္ပါယ်ပြင် ကြည့်တတ်သည့်ကိုး။ ဘယ်ပညာရှိ ကမှန်းမသိ ပြောတာ သူရေးတေးတေး မှတ်မိနေသည်။ ဘာတဲ့… ကိုယ်နဲ့ ဆုံတိုင်း အဲဒီမိန်းကလေးက ရှက်ရှက်နေမယ်ဆိုရင် အဲဒါ မင်းကို စိတ်ဝင်စားနေလို့ပဲတဲ့။ ထိုအယူအဆကို အောင်လွင် ရာခိုင်နှုန်း တစ်ရာအထိ ပစ်စလက်ခတ် ထောက်ခံမိ၏။

သူနှင့်ဆုံတိုင်း ရှက်တတ်နေသည့် ခင်မာလာ၏ အမူအရာကို အရသာရှိရှိ စားသုံးရင်း ရက်စွဲများကို ဖြတ်သန်းခဲ့ပြီးနောက် အချစ်တွေ ပေါက်ကွဲကာ ပွင့်လင်းမြင်သာသည့် ဘဝကို ပိုင်ဆိုင်ခွင့်ရခဲ့တော့ သည်။

ဖြစ်ချင်တော့ ထိုညက ခင်မာလာ အောင်လွင့်အခန်းသို့လာ ၍ အေရှင်နရီစာအုပ် ငှားသည်။ အောင်လွင် စာအုပ်ရှာပေးနေစဉ် မီးပျက်သွား၏။ ထိုအခါမှ ခင်မာလာ မိန်းမပီသစွာ ကြောက်သွားပြီး အောင်လွင့်ကို တကြော်ကြော်ခေါ်သည်။ အောင်လွင် ကမန်းကတန်း နှင့် ထအလာ မှောင်ထဲတွင် နှစ်ယောက်သား ဝင်တိုက်မိကြသည်။ ခင်မာလာက အားကိုးရာရသွားသလို အတင်းဖက်ထား၏။

အောင်လွင်က ပြန်လည်ဖေးမထားရင်း စိတ်မထိန်းနိုင်စွာဖြင့် အာပွားပေးလိုက်မိသည်။ မှောင်ကြီးမည်းကြီးထဲတွင် တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ပွေ့ဖက်ထားရင်း ဆယ်မိနစ်ခန့် ကြာသွား၏။ ဝင်းမော်ဦး မီးစက်နှိုးကာ မီးချိန်းလိုက်မှ လူချင်းခွာဖြစ်ကြသည်။ ခင်မာလာက မှုမှုနဲ့နဲ့ဟန်နှင့် အောင်လွင်၏ လက်မောင်းကို သူ့လက်သီးဆုပ်လေးများနှင့် မနာအောင်ထုကာ လှစ်ခနဲ ထွက်ပြေး၏။ ဒေရှင်နရီစာအုပ်က ခုတင်ပေါ်မှောက်ရက်လဲကာ ကျန်ခဲ့သည်။

နောက်နေ့မှစ၍ သူတို့နှစ်ယောက် ချစ်သူများဖြစ်သွားကြ၏။ သွားအတူ လာအတူ စားအတူ ဖြစ်သည့်အပြင် တစ်အိမ်ထဲမှာပါ တူနေရသဖြင့် သူတို့ချစ်သူဘဝက အခြားစုံတွဲများထက် ပို၍ နီးစပ်မှု ရှိခဲ့သည်။ ဤသို့နှင့် အရင်းနှီးဆုံးသော ချစ်သူများအဖြစ် တစ်နှစ်တာ ကာလကို ဖြတ်သန်းနိုင်ခဲ့ကြ၏။ ထို့ပြင် ခင်မာလာ ပုံစံပြောင်းကာ မိန်းကလေးအဝတ်အစားများ ဝတ်လာခဲ့သည်။ ဒေါ်စန်းယုမော်နှင့် ဝင်းမော်ဦးတို့က သူတို့နှစ်ယောက်အကြောင်း ရိပ်မိသော်လည်း မသိချင်ယောင်ဆောင်ကာ သဘောတူခွင့်ပြုခဲ့ကြသည်။ သို့သော် ကံကြမ္မာ အလှည့်အပြောင်းက ချစ်သူနှစ်ဦးအား ကွေကွင်းဖို့ ဖန်တီးလာခဲ့၏။ စာတော်လွန်းသော ခင်မာလာ စင်္ကာပူထိသွားကာ ပညာဆက်သင်ဖို့ အခွင့်အရေးပေါ်လာခဲ့သည်။

ထိုအခွင့်အရေးကို ခင်မာလာက လက်လွှတ်မခံနိုင်၊ အောင်လွင်က မခွဲနိုင်၊ နောက်ဆုံးတော့ အနာဂတ်ရေးအတွက် အောင်လွင်က ပဲ တစ်ထစ်လျှော့ကာ ခင်မာလာကို စင်္ကာပူသို့ တစ်နှစ်လွှတ်လိုက်ရသည်။ ကျန်ခဲ့သော အောင်လွင်တစ်ယောက် ငါးရံ့ပြာလူးသလို ဖြစ်ကျန်ရစ်သည်။ ခွဲခွာကာစ အစောပိုင်းကာလများတွင် ဖုန်းဆက်၊ စာရေး၊ အင်တာနက်သုံးကာ အလွမ်းကို ပုံဖော်ခဲ့ကြ၏။

သို့သော် မီးဝေးချိတ် ဆိုသည့်စကားအတိုင်း တဖြည်းဖြည်းနှင့် အဆက်အသွယ် ကျဲလာသည်။ တစ်ပတ်တစ်ခါမှ တစ်လတစ်ခါ ထိုမှ လုံးဝအဆက်အသွယ် ပြတ်သွားခဲ့၏။ အောင်လွင် နည်းမျိုးစုံနှင့် ဆက်သွယ်သော်လည်း လုံးဝအကြောင်းပြန်ကြားမှု မရတော့။ ခင်မာလာထွက်သွားပြီး ခြောက်လအကြာတွင်တော့ အောင်လွင့်ထံ ဖိတ်စာ တစ်စောင် ရောက်လာလေသည်။





ခင်မာလာနှင့် စင်္ကာပူနိုင်ငံသား တရုတ်တစ်ယောက်တို့၏ မင်္ဂလာပွဲဖိတ်စာ ဖြစ်၏။ ထိုဖိတ်စာကို ရပြီးနောက် အောင်လွင် အရူးမီးဝိုင်း ဖြစ်သွားခဲ့သည်။ နှလုံးသားကော ဦးနှောက်ပါ ချွတ်ခြုံကျသွားပြီး အသောက်သမားကြီး ဖြစ်ခဲ့ရသည်။ နှစ်လလောက် ပေတေပြီးမှ အစ်မဖြစ်သူ စန်းယုမော်၏ ဖျောင်းဖျနားချမှုကြောင့် အောင်လွင်ရိပ်သာဝင်ကာ ဘုရားကု ကုခဲ့၏။ ရိပ်သာတွင် နှစ်လကြာတရားအားထုတ်ပြီးမှ အောင်လွင် ပုံမှန်ပြန်ဖြစ်သွားခဲ့ရသည်။

* * *

'ဒါဆိုရင်တော့ မင်းဦးလေး ညံ့တာပါကွာ၊ တစ်အိမ်တည်း နေခဲ့ကြတာပဲဟာ'

'အေးလေ ကိုယ့်လက်ထဲကဟာ လွှတ်ထွက်သွားရတယ်လို့ စင်္ကာပူမသွားခင်မှာ အပိုင်သိမ်းထားလိုက်ရမှာ စရံပဲခေါ်ခေါ် အမြည်းပဲပြောပြော'

သော်ကနှင့် မင်းဝေတို့ တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ကြ၏။

ဝင်းမော်ဦး ပြုံးရုံသာ ပြုံးနေလိုက်သည်။ လက်ဖက်ရည်တစ်ငုံငုံလိုက်ပြီးမှ...

'အဲဒါကြောင့် မိန်းမဆိုတာ လက်သာရာ ပျော်တတ်တဲ့ အမျိုးလို့ ငါ့ဦးလေးက ခဏခဏ ပြောနေတာပေါ့'

'အဲဒီ အယူအဆအပေါ် မင်းကော ဘယ်လိုသဘောရလဲ'

'ဒါက လူအမျိုးမျိုး စိတ်အထွေထွေ ဆိုသလိုပေါ့ကွာ၊ ယေဘုယျဆန်လွန်းတဲ့ မှတ်ချက်လို့ပဲ ငါထင်တယ်၊ စီဗန့် ဝန်းကျင်ရဲ့ ပြဋ္ဌာန်းမှုကလည်း လွှမ်းမိုးမှု ရှိနိုင်တယ်လေ၊ ပြီးတော့ ကိုယ်ကျင့်တရား ကောင်းတဲ့သူက ပေါ့ပေါ့တန်တန် မဆုံးဖြတ်ဘူးကွ'

မင်းဝေ၏ အမေးကို ဝင်းမော်ဦး ရှည်ရှည်ဝေးဝေးအဖြေပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ နှစ်ယောက်သား စဉ်းစားခန်းဝင်သွားသလို ငြိမ်သက်သွားကြသည်။ ခဏကြာမှ မင်းဝေက နာရီကြည့်ရင်း...

'ဟာ... ဆယ်နာရီတောင် ထိုးတော့မယ်၊ မင်္ဂလာဆွမ်းကျွေး တစ်ခု သွားရဦးမှာကွ၊ ငါ လစ်တော့မယ်'

လူမှုရေး၊ စီးပွားရေး အရှုပ်များကြောင့် သူတို့သုံးယောက်၏ တွေ့ဆုံဆွေးနွေးပွဲက စောစောစီးစီး ပြီးဆုံးသွားခဲ့ရသည်။

❒ ❒ ❒



## အခန်း(၃)

ဝင်းမော်ဦး ရွှေနံ့သာသို့ နောက်တစ်ကြိမ် ရောက်လာခဲ့ရပြန်၏။ သူ့လက်ထဲမှာ လေးလေးကို အပြတ်ဖားဖို့ Orange ကုန်တိုက်မှ ဝယ်လာသော ရယ်ဒီမိတ် ငါးခြောက်ဖုတ်၊ ငပိကြော်နှင့် သရက်သီးသနပ်များ ပါလာ၏။ ဒီတစ်ခါတော့ လေးလေးတို့ ယောဂီများ တရားထိုင်နေချိန် ဖြစ်၍ ဝင်းမော်ဦး ထိုင်စောင့်နေရသည်။

နာရီဝက်လောက်ကြာမှ ဓမ္မသဘင်ခန်းမကြီးထဲမှ ယောဂီများ စည်းကမ်းတကျ ထွက်လာကြတာ တွေ့၏။ ဝင်းမော်ဦး လေးလေးထံ လျှောက်သွားလိုက်သည်။ လေးလေး သူ့ကိုမြင်တော့ အံ့ဩသွားပုံရ၏။ ဝင်းမော်ဦး သူ့ထံသို့ လာလေ့လာထ သိပ်မရှိဘဲကိုး။

'အံ့မယ်... ငါ့တူ ဘယ်က ဘယ်လို မျက်စေ့လည် လမ်းမှား လာတာလဲ'

'လမ်းမှားစရာလား လေးလေးရာ၊ သတိရနေလို့ ပြီးတော့ နေထိုင်ကောင်းရဲ့လား ဆိုတာလည်း သိချင်တာရယ်၊ အစားအသောက်လေးတွေ ပို့ချင်တာရယ်ကြောင့် လာခဲ့တာ'

'အဟင်း... ဝင်းမော်ဦး တူအရိုးချင်းပဲ ပွင့်ပွင့်လင်းလင်းပြောကွာ၊ ထုံးစံမဟုတ်တာတွေ လုပ်မနေပါနဲ့၊ မင်း ဘာသိချင်တာလဲ'

လေးလေးက ပေါ်တင်ကြီးမေးတော့ ဝင်းမော်ဦး နည်းနည်း ရှက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား လူရှင်းပြီး အရိပ်ရသော အပင်အောက် ခုံတန်းတစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

'ဆိုစမ်း… ငါ့တူ'

'အဟဲ… လေးလေး ဟိုဟာဗျာ'

'ရှက်မနေစမ်းပါနဲ့ကွာ၊ ပြော… ဘာသိချင်တာလဲ'

'အင်း… ဟိုဒင်း… ဟိုလေ… ဒေါနန်းယဉ်တို့ လိပ်စာနဲ့ ဖုန်းနံပါတ်လေး သိချင်လို့ လေးလေးရ အဲဒါ…'

'ဟား… ဟား… ဟား ဝင်းမော်ဦး… ဝင်းမော်ဦး၊ ရှုတိုင်းယဉ်လေးကို စိတ်ဝင်စားရင်လည်း ဝင်စားတယ်လို့ ရှင်းရှင်းပြောစမ်းပါကွာ'

'ဟာ… လေးလေးကလည်း တိုးတိုးပြောစမ်းပါဗျာ'

လေးလေးက လှောင်သလို ရယ်မောပြီး ရှုတိုင်းယဉ်အကြောင်း အော်ကြီးဟစ်ကျယ် ပြောလာသဖြင့် ဝင်းမော်ဦး သတိပေးလိုက်ရ၏။ အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကို နှိုက်၍ လိပ်စာကဒ်တစ်ခု နှိုက်ယူကာ လှမ်းပေးသည်။

'ရော့… အိမ်လိပ်စာကော၊ ဖုန်းနံပါတ်ကော ပါပြီးသား၊ မင်း သူတို့ဆီက လက်ဖက်ခြောက်တွေ ဖောက်သည်ယူပြီး ပြန်ဖြန့်မလို့တော့ မဟုတ်ပါဘူးနော်'

'ဟာ… လေးလေးကလည်းဗျာ'

ဝင်းမော်ဦး ရှက်ရှက်နှင့် လိပ်စာကဒ်ကို ကမန်းကတန်း သိမ်း၏။ လေးလေးက အဝေးသို့ ငေးရီရင်း…

'လူတွေပြောတတ်တဲ့ စကားတစ်ခွန်း ရှိတယ်ကွ၊ ဘာတဲ့ အဲ… သမီးကို လိုချင်ရင် အမေကို အရင်ကြည့်တဲ့ ဆိုလိုတာက ကိုယ်သဘောကျတဲ့ မိန်းကလေးတစ်ယောက် နောက်နှစ်သုံးဆယ်လောက်မှာ ဘယ်လိုပုံစံရှိနေမလဲ ဆိုတာ သူ့အမေကို ကြည့်ရင် သိနိုင်တယ်လို့ ဆိုလိုတာ'

လေးလေး၏ စကားကြောင့် ဝင်းမော်ဦး ဝန်းကျင်ကို မလုံ





မလဲ အကဲခတ်ရသေးသည်။ ရောက်နေသည့်ဒေသနှင့် ပြောသည့် စကားတွေက အကြီးအကျယ်လွဲနေသည် မဟုတ်လား။

'တိုးတိုးပြောပါ လေးလေးရယ်'

'အေးပါဟ… ဒီမယ် ငါ့တူ မင်းရွေးတာ မှန်တယ်၊ သူ့အမေ ဒေါနန်းယဉ်တောင် ခုထက်ထိ ခွံ့ခွံ့ချောချောနဲ့ အရွယ်တင်နေတုန်းပဲ မဟုတ်လား၊ မင်းသဘောကျရင် လုပ်ရှားလိုက် ငါသဘောတူတယ်'

'ဟဲ… ဟဲ… ဟုတ်ကဲ့ပါ၊ ကဲ… အဲဒါတွေ အသာထားလိုက်ပါတော့ဗျာ၊ ဒီကိုရောက်တုန်း ကာလဒေသနဲ့ ကိုက်တဲ့ စကားလေး ဘာလေးပြောပါဦး လေးလေးရဲ့'

'အောင်မယ်… မင်းအတွက်လည်း ပြောရသေးတယ်'

'ဟုတ်ပါတယ် ဒါပေမဲ့ စိတ်မလုံလို့ပါ လေးလေးရ'

'ကိုင်း… ဒါဆို တရားဟောပြရမလား'

'ဟား… ဟား… လေးလေးက ဟောတတ်လို့လား'

'သိပ်ရတာပေါ့ ငါ့လူရာ'

'ဒါဆိုလည်း လုပ်ဗျာ၊ ကုသိုလ်လေး တစ်ပဲသားပဲရရပေါ့'

'အဟမ်း… လောကမှာ အရေးကြီးဆုံးက သေခြင်းတရားကို ရင်ဆိုင်တတ်ဖို့ပဲကွ ငါ့တူရ'

'ဟုတ်ကဲ့'

'ဒီတော့ နေမင်းကြီးဟာ မကွယ်ခင်မှာ ကိုယ်တိုင်လည်း တောက်ပ၊ လောကကိုလည်း အလှဆင်သလို လူဟာလည်း မသေခင်မှာ ကိုယ့်အကျိုးလည်း ဆောင်ရွက် သူတစ်ပါးအကျိုးလည်း သယ်ပိုးကြရမှာပေါ့'

'ဟုတ်ကဲ့'

'ကိုယ့်အကျိုးအတွက် ကိုယ်လုပ်တဲ့နေရာမှာ အနာပါနကမ္မဋ္ဌာန်းက အကောင်းဆုံးပဲ၊ ပညာရှိတွေက အနာပါနဟာ နိဗ္ဗာန်ရောက်တဲ့ ဖြတ်လမ်းလို့တောင် ဆိုကြတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်'

'အာနာပါန ဆိုမှတော့ ဝင်သက်ထွက်သက်ကို ရှုမှတ်ရတာပေါ့၊ ဘဝတစ်ခုရဲ့က အသက်ဟာ ဝင်လေထွက်လေဖြစ်လို့ အဲဒါကို သတိကပ်ရှုမှတ်ရတဲ့ အာနာပါနကမ္မဋ္ဌာန်းက သံသရာလွတ်… လမ်း… လမ်း…'

ဝင်းမော်ဦး မျက်နှာအမူအရာကို ကြည့်ရင်း ဦးအောင်လွင် စကားမဆက်သာတော့။ သူ့တူ၏ မျက်စိအကြည့် လားရာကို ရှုလိုက်တော့…

ဒေါ်နန်းယဉ်နှင့် ရှုတိုင်းယဉ်တို့ ယောဂီဆောင်မှ အတူထွက်လာကြတာကို လှမ်းမြင်လိုက်ရသည်။ ဝင်းမော်ဦး၏ ဝင်လေထွက်လေတို့ ဖရိုဖရဲ ကသောင်းကနင်း ဖြစ်နေလေပြီ။ ဒေါ်နန်းယဉ်တို့ သားအမိ အနားရောက်လာခဲ့၏။ ဝင်းမော်ဦးအကြည့်များ ရှုတိုင်းယဉ်ထံမှ မရွေ့တော့သလို လေးလေး၏ တရားလည်း နားမဝင်တော့။

'ဟော… မောင်ဝင်းမော်ဦးလည်း ရောက်နေတာကိုး'

'ဟုတ်ကဲ့ပါ အန်ကီ၊ လေးလေးအတွက် ငပိကြော်တို့ သရက်သီးသနပ်တို့ လာပို့တာပါ ခင်ဗျ'

'ဟုတ်လား သမီးလည်း သောက်ဆေးကုန်သွားလို့ လာပို့တာလေ၊ အန်တီက သွေးတိုးရှိတော့ ဆေးပြတ်သွားလို့ မရဘူးကွဲ့'

'သြော်… ဟုတ်ကဲ့'

ဝင်းမော်ဦးတစ်ယောက် ရှုတိုင်းယဉ်နှင့် မမျှော်လင့်ဘဲ ထပ်မံဆုံတွေ့ခွင့်ရသည့်အတွက် ပျော်နေသည့် မျက်နှာမှာ သိသာလွန်းနေသည်။ မင်္ဂလာရှိသောနေ့မှာ ကံကောင်းခြင်းလက်ဆောင်ကို ရလိုက်သည့်အတွက် အပျော်ဓာတ်တွေ ဖလန်းဖလန်းထကာ တက်ကြွလန်းဆန်းလျက်ရှိ၏။

'ကိုအောင်လွင်ကော… ဒီနေ့ တရားထိုင်ရတာ ထိရဲ့ မိရဲ့လား'

'ဟုတ်ကဲ့ ကောင်းကောင်းကို ရှုမှတ်နိုင်ခဲ့ပါတယ် မနန်းယဉ်'





'ကျွန်မတို့ သေရင် ကိုယ့်နောက်ပါမှာက ဒါပဲ မဟုတ်လား၊ အချိန်ရသရွေ့လေးတော့ ဖိပြီး အားထုတ်ကြရမှာပေါ့'

'ဟုတ်ပါတယ် မနန်းယဉ်'

'သြော်… ဒါနဲ့ မောင်ဝင်းမော်ဦး ပြန်မှာလား၊ ကားပါလား'

'ကားပါပါတယ် အန်တီ ခဏနေရင် ပြန်မလို့ပါပဲ'

'အတော်ပဲကွယ်၊ သမီးက ကားမမောင်းတတ်လို့ တက္ကစီနဲ့ လာရတာလေ လမ်းကြုံခေါ်သွားပေးပါလားကွယ်'

'အို… မေမေ့ကလည်း တက္ကစီနဲ့ပဲ ပြန်ပါ့မယ်'

'မဟုတ်တာပဲ ရှုတိုင်းယဉ်ရယ်၊ ကျွန်တော် အိမ်ထိပြန်ပို့ပေးပါ့မယ် အားမနာပါနဲ့'

'ဟုတ်သားပဲ တူမလေးရယ်၊ ခရီးက အဝေးကြီးဟာကို ဝင်းမော်ဦးနဲ့သာ ပြန်လိုက်သွားပါ၊ ဒါမှလည်း ကျန်ခဲ့တဲ့ အမေ စိတ်ဖြောင့်မှာပေါ့'

လေးလေးကလည်း အတင်းတိုက်တွန်း ပြောဆို၏။ ရှုတိုင်းယဉ် အင်တင်တင်ဖြစ်နေသဖြင့် ဒေါ်နန်းယဉ်က…

'ဘာမှ အားနာစရာ မလိုဘူး သမီး၊ လူကြီးချင်းကလည်း ခမ္မမိတ်ဆွေတွေ သမီးတို့ချင်းလည်း ဆုံပြီးသားပဲဟာ သမီးတစ်ယောက်တည်း တက္ကစီနဲ့ ပြန်တော့ စိတ်ပူနေရမှာပေါ့၊ ဖုန်းဆက်လှမ်းမေးရ ဘာရနဲ့ ဆိုတော့ တရားဝင်ရတာ အနှောင့်အယှက်ဖြစ်တယ်'

'ဟုတ်ပါတယ် ရှုတိုင်းယဉ်ရယ်၊ ဘာမှ အားနာစရာမလိုပါဘူး၊ လိုက်ခဲ့ပါ စိတ်ချ အန်တီ ကျွန်တော်အိမ်အထိ လိုက်ပို့ပေးလိုက်မယ်'

'ကျေးဇူးပါပဲ မောင်ဝင်းမော်ဦးရယ်'

ဝင်းမော်ဦးက ဒေါ်နန်းယဉ်အား အာမခံချက်တွေ ပေးပြီး အပီချုပ်လိုက်သဖြင့် ရှုတိုင်းယဉ် မငြင်းသာတော့။ လေးလေးနှင့် အန်တီက ကားနားထိ လိုက်ပို့ပေးကြ၏။

ဝင်းမော်ဦး ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်တော့ ရှုတိုင်းယဉ်


www.burmeseclassic.com

www.burmeseclassic.com

မတတ်သာပဲ ဝင်ထိုင်ရတော့သည်။ လူကြီးများကို နှုတ်ဆက်၍ ကား မောင်းထွက်လာခဲ့၏။

ဒီနေ့တော့ တွတ်ပီ ရေလည်ကံကောင်းနေပါလားဟု တွေးကာ ဝင်းမော်ဦး အာသွက်လျှာသွက် ဖြစ်နေ၏။ သူစွဲလန်းနှစ်သက်ရသူက သူ့ဘေးမှာ ပုံ့ပုံ့လေးပါလာခဲ့ပြီ မဟုတ်လား။

'ဝမ်းသာလိုက်တာ ရှုတိုင်းယဉ်ရာ၊ ကျွန်တော် အရမ်းသတိရပြီး တွေ့ချင်နေတာ'

'ဟုတ်ကဲ့ ကြုံတုန်း လိမ်ပြောတော့လည်း ကြားရတာပေါ့ ရှင်'

ဝင်းမော်ဦး၏ ဖောချက်ကို ရှုတိုင်းယဉ်က အယုံအကြည်မရှိသလို အလေးအနက်မထားဘဲ မထိတထိလောင်၏။ ဒါကိုတော့ ဝင်းမော်ဦး မခံနိုင်။

'တကယ်ပြောတာပါ ရှုတိုင်းယဉ်၊ ကျွန်တော် ရှုတိုင်းယဉ်နဲ့ ဆက်သွယ်ချင် တွေ့ချင်လွန်းလို့ လေးလေးဆီ အကြောင်းမရှိ အကြောင်းရှာ လာပြီး စုံစမ်းတာပါ၊ ဒီမှာ လေးလေးဆီက ရှုတိုင်းယဉ်တို့ ဗစ်ဇင်းတင်းကဒ် ရလာတယ်လေ'

ဝင်းမော်ဦးက လိပ်စာကဒ်လေး ပြပြီး သက်သေထူတော့ ရှုတိုင်းယဉ် တွေတွေလေး ဖြစ်သွား၏။ ဘာစကားမှ မဆိုတော့…

'ရှုတိုင်းယဉ် ထမင်းစားပြီးပြီလားဟင်'

'ဟင့်အင်း'

'ဒါဆို ကျွန်တော် ပြုစုမယ်၊ ရှေ့နားမှာ တစ်ခုခုစားကြရအောင်လား'

'ရပါတယ် ကျွန်မ မဆာသေးပါဘူး၊ အိမ်ကိုပဲ ပို့ပေးပါ'

'မဆာလည်း တစ်ခုခုသောက်ပေါ့၊ ခင်မင်ရင်းနှီးကြတဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော် တောင်းဆိုတာလေးကို ခွင့်ပြုပေးပါဗျာနော်'

ရှုတိုင်းယဉ်က ဘာမှ ပြန်မပြောသလို ငြင်းဆန်ခြင်းလည်း မပြုသဖြင့် ဝင်းမော်ဦး အားတက်ပြီး ကားကို ဂရုစိုက်မောင်းနေလိုက်





၏။ ရာသီဥတုကလည်း သာယာကြည်လင်ပြီး တိမ်ဖြစ်တွန်းနေသည်မို့ အပူရှိန် သိပ်မပြင်းဘဲ နေလို့ထိုင်လို့ ကောင်းနေသည်။

စိတ်ခံစားမှုကလည်း အပျော်ဓာတ်တွေ ဖုံးလွှမ်းနေသဖြင့် မောင်းနေကျကားပင် ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲဝင် ပြိုင်ကားတစ်စီးကဲ့သို့ ပေါ့ပါးသွက်လက်ကာ လူတင်မက ကားပါ မြူးကြွလျက် ရှိနေသည်။

အောင်မင်္ဂလာ ကားဝင်းကို ကျော်လာပြီး ခြောက်ကွေ့သို့ အရောက် သားသားနားနား အအေးဆိုင်တစ်ဆိုင်ရှေ့ ရပ်လိုက်သည်။ ရှုတိုင်းယဉ် မငြင်းမဆန် ကားပေါ်မှ ဆင်းလိုက်သဖြင့် ဝင်းမော်ဦး ဝမ်းသာပျော်ရွှင်သွား၏။

ဆိုင်ထဲဝင်ပြီး ရေခဲမုန့်နှင့် ဖာလူဒါ မှာလိုက်သည်။ ရှုတိုင်းယဉ်က ဖာလူဒါကို လှလှပပ မွှေနှောက်၍ ခပ်သောက်နေ၏။ ထိုမြင်ကွင်းလေးကလည်း ဝင်းမော်ဦး အသည်းနှလုံးကို ဖမ်းစားသိမ်းပိုက်သွားခဲ့ပြန်သည်။

'အန်တီ ဘယ်တော့ ရိပ်သာက ထွက်မှာလဲဟင်'

'နောက်တစ်ပတ်လောက်ဆို ထွက်မယ် ပြောတာပဲ'

'ဟုတ်လား ဒါဆို လေးလေးနဲ့ အတူတူလောက်ပါပဲ'

'ဟုတ်ကဲ့'

ပြောစရာစကားတို့ ရှားပါးသွားသလို တိတ်ဆိတ်သွားရပြန်သည်။

ဒီလို ဆုံစည်းမှုကို ဦးဆောင်ရမည်က ယောက်ျားလေး၏ တာဝန်ပဲ မဟုတ်လား။ ဒီတော့ ဝင်းမော်ဦးပဲ စကားစဖို့ ကြိုးစားရတော့၏။

'ရှုတိုင်းယဉ် ကျောင်းပြီးတော့မယ်နော်'

'ဟုတ်ကဲ့'

'ဘာဆက်လုပ်မလဲ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com


'ဪ… ဟိုလေ ဝန်ထမ်းလုပ်မှာလား၊ စီးပွားရေးလုပ်မှာလား၊ အဲဒါ မေးတာပါ'

'အင်း… အဖေက မရှိတော့ဘူး၊ အစ်ကိုတွေ အစ်မတွေလည်း အိမ်ထောင်ကွဲတွေ ဆိုတော့ မေမေ့အလုပ်ပဲ ကူလုပ်ရမှာပေါ့၊ လက်ဖက်ခြောက်ရောင်းတယ် ဆိုတာလည်း စီးပွားဖြစ်တဲ့ လုပ်ငန်းပဲလေ'

'ကောင်းတယ်ဗျာ ကိုယ်ပိုင်စီးပွားရေးကမှ လူဖြစ်တာဗျ'

'ကိုဝင်းမော်ဦးက ပုံနှိပ်စက်လုပ်တယ်ဆို'

'ဟုတ်ပါတယ်၊ စက္ကူရောင်စုံ ပုံနှိပ်စက်ကော ဗီနိုင်းပုံနှိပ်စက်ကော ဆိုပါတော့ ဒီမှာ ကျွန်တော်ရဲ့ ဗစ်ဇင်းတင်းကဒ်ပါ ပုံနှိပ်လုပ်ငန်းနဲ့ ပတ်သက်ရင် အကုန်လုပ်ပါတယ် ဖိတ်စာမျိုးစုံလည်း ရပါတယ်'

'ဟုတ်ကဲ့'

စကားစပြတ်သွားပြန်၏။ ဝင်းမော်ဦး ရှေ့က ရေခဲမုန့်တွေ အရည်ပျော်ကုန်သဖြင့် မစားရဘဲ ခပ်သောက်လိုက်ရသည်။ သောက်ရင်း စကားဆက်မပြတ်အောင် အပြင်းအထန် စဉ်းစားနေရ၏။

'ဟိုလေ… ကျွန်တော် ရှုတိုင်းယဉ်တို့ဆီ လာလည်လို့ရမလား'

'ရှင်… အဲ… ရ… ရတော့ရပါတယ်၊ ဒါပေမဲ့ ဘာကိစ္စရှိလို့လဲ'

'ကိစ္စ… ဟုတ်လား… ရှိတာပေါ့ဗျာ၊ ကျွန်တော်က ရှုတိုင်းယဉ်ကို တွေ့ချင်ခင်ချင်နေတာလေ၊ အဲဒါ ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံး ကိစ္စပေါ့'

ပွင့်ပွင့်လင်းလင်း ပြောလိုက်သော ဝင်းမော်ဦး စကားကြောင့် ရှုတိုင်းယဉ် ခေါင်းငုံ့သွား၏။ ဖာလူဒါထဲမှ ပူတင်းနှင့် သာကူစေ့များကို ရေတွက်နေသလား မပြောတတ်။

'ပြောပါဦး ရှုတိုင်းယဉ်ရယ်၊ လာလို့ရမလားဟင်'

ရုတ်တရက် ခေါင်းမော့လာရင်း…



'ဟုတ်… ဟုတ် ဆန္ဒရှိရင်လည်း လာခဲ့ပေါ့'

ဝင်းမော်ဦး အပျော်တွေထဲမှာ နစ်မွန်းသွား၏။ ဒီလောက်ဆိုလျှင် ပွဲဦးထွက်အတွက် လုံလောက်သွားခဲ့ပြီ။ အရည်ပျော်နေသော ရေခဲမုန့်များကို ချန်ထားခဲ့ပြီး ရှုတိုင်းယဉ်အား အိမ်ပြန်ပို့ပေးခဲ့၏။

ရှုတိုင်းယဉ်အပေါ် သူ၏ စိတ်ဝင်စားမှုကို မြင်သာအောင် အချိန်တိုအတွင်း လှစ်ဟပြနိုင်ခဲ့ပြီမို့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိသည်။ ကြည့်မြင်တိုင်ဘက်မှ ရှုတိုင်းယဉ်တို့ အိမ်ဝင်းကြီးဆီရောက်တော့ ရှုတိုင်းယဉ်၏ ဖိတ်ခေါ်မှုနှင့် သူတို့ လက်ဖက်ခြောက်လုပ်ငန်းကို လေ့လာခွင့်ရခဲ့၏။ ရှုတိုင်းယဉ် မိုင်းရှူး လက်ဖက်ခြောက်တံဆိပ်ပါ ကုန်ကားနှစ်စီးကိုလည်း တွေ့ရသလို လက်ဖက်ခြောက်ပုံကြီးပတ်လည်တွင် ထိုင်နေကြသော မိန်းကလေး သယ်ယောက်ခန့်က လက်ဖက်ခြောက်များကို ချိန်တွယ်သူကချိန်၊ ဆိတ်သွပ်၊ ဘူးသွပ်သူကသွပ်နှင့် အလုပ်လုပ်နေကြတာကိုလည်း တွေ့ရ၏။ ရှုတိုင်းယဉ်တို့လုပ်ငန်း မသေးကြောင်းကိုလည်း လက်တွေ့သိခဲ့ရ၏။

ရှုတိုင်းယဉ် တည်ခင်းဧည့်ခံသော ရေနွေးကြမ်းကိုသောက် စကားပြောနှင့် ဆယ်မိနစ်ခန့် ရှုတိုင်းယဉ်အလှကို ခံစား စားသုံးပြီး ကျေနပ်နှစ်သိမ့်စွာနှင့် ပြန်လာခဲ့တော့သည်။

* * *

ဝင်းမော်ဦး ကွန်ပျူတာသုံး၍ ဒီဇိုင်းတစ်ခုကို အပြီးသတ်ပြင်ဆင်နေ၏။ ပြီးတော့ ဖလင်ခန်းသို့ ပို့လိုက်သည်။ ဖလင်ခန်းနှင့် ပုံနှိပ်ခန်းမှ လူများ အလုပ်ရှုပ်သွားကြ၏။ ပြက္ခဒိန်ရာသီမို့ အော့(ဖ)ဆက်လုပ်ငန်းမှာလည်း စက္ကူထုပ်တွေ တောင်ပုံယာပုံနှင့် အလုပ်ရှုပ်နေသည်။

ဒီကြားထဲ မင်္ဂလာဆောင်ဖိတ်စာ လာရွေးသူ၊ အလုပ်သင်လာအပ်သူများ စိတ်တိုင်းကျအောင်လည်း ဖြေရှင်းဆောင်ရွက်ပေးရသေး

www.burmeseclassic.com

၏။ တစ်ယောက်တည်း ဂျင်ခြေလည်နေရသည်။ သည်တော့ လေးလေးရိပ်သာမှ ထွက်လာဖို့ကိုသာ တောင့်တမိတော့၏။

နေဝင်နေထွက် စက်သံတကျောင်းကျောင်း နာခံပြီး အလုပ်လုပ်နေရသည့် ဘဝမှာ ဝင်းမော်ဦး အသားကျနေခဲ့ပြီ။ ဖေဖေ သဘော်ကတ်ပတိန်ဘဝမှ အနားမယူခင် နောက်ထပ် ဆက်စပ်လုပ်ငန်းများ ဆက်လက်ချဲ့ထွင် လုပ်ကိုင်နိုင်ရန်လည်း တွေးတောရသေး၏။ ဖေဖေကို ပင်လယ်ပြင်တွင် မနေစေချင်တော့။ မိသားစုနှင့် နေခွင့်လေးရစေချင်ပြီ။ ဖေဖေ ကောင်းကောင်းအနားယူဖို့ အောင်မြင်တိုးတက်သောလုပ်ငန်းတစ်ခုခု ထပ်တိုးချဲ့ထားမှ ဖြစ်မည် မဟုတ်လား။

အလုပ်တွေရှုပ် အတွေးတွေ မအားသည့်အခိုက် သော်ကနှင့် ကောင်မလေးတစ်ယောက် ရောက်လာ၏။

'ဟာ… သော်က ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာပါလား၊ ပြော ဘာကူညီရမလဲ'

'ကဲ… သီရိ ဒါကိုယ့်ဘော်ဒါပဲ၊ ဖြစ်ချင်တာတွေ ပွင့်ပွင့်လင်းလင်းသာပြော'

'ဟုတ်ကဲ့'

သော်ကက ခပ်ရှင်ရှင်လေး ပြောရင်း အတူပါလာသော ကောင်မလေးနှင့် မိတ်ဆက်ပေး၏။

'ဟုတ်ကဲ့… ကျွန်တော် ဘာကူညီရမလဲ'

'ဩော်… ကုမ္ပဏီက စာရင်းဇယား စာရွက်တွေ ပုံနှိပ်ချင်လို့ပါ'

'ရပါတယ် မသီရိ၊ ဇယားနမူနာ တစ်ရွက်လောက်ပါရင် ပြီးပါတယ်၊ ရွက်ရေဘယ်လောက် ရိုက်မှာလဲ'

'ဇယားတစ်မျိုးကို ရွက်ရေ တစ်သောင်းစီပါ'

'ဟုတ်ကဲ့ ရပါတယ်'

အလုပ်လက်ခံ စရံငွေယူပြီး ဘောင်ချာဖြတ်ကာ ရက်ချိန်းပေးလိုက်၏။ ကောင်မလေးက နှုတ်ဆက်ပြီး ပြန်ရန်ပြင်သည်။





'သီရိ… အရင်ပြန်နှင့် ကိုယ် ဒီကောင်နဲ့ လက်ဖက်ရည်သောက်ပြီးမှ ပြန်လာခဲ့မယ်၊ မန်နေဂျာမေးရင် ကြည့်ရှီးထားလိုက်'

'အင်း… သိပ်တော့ မကြာစေနဲ့နော်'

'အေးပါဟာ'

ကောင်မလေး ထွက်သွားတော့မှ နှစ်တိုက်ကျော်တွင် ရှိသည့် လက်ဖက်ရည်ဆိုင်သို့ အတူထွက်လာခဲ့ကြ၏။ ပေါ့ဆိမ့်ရှယ်နှစ်ခွက်မှာပြီးနောက်…

'ဟေ့ကောင်… မွှင်း ရှုတိုင်းယဉ် စီးနေပြီလား'

'ဟာ… မိုက်ရိုင်းလှချည်လား ဘာကိစ္စ စီးရမှာလဲ'

'ဘာ မိုက်ရိုင်းလို့လဲ ဒီမှာကြည့် ငါစီးထားတာလည်း ရှုတိုင်းယဉ်ကွ နံပါတ်ကိုး'

သော်ကက သူစီးထားသော ရှုတိုင်းယဉ်ဖိနပ်ကို ညွှန်ပြပြီး သိသိကြီးနှင့် နှိပ်ကွပ်နေလေ၏။ ဝင်းမော်ဦး သော်ကကို မကြည့်သလို ကြည့်လိုက်ရင်း…

'ငါသိတဲ့ ရှုတိုင်းယဉ်က ရင်ထဲမှာ အမြဲသိမ်းထားရမယ့် အလှနတ်ဘုရားမကွ ဖိနပ်မဟုတ်ဘူး ပေါက်လား'

'မပေါက်ဘူး ရှုတိုင်းယဉ်က စွပ်လိုက်တာနဲ့ ကွက်တိပဲ၊ ဘယ်တော့မှ ဖိနပ်မပေါက်ဘူး ဒါကြောင့် ငါ ရှုတိုင်းယဉ်ကိုပဲ စွဲစွဲမြဲမြဲ စီးလာတာ'

'ဟေ့ကောင်… ဟေ့ကောင် တော်တော့ကွာ၊ ငါ့ ရှုတိုင်းယဉ်လည်း မင်းပါးစပ်ထဲမှာ ရစရာကို မရှိတော့ဘူး'

'ဟား… ဟား… ဟား နောက်တာပါကွာ၊ ဒါနဲ့ အခြေအနေဘယ်လိုလဲ တိုးတက်မှုတွေ ရှိပြီလား'

'အဟင်း… အိမ်ကိုတောင် အလည်ရောက်ခဲ့ပြီးပြီကွ'

ဝင်းမော်ဦးက လေးလေးရှိရာ ရိပ်သာလိုက်သွားပြီး စုံစမ်းသည့်နေ့က အဖြစ်အပျက်ကို ပြန်ပြောပြလိုက်၏။ သော်က ခေါင်းတညိတ်ညိတ်လုပ်ရင်း…


www.burmeseclassic.com

www.burmeseclassic.com

'အခြေအနေတွေ တိုးတက်နေပြီပေါ့'

'အင်း... မင်းတို့ကော ခုနက ကောင်မလေးနဲ့ မင်းဘယ်လို ပတ်သက်လဲ ဆိုးတော့မဆိုးဘူးနော်'

'အေး... မဆိုးဘူး၊ ငါလုံးရင် အိုကေနိုင်တယ်၊ အဲဒါ မင်းကို ခေါ်လာပြတာ'

'ကောင်းသားပဲ စီးကြည့်လိုက်ပေါ့'

'အောင်မာ... မင်းလို ရှုတိုင်းယဉ်များ မှတ်နေလား'

'အင်း... ဘဝက ဒီအတိုင်းနေသွားလို့မှ မရတာ လူပျိုဘဝနဲ့ အရိုးထုတ်နိုင်မှာလည်း မဟုတ်တော့ သင့်တင့်တာတွေ့ရင် လက်တွဲဖို့ ကြိုးစားကြည့်ရမှာပဲလေ၊ ဒါမှလည်း လူပီသမှာ မဟုတ်လား'

'ဟိုကောင် မင်းဝေသီရင် အားငယ်နေပါဦးမယ် သော်ကရာ'

'ဒီကောင်လည်း ခြေပုန်းခုတ်ရင် ခုတ်နေမှာပါကွာ၊ အသက်တွေက ငယ်တော့တာမှ မဟုတ်တာ'

'ကိုင်း... ကိုယ်စီ ကိုယ်စီ ရည်မှန်းချက်တွေ ရှိလာတော့ စိတ်ထဲမှာ အဓိပ္ပာယ်ရှိလာသလို မခံစားရဘူးလား၊ မင်းက တစ်ရုံးထဲ ဆိုတော့ နီးစပ်မှုများလို့ အောင်မြင်နိုင်ချေ ပိုနေတာမို့ မင်းက အရင် ဈေးဦးပေါက်မှာပါ'

'အဟင်း... မထင်ပါနဲ့ကွာ၊ ငါက အပြောင်အပျက်သာ နှုတ်ကသွက်တာ အတည်အတံ့ဆို ပါးစပ်က ထွက်တာ မဟုတ်ဘူးကွ'

'တကယ် ချစ်လာရင် သတ္တိရှိလာပါလိမ့်မယ်'

'ဟုတ်ပြီလေ၊ ငါ့ပါးစပ်က တကယ်ပြောဖြစ်သွားရင် သူ့ကို အမှန်အကန်ချစ်လို့ပဲပေါ့'

'အေး... သူ့ကို ပြောပြီးရင် ငါ့ကို ဖုန်းဆက်ပြောဦး'

'အေးပါကွာ၊ ဟား... ဟား... ဟား'

သော်က ပြန်သွားတော့ ဘာမဆိုင် ညာမဆိုင်နှင့် ရှုတိုင်းယဉ်ကို သတိရသွားပြီး အလွတ်ကျက်မှတ်ထားသည့် နံပါတ်များကို နှိပ်





လိုက်မိ၏။ အသံရှည်မြည်နေတာ ငါးကြိမ်လောက်ကြားပြီးမှ အသံတိတ်ပြီး ရှုတိုင်းယဉ်၏ ဟဲလိုဟူသော အသံသာသာလေးကို ကြားလိုက်ရ၍ ရင်ခုန်သွားသည်။

'ဟဲလို... ရှုတိုင်းယဉ် လား'

'ဟုတ်ပါတယ် ဘယ်သူများလဲ'

'ကျွန်တော် ဝင်းမော်ဦးပါ'

'သြော်... ဟုတ်ကဲ့ ကိုဝင်းမော်ဦး၊ ပြောပါ ဘာကိစ္စများပါလိမ့်'

'အဲ... ဟို ထူးထူးခြားခြားတော့ ဘာကိစ္စမှ မရှိပါဘူး၊ သတိရတာနဲ့'

'ဟုတ်လား ကျွန်မမှာတော့ ကိစ္စရှိတယ်၊ အခုပဲ ဖုန်းဆက်မလားလို့'

'ဟာ... ကိစ္စရှိတယ် ဟုတ်လား၊ ပြော... ပြောပါဦး ဘာများလဲ'

'ဟိုလေ ဦးလေးအောင်လွင် မနက်ဖြန် ရိပ်သာက ထွက်မယ် အဲဒါ လာကြိုပါတဲ့'

'သြော်... ဟုတ်လား၊ ကျေးဇူးပါပဲ ရှုတိုင်းယဉ်ရယ် ဘယ်အချိန်လောက် သွားကြိုရမှာလဲဟင်'

'မနက်ပိုင်း ယောဂီတွေ ဆွမ်းစားပြီးချိန်လောက်ပေါ့'

'ဟုတ်ကဲ့... ဒါနဲ့ ရှုတိုင်းယဉ်တို့ မေမေကော ထွက်မှာလား'

'ဟုတ်ကဲ့... တစ်လစခန်းဝင်တာလေ ရက်စေ့ပြီပဲဟာ'

'ဒါဆို ရှုတိုင်းယဉ်ကော သွားကြိုမှာလား'

'ဟုတ်ကဲ့'

'အိုကေဗျာ၊ ကျွန်တော် လာခဲ့မယ်'

'ဒါဆို ဒါပဲနော်'

'ဟုတ်ကဲ့... ဟုတ်ကဲ့'

ဖုန်းပိတ်လိုက်ပြီး ဝင်းမော်ဦး အပျော်တွေ ပေကျံသွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ရှုတိုင်းယဉ်ကို သတိရကြောင်း အကြိုအဖြစ် ပြောဖြစ်ခဲ့ပြီ။ မနက်ဖြန်ကျလျှင်လည်း ကိုယ်တိုင်ကိုယ်ကျ အရှင်လတ်လတ် တွေ့ခွင့်ရဦးမည်။ အလုပ်လုပ်ရတာပင် အားမာန်တွေ ပြည့်ပြီး ပျော်နေလေတော့သည်။

* * *

မည်သို့ပင်ဖြစ်စေ ရွှေနံ့သာသည် ရန်ကုန်မြို့လယ်နှင့်အတော်အတန်ဝေးသဖြင့် တောလေ အငွေ့အသက်ကို ရာခိုင်နှုန်းလေးဆယ်လောက်တော့ ခံစားလို့ ရနိုင်သေး၏။ ကျောင်းဝင်းထဲမှ လှမ်းမျှော်ကြည့်လိုက်လျှင်ပင် လယ်ကွင်းစိမ်းစိမ်းနှင့် လယ်စောင့်တဲကို လည်းကောင်း အုပ်ဖွဲ့ပျံသန်းနေသော ဗျိုင်းနှင့် အခြားအမည်မသိ ငှက်များကိုလည်းကောင်း တွေ့မြင်နေနိုင်သေး၏။

ထို့ပြင်မက တောအုပ်ခင်တန်း အနည်းအကျဉ်းကိုလည်း တွေ့မြင်ခွင့်ရနေသေးသည်။ ထိုတောအုပ် ထိုလယ်ကွင်းတို့ကို ဖြတ်သန်းတိုက်ခတ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှု နည်းပါးသေးသည်ဟု ယူဆနိုင်သည့် လေရှူးသုန်သုန်ကိုလည်း ရှူရှိုက်ခွင့်ရသေး၏။

ထို့ပြင် ကျောင်းဝင်းအတွင်းမှ သီးပင်စားပင် အရိပ်ရအပင်တို့၏ စိမ်းလန်းစိုပြည်မှုကိုလည်း အပြည့်အဝခံစားနေရသလို ငြိမ်းချမ်းမှုနှင့် တိတ်ဆိတ်ငြိမ်သက်မှုကိုလည်း ရရှိနေ၏။

ဝင်းမော်ဦးက ရှုတိုင်းယဉ်ကို အချိန်ကြာကြာ တွေ့မြင်လိုစောနှင့် စောစောစီးစီး ရောက်ရှိနေရာ ယောဂီများလည်း တရားအားထုတ်နေဆဲ ဖြစ်သလို ကြိုဆိုမည့် ရှုတိုင်းယဉ်လည်း မရောက်သေးသဖြင့် ရှုလေရာ စိမ်းနေသော ရှုတိုင်းစိမ်းများကိုသာ ငေးနေရတော့သည်။

စိမ်းစိမ်းစိုစိုများကို ကြည့်ရင်း အေးချမ်းမှု ခံစားနေခိုက် ကြေးစည်သံများ ကြားလိုက်ရသည်။ ဘာကြောင့် ကြေးစည်တီးမှန်းမသိသဖြင့် ဝန်းကျင်သို့ လှည့်ပတ်လေ့လာ စူးစမ်းလိုက်၏။ ဘာထူးခြားမှုကိုမှ မတွေ့၊ လေးငါးဆယ်မိနစ်အကြာတွင်တော့ ဓမ္မာရုံထဲမှ





ယောဂီများထွက်လာတာကို မြင်ရသည်။ တရားစခန်းပိတ်ပွဲလား၊ နောက်ဆုံးနေ့ ရှုမှတ်ပွားများမှု ပြီးစီးသွားတာလားတော့ သိပ်မသေချာ။

ယောဂီအုပ်စုထဲမှ စကားတပြောပြောနှင့် ထွက်လာကြသော လေးလေးနှင့် အန်တီဒေါ်နန်းယဉ်ကို တွေ့လိုက်၏။ နှစ်ယောက်သားအတော်ရင်းနှီးကျွမ်းဝင်နေတာ သတိပြုမိ၍ ရှုတိုင်းယဉ်နှင့် သူ၏အနာဂတ်အတွက် အားတက်သွားသည်။

'ဟော… ငါ့တူတောင် ရောက်နေပြီကိုး'

'မောင်ဝင်းမော်ဦး… သမီးရောက်လာတာ တွေ့လား'

'ဟင့်အင်း… အန်တီ၊ မတွေ့မိသေးပါဘူး'

'စောပါသေးတယ် မနန်းယဉ်ရယ်၊ ခုမှ ဆယ်နာရီလေ၊ ဆယ့်တစ်နာရီခွဲလောက်မှ စားလို့သောက်လို့ ပြီးမှာ မဟုတ်လား၊ အဲဒီ အချိန်ကို မနန်းရဲ့ သမီး မှန်းပြီးလာမှာပေါ့၊ သူ့မှာ အိမ်အလုပ်ကလည်း တစ်ဖက်နဲ့လေ'

'အင်း… ဟုတ်ပါတယ်လေ၊ ကိုယ်က တမလွန်အတွက် ကိုယ့်တစ်ယောက်တည်း အလွတ်ရုန်းဖို့ ရိက္ခာထုပ်နေတဲ့ အချိန်မှာ သမီးလေးကတော့ ပစ္စုပ္ပန်မှာ ရုန်းကန်နေရရှာတယ်လေ၊ တော်ပြီ နောက်ကို ရိပ်သာမဝင်တော့ဘူး အိမ်မှာ အိမ်သားရှိရင်တော့ တစ်မျိုးပေါ့'

'သိပ်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ဗျာ၊ တစ်နေ့တစ်ချိန်မှာ အဲသလိုနေ့မျိုး ရောက်လာဦးမှာပါ၊ ကဲပါ… မနန်းယဉ် ပစ္စည်းတွေ သွားသိမ်းလိုက်ဦး'

'ဟုတ်ကဲ့'

ဒေါ်နန်းယဉ် ထွက်သွားတာကို ကြည့်ပြီး ဝင်းမော်ဦးစိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။ သူတို့နှစ်ဦး ဆက်ဆံရေးက ဘယ်လိုများပါလိမ့်ဟု တွေးရင်း သံသယတွေ ဖြစ်မိ၏။

'ဟေ့ကောင်… ရိပ်သာမှာပဲ ထမင်းစားသွား ငါလည်း ပစ္စည်းတွေ သွားသိမ်းဦးမယ်'


www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ လေးလေး'

အချစ်နှာကို ခမ္မနှင့် လာကုနေသော လေးလေးတစ်ယောက် အသည်းကွဲဒဏ်ရာတွေ အနာဖေးတက်ပြီး ကျက်သွားပြီလား။ စန္ဒာ မော်ပေးသွားသည့် ဒဏ်ရာပျောက်ကင်းပုံက မြန်လှချည်လား စသည် ဖြင့် အမျိုးမျိုးတွေးနေမိ၏။ ရိပ်သာအမျိုးသားဆောင်ရှေ့မှ ပိန္နဲပင်ကို ပတ်ခွေပြီး ပြုလုပ်ထားသည့် ခုံဝိုင်းကြီးတွင် ဝင်ထိုင်ပြီး ရှုတိုင်းယဉ် ကို မျှော်နေမိသည်။

ဆွမ်းစားခေါင်းလောင်းထိုးသဖြင့် ဆရာတော် သံဃာတော် များ သပိတ်ကိုယ်စီပိုက်ကာ ဆွမ်းစားဆောင်သို့ ကြွလှမ်းသွားကြ၏ ဒါဆို နောက်လေးဆယ့်ငါးမိနစ်လောက်ဆိုလျှင် ယောဂီတွေစား အလှည့်ရောက်ပြီ။ ဝင်းမော်ဦး ဂဏှာမငြိမ် ဖြစ်လာ၏။

ထိုအချိန်တွင် ရှုတိုင်းယဉ် တံဆိပ်ပါ ကားတစ်စီးကျောင်းဝ ထဲ ဝင်လာသည်။ ဝင်းမော်ဦး ဝမ်းသာသွားပြီး ကားဆီ ပြေးသွားလို ၏။ ရှုတိုင်းယဉ်ကို ခုံဝိုင်းကြီးဆီ ခေါ်လာခဲ့ပြီး အန်တီ ပစ္စည်းတေ သိမ်းနေကြောင်း အသိပေးလိုက်သည်။

'ရှုတိုင်းယဉ် နောက်ကျနေတယ်နော်၊ ကျွန်တော်က အ ကြီးရောက်နေတာ'

'ကျွန်မမှာ အလုပ်တွေ ရှိသေးတယ်ရှင့်'

'ကျွန်တော်လည်း အားလုံး ပစ်ထားခဲ့ရတာပါပဲဗျာ၊ သော ဒါနဲ့ လေးလေးတို့ အန်တီတို့က ပြောနေတယ်၊ ဒီမှာပဲ ထမင်းစားသ ကြတဲ့'

'အားနာစရာကြီး ကျွန်မ ဒရိုင်ဘာလည်း ပါလာသေးတာ'

'ဘာဖြစ်လဲဗျာ၊ ဘုန်းကြီးကျောင်းဆိုတာ အမြဲပိုလျှံနေ နေရာပဲဟာ၊ ပြီးတော့ ကျွန်တော်တို့က ဒီရိပ်သာရဲ့ အမာခံအလှ တွေပဲလေ'

'ထားပါတော့… ထားပါတော့'

'ထားပါတယ်… ထားပါတယ်'



'မနေ့က ကျွန်တော် သိပ်သတိရနေလို့ ဖုန်းဆက်လိုက်တာ တော်သေးတယ် အရေးကြီးကိစ္စ သိလိုက်ရလို့'

'ကိုဝင်းမော်ဦး မဆက်လည်း ကျွန်မ ဆက်တော့မလို့ပါပဲ၊ အိမ်ကိုဆက်ရင် ကောင်းမလား၊ အလုပ်ကိုဆက်ရင် ကောင်းမလား စဉ်းစားနေတာနဲ့ပဲ'

'နောက်ဆို အလုပ်ကိုပဲ ဆက်ပေါ့၊ ကျွန်တော်က အဲဒီမှာပဲ အမြဲရှိတာလေ'

'တော်ပါ… အန်တီဆီပဲ ဆက်မယ်'

'အင်'

ထိုစဉ် ဆွမ်းစားခေါင်းလောင်းသံ ထွက်လာပြန်၏။ အဆောင် အသီးသီးမှ ယောဂီများ ထွက်လာကြသည်။ ဒေါ်နန်းယဉ်လည်း သူ့ သမီးထံ ရောက်လာပြီး…

'သမီးရောက်နေပြီကိုး အတော်ပဲ တစ်ခါတည်း ထမင်းစား လိုက်ရအောင်'

'ဟုတ်ကဲ့… ဟိုလေ သမီးယာဉ်မောင်း ဦးလေးပွ ပါသေး တယ်'

'ခေါ်လိုက်လေ လေးပွကို'

အားလုံး လူစုံတက်စုံ ထမင်းတစ်ဝိုင်းတည်း စားလိုက်ကြ၏။ ဒေါ်နန်းယဉ်က လေးလေးကို ဂရုစိုက်တာ နည်းနည်းပိုလွန်းသည်ဟု ဝင်းမော်ဦး ထင်နေသည်။ ဟင်းတွေထည့်ပေးရတာလည်း ခဏခဏ အဆက်အသွယ်မပြတ်ဖို့လည်း ပြော၏။ ဓမ္မမိတ်ဆွေအဖြစ်မှ စီးပွားရေး မိတ်ဆွေ ပူးပေါင်းဆောင်ရွက်ရန်လည်း ပြောနေကြသည်။ ပြီးတော့ သူ့ဘက်လှည့်လာ၏။

'မောင်ဝင်းမော်ဦး'

'ခင်ဗျာ… အန်တီ'

'မင်းလည်း အဆက်အသွယ် ဖြတ်မသွားနဲ့ဦးနော် အစ်မကို လည်းပြောလိုက် အိမ်အလည်လာပါဦးလို့'

www.burmeseclassic.com

'ဟုတ်ကဲ့ပါ အန်တီ၊ ဒါပေမဲ့ အန်တီကသာ ဖိတ်နေတာ ဒီပြင်လူက စကားတောင်မဟဘူး'

ရှုတိုင်းယဉ်က ဝင်းမော်ဦးအား မျက်စောင်းထိုး၏။

'အမေ ဖိတ်နေပြီပဲဟာ ပြီးရောပေါ့'

ရှုတိုင်းယဉ်၏ အပြောနှင့် လေသံကြောင့် အားလုံးသဘောတကျ ရယ်မိကြသည်။ စားသောက်ပြီးသွားတော့ လူကြီးများက ဆရာတော်ထံ သွားရောက်ဝတ်ဖြည့်ကာ အလှူရှင်များ သွားထည့်နေခိုက် ဝင်းမော်ဦးတို့ နှစ်ယောက်သာ ကျန်ခဲ့၏။

'ရှုတိုင်းယဉ် စာမေးပွဲ နီးပြီလား'

'လိုပါသေးတယ်'

'ဟိုလေ… ရှုတိုင်းယဉ်မှာ ချစ်သူရှိလားဟင်'

'ရှင်… ဘာမှ မဆိုင်သလိုပဲနော်၊ ဒါမှမဟုတ် စပ်စုတတ်တယ်နဲ့ တူတယ်'

'စပ်စုတယ်လို့ သဘောမထားပါနဲ့ဗျာ၊ သိချင်လွန်းလို့ပါ'

'ရှင်နဲ့ ဘာဆိုင်လို့လဲ'

'အဲဒါသိရမှ ရှေ့ဆက်လို့ ရမရ ဆုံးဖြတ်လို့ရမှာမို့ပါ'

'ဒါက ကျွန်မ လွတ်လပ်ခွင့်လေ'

'ဟုတ်ပါတယ် ဒါပေမဲ့ ကျွန်တော် သိခွင့်ရှိရင် သိပါရစေ'

ရှုတိုင်းယဉ် စိတ်ညစ်သွားပုံရ၏။ အန်တီနှင့် လေးလေးတို့လည်း ဆရာတော်ဆီမှ ပြန်လာနေကြပြီမို့…

'ပြောပါ ရှုတိုင်းယဉ် အန်တီတို့ လာနေကြပြီ'

'ခက်တာပဲရှင်၊ ကဲ… ကျွန်မ အဲဒီကိစ္စတွေကို စိတ်မဝင်စားသေးဘူး၊ ဒါဆို ရပြီလား'

'ဟား… ကျေးဇူးတင်လိုက်တာဗျာ'

အန်တီဒေါ်နန်းယဉ်လည်း အနားသို့ရောက်လာပြီး…

'ကဲ… အားလုံးပြီးပြီ သွားကြစို့'

ထိုနေ့က ကိုယ့်ကားနှင့်ကိုယ် ပြန်လာခဲ့ကြရသော်လည်း စိတ်က ရှုတိုင်းယဉ်နှင့် ပါသွားခဲ့၏။ ရည်းစားမရှိသေးပါဘူးဟု သွယ်ဝိုက်၍ ပြောဆိုလိုက်ခြင်း အပေါ်လည်း အကြီးအကျယ် ဝမ်းသာပျော်ရွှင်နေမိသည်။ ဝင်းမော်ဦး ပျော်နေသလောက် လေးလေးက ငူငူကြီးနှင့် ငြိမ်နေ၏။ အနောက်ဘက်လမ်းက ဖြောင့်ဖြောင့်ကြီး မြင်နေရပြီမို့ လေးလေး၏ ခံစားမှုကို သူဂရုမစိုက်နိုင်တော့။ ရည်းစားမရှိသေးသော ရှုတိုင်းယဉ်၏ ရည်းစားဖြစ်ဖို့ အရေးသာ သူ့ခေါင်းထဲတွင် ရှိနေလေတော့သည်။

□ □ □





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ညက လှလှပပ ရှိလွန်းလှတာ ပြည့်ပြည့်ဝန်းဝန်း သာနေသော လမင်းကြီးကြောင့်ပင် ဖြစ်၏။ ထိုည၏ အလှကို ခံစားရင်း လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို မြည်းနေကြသည်မှာ ဦးအောင်လွင်နှင့် ဝင်းမော်ဦးတို့သာ ဖြစ်သည်။ တိုက်ဝရန်တာသို့ ထွက်၍ လေညှင်းခံရင်း စကားစမြည် ပြောနေကြ၏။

'အလေ့အထတစ်ခု အကျင့်ပါသွားတော့ စွဲနေတာကွ၊ မလုပ်ရတော့ တစ်ခုခု လိုနေသလိုပဲ'

'လေးလေး ဘာလုပ်ချင်လို့လဲ'

'ဒီအချိန်ဆို ဟိုမှာ တရားထိုင်ရတာလေကွာ'

'ဒါများ လေးလေးရယ်၊ ဘုရားစင်ရှေ့ သွားလိုက်ပေါ့'

'အဟင်း… ဟိုမှာက အဖော်လည်းရှိ ဆရာတော်လည်း ကြောက်ရဆိုတော့ လုပ်ဖြစ်တာပေါ့၊ တစ်ယောက်တည်းကျတော့ ငိုက်ပြီးအိပ်ပျော်သွားမှာ'

'ဟား… ဟား… ဟား… ဟား လေးလေးကတော့ စံပါပဲ'

ဦးအောင်လွင်က လက်ဖက်တစ်ဖွန်းခပ်စားပြီး ရေနွေးနှင့် မျှောချလိုက်သည်။ ပြီးတော့ တူဖြစ်သူ ဝင်းမော်ဦးအား အသေအချာ အကဲခတ်ရင်း…

'မင်းနဲ့ ရှုတိုင်းယဉ် အခြေအနေ ဘယ်လိုလဲ'



'အဟင်း… ရိပ်ဖမ်းသံဖမ်းတော့ ပြောပြီး ဆိုပြီးပါပြီ လေးလေးရ'

'တကယ် သဘောကျတာဆိုရင် အချိန်ဆွဲမနေနဲ့လေ'

'ဟုတ်ကဲ့ပါ၊ အနေးနဲ့ အမြန်ဆိုသလို ဖွင့်ပြောဖြစ်မှာပါ၊ ဒါနဲ့ သူ့အမေ ဒေါ်နန်းယဉ် သဘောထားကကော ဘယ်လိုရှိနိုင်သလဲ လေးလေး'

'အင်း… မင်းကို အတော်သဘောကျတဲ့ ပုံပါပဲ၊ သူတို့မှာက အားကိုးအားထား မရှိဘူးလေကွာ၊ သမီးငယ် အမြန်လင်ယူရင်ယူ မယူရင် သူကိုယ်တိုင် အားကိုးရှာမယ့် သဘောရှိတယ်ကွ'

'ဟာ… ဟုတ်ပါ့မလား လေးလေးရာ၊ ရိပ်သာဝင်နေတဲ့ သူက ဒီလိုစိတ်ရှိပါ့မလား'

'ခက်တဲ့ကောင်ပဲကိုးကွ၊ ရိပ်သာဝင်တဲ့သူတိုင်း တရားလိုချင်လို့ မဟုတ်ဘူး ဆိုတာ မင်းမှ မသိဘဲကိုး၊ မနန်းယဉ်က ဘဝကို တစ်ယောက်တည်း ရုန်းရတာ မောလွန်းလို့ ရိပ်သာလာပြီး အမောဖြေတာကွ'

'ဟုတ်ရဲ့လားဗျာ'

'မဟုတ်ဘဲနေမလားကွ၊ ကဲ… မင်းဦးလေး ငါကော ဘာလို့ ရိပ်သာဝင်ခဲ့တာလဲ ပြောစမ်း'

'အဟင်း… လေးလေးက စန္ဒာမော်ကြောင့်ရတဲ့ အတွင်းဒဏ်တွေ သွားကုတာ'

'ဒါပဲပေါ့၊ ရိပ်သာရောက်လာတဲ့ လူတွေမှာလဲ အကြောင်းအမျိုးမျိုး ရှိတယ်ကွ၊ တစ်ချို့က သားသမီးတွေ အတင်းပို့လို့၊ တစ်ချို့က ယောက်ျားနဲ့ ရန်ဖြစ်လို့၊ တစ်ချို့က အိမ်ထောင်ဖက် ဆုံးသွားလို့ စသည်ဖြင့်ပေါ့ကွာ'

'သြော်… ဒီလိုကိုး အဲဒါတွေ ကျွန်တော် မတွေးမိဘူး၊ ပြီးတော့ အန်တီက လေးလေးကို အတော်ခင်ပုံပဲ'

'အဲဒါပြောတာပေါ့ သူ အားကိုးရှာနေပါတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို လေးလေးကကော'

'ဟာ… မင်းကလည်း အဲဒါ မေးစရာလား၊ ငါက လူပျိုနန့ ထွတ်ထွတ်လေးလေ၊ လှတာချောတာ မှန်ပေမယ့် ငါလည်း အပျိုစင်လောက်တော့ ဘယ်စိတ်ဝင်စားပါ့မလဲကွ'

ယောက်ျားနှစ်ယောက် ပြောနေသော စကားဝိုင်းတွင် မိန်းမတို့ အထိအခိုက် အကျအဆုံး များလျက်ရှိ၏။ တကယ်တော့ သူတို့တွေ မဟာပုရိသဝါဒကို အတ္တကြီးကြီးနှင့် ဆုပ်ကိုင်ထားကြခြင်းသာ ဖြစ်သည်။

'ဟဲ… ဟဲ အပျိုစင်လောက် စိတ်မဝင်စားဘူးဆိုတာ နည်းနည်းတော့ စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား'

'ဟေ့ကောင်… ဟေ့ကောင် ငါ့ကို ချောက်ထဲတွန်းမချနဲ့'

'ဟား… ဟား… ဟား… ဟား'

'သူများကိစ္စ စိတ်မဝင်စားနဲ့ ကိုယ့်သမိုင်း ကိုယ်ရေး'

'ရေးပါ့မယ် လေးလေးရယ်၊ ရေးပါ့မယ် ဟဲ… ဟဲ၊ ဒါနဲ့ လေးလေး မနက်ဖြန် အလုပ်တိုက်ကို လာမှာလား'

'အတိအကျတော့ မပြောတတ်သေးဘူး၊ လူက ကိုယ့်ကိုယ်ကို ယောဂီလို့ ထင်နေသေးတာ၊ လုပ်စရာမရှိလို့ ပျင်းရင်လည်း ထွက်လာခဲ့မယ်၊ အလုပ်ကော ဖြစ်ရဲ့လား'

'ဖြစ်ပါတယ် လေးလေးရ၊ နိုင်တောင် မနိုင်ဘူး'

'ကောင်းပါ့ကွာ၊ ကိုင်း… အိပ်ကြစို့ဟေ့'

* * *

တစ်လတွင် တနင်္ဂနွေက လေးရက်ပဲရှိတာ၊ ဝင်းမော်ဦး အားမလို အားမရဖြစ်နေမိသည်။ သားကျွေးမှု မယားကျွေးမှု မရှိသေးသဖြင့် ဝင်းမော်ဦးမှာ အလုပ်နားရသည့် တနင်္ဂနွေကိုသာ မျှော်နေမိခြင်း ဖြစ်၏။ ညကလည်း ဘောကိုက်ပြီး တစ်နာရီခွဲလောက်မှ အိပ်ပျော်ခဲ့သည်မို့ မနက်ကိုးနာရီလောက်မှ သူနိုးလာခဲ့သည်။





ဆုံနေကျ လက်ဖက်ရည်ဆိုင် ဖိုရမ်တံခါးဟာစီ ဆွေးနွေးပွဲသို့ မပျက်မကွက် တက်ရောက်ရဦးမည် မဟုတ်လား။ မျက်နှာသစ်ပြီးသည်နှင့် အရပ်ထဲက လက်ဖက်ရည်ဆိုင်သို့ အပြေးအလွှားချီတက်လာခဲ့၏။ သော်ကနှင့် မင်းဝေနှစ်ယောက်လုံး ရောက်နေတာကို တွေ့ရသည်။

'အောင်မယ်… ဘောမကိုက်တဲ့ အတိုင်းပဲ စောစောစီးစီး ရောက်နေပါလား'

'အဟင်း… ချစ်တဲ့သူက အိပ်ရေးပျက်ခံပြီး ဘောလုံးပွဲကြည့်တာ မကြိုက်ဘူးကွ'

သော်ကအပြောကြောင့် နှိပ်ကွပ်လိုစိတ်တို့ တဖွားဖွား ပေါ်ပေါက်လာမိ၏။ ဒီကောင် သွေးသားပြောင်းလဲပြီး အသည်းမှာ B ပိုး C ပိုးတွေပဲ ဝင်ကိုက်နေပြီလား။ ဒါမှမဟုတ် နောက်ဆုံးပေါ် ဝက်နားရွက်ပြာရောဂါစွဲကပ်ပြီး စိတ်ဖောက်သွားလေပြီလား မသိ။

'ဟား… ကြားရတာ နားခါးလိုက်တာကွာ၊ မင်း မနေ့က အသုဘပို့တွေ ဘာတွေ သွားမိသေးလား'

'မသွားပါဘူး ဘာဖြစ်လို့လဲ'

'အပမှီလာတာလား၊ သရဲပူးတာလား၊ စကားတွေ အလွဲလွဲ အချော်ချော် ပြောနေတာကိုး ပုံမှန်မှ မဟုတ်တော့တာ'

ဒီလိုတော့လည်း သော်ကက မခံနိုင်။

'ဟေ့ကောင်… မင်းမှာပဲ ရှုတိုင်းယဉ်ရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း သီရိရှိတယ်'

ထိုအခါမှ မင်းဝေက သော်ကကို ကြည့်ရင်း…

'ဟာ… သော်က၊ သီရိဟုတ်လား ဘယ်က သီရိလဲ'

လွှတ်ခနဲ ပြောမိသွားသော သော်က ထိုအခါမှ စပ်ဖြီးဖြီး ဖြစ်သွား၏။ ဒါတွေက ဝင်းမော်ဦးနှင့် သော်ကတို့သာ အပြန်အလှန် သိထားသော လျှို့ဝှက်ကိစ္စ ဖြစ်နေသေးသည် မဟုတ်လား။

'အဟဲ… ရုံးက ဝန်ထမ်းပါ၊ ဘော်ဒါဆိုပါတော့'



www.burmeseclassic.com

www.burmeseclassic.com



‘သြော်… ဒါဆိုရင် မင်းတို့နှစ်ယောက်လုံး မာတုဂါမတွေနဲ့ ပတ်သက်ပြီး သရေတမြားမြားကျလို့ သရေခံတပ်နေရပြီပေါ့’

‘မနာလိုမဖြစ်ပါနဲ့ကွာ၊ မင်းလည်း ကြိုးစားပေါ့ ရှာဖွေလေ တွေ့ရှိလေ ဖြစ်ရင်လည်း ဖြစ်နိုင်ပါတယ်’

‘ဝင်းမော်ဦး… သိပ်ဖင်ခေါင်းကျယ်မနေနဲ့၊ ငါက စိတ်မဝင်စားသေးလို့ လှုပ်ရှားမှု မရှိသေးလို့ ဆိုတာ သဘောပေါက် လှုပ်ရှားလိုက်တာနဲ့ ခါချနေရမှာ’

‘ဘာတွေလဲ ပုရွက်ဆိတ်တွေလား’

‘ဘယ်လိုလဲ သော်က၊ မင်း သီရိကို ပရိုပို့(စ်)လုပ်လိုက်ပြီလား’

‘အေး’

‘တကယ် သတ္တိရှိသွားပြီပေါ့ ဟုတ်လား’

‘အဟင်း… သူပါမှ ရှေ့ဆက်ချီတက်နိုင်တော့မယ်လို့ ယုံကြည်သွားတာကိုး’

‘မိုက်တယ်ကွ… ကဲရီးအွန်’

မင်းဝေက ဝင်းမော်ဦးနှင့် သော်ကအား တစ်လှည့်စီကြည့်ကာ…

‘အင်း… အမှုကိုယ်စီနဲ့ စီရင်ချက်ချတာကို စောင့်နေကြပြီပေါ့ ဟုတ်လား’

‘မှုဒိတာပွားစမ်းပါ မင်းဝေရာ၊ ဒါနဲ့ နေစမ်းပါဦး မင်းကကော ရှုတိုင်းယဉ်ဆီက စပွန်ဆာရပြီလား’

‘လေးလေးတို့ ရိပ်သာကထွက်တော့ သွားကြိုရင်း ရှုတိုင်းယဉ်နဲ့ ဆုံခဲ့သေးတယ်လေ၊ သူ့ဆီက ရည်းစားမရှိသေးပါဘူး ဆိုတဲ့ အာမခံစကားတော့ ရခဲ့ပါတယ်’

အားလုံး ခေါင်းတညိတ်ညိတ်နှင့် ခေတ္တမျှ တိတ်ဆိတ်သွား၏။

‘မင်းလေးလေး ရိပ်သာက ထွက်လာပြီပေါ့ တရားရလာသလား’





‘အဲဒါတော့ မပြောတတ်ဘူး၊ ရှုတိုင်းယဉ်ရဲ့ အမေ မုဆိုးမ ချောချောကြီးနဲ့တော့ အတော်ရင်းနှီးခဲ့ပုံပဲကွ’

‘ဟေ… ဟုတ်လှချည်လားကွ’

‘ဒါနဲ့ နေစမ်းပါဦး၊ ငါတို့ မသိရသေးတဲ့ မင်းဦးလေးရဲ့ ဒုတိယနှလုံးသားမြို့ဟောင်းတူးဖော်မှု အစီရင်ခံစာလေး တင်သွင်းစမ်းပါဦးဟ ဝင်းမော်ဦးရ’

‘ကြားချင်ကြတယ်ပေါ့ … ဟုတ်လား … အဟင်း… ဒီလိုကွ’

* * *

ဝင်းမော်ဦး တက္ကသိုလ် ဒုတိယနှစ်စာမေးပွဲ ဖြေအပြီးတွင် အောင်ခြံသို့ မိသားစုအသစ်များ ပြောင်းလာသည်နှင့် ကြုံရ၏။ ထိုမြင်ကွင်းကို ဝင်းမော်ဦးနှင့် လေးလေးတို့ ဝရန်တာမှ စောင့်ကြည့်နေမိသည်။ အိမ်သားဘယ်နှစ်ယောက်ပါသနည်း။ ကျားဘယ်နှစ်ယောက် မဘယ်နှစ်ယောက်ဆိုတာကို စေ့ငုစူးစမ်းကြသည်။

အိမ်ပြောင်းသည့်နေ့မို့ ကူညီသယ်ပိုးပေးကြသူတွေလည်း များသဖြင့် လူဦးရေကို အမှန်တွက်၍ မရ။ သို့သော် အမျိုးသမီးက နှစ်ယောက်သာ တွေ့ရ၏။ တစ်ယောက်က ငါးဆယ်ကျော် တစ်ယောက်က သုံးဆယ်ကျော်ဆိုတော့ လေးလေးတို့ အရွယ်ဝတ်တစ်ယောက်သာပါ၍ ဝင်းမော်ဦး စိတ်မဝင်စားတော့ဘဲ အိမ်ထဲဝင်ခဲ့သည်။ မလျှော့သော ဇွဲလုံ့လနှင့် ကျန်ခဲ့သူက လေးလေးသာ ဖြစ်၏။

ထိုကိစ္စနှင့် ပတ်သက်၍ ဝင်းမော်ဦး မေ့မေ့ပျောက်ပျောက် ဖြစ်သွားသော်လည်း မမေ့သူက လေးလေးသာ ဖြစ်သည်။ တစ်ည…

‘ဟေ့ကောင်… မနက်ဖြန် အလှူရှိတယ်၊ ဝါးတီးလိုက်မလား’

‘ဘယ်မှာလဲ လေးလေး’



www.burmeseclassic.com

www.burmeseclassic.com

'ဟိုဘက်ခြံ'

'ဗျာ'

'အိမ်တက်ဖိတ်ထားတယ်ကွ၊ တစ်ယောက်တည်း ကြောင်နေမှာစိုးလို့ လိုက်ခဲ့ပါလား ငါ့တူရာ'

'အခြေအနေတွေ တိုးတက်နေပါလား၊ ပြောပါဦး သူတို့ ပုံစံ(၁၀)မှာ မိန်းကလေးဘယ်နှစ်ယောက်ပါလဲ'

'မမျှော်နဲ့ သရေမကျနဲ့ မင်းတို့ဆိုဒ် မပါဘူး'

'ဟုတ်ပါပြီ ဘာကျွေးမှာတဲ့လဲ'

'ဒန်ပေါက်တဲ့ဗျား'

'ဟား… လိုက်ပြီဗျာ၊ အိမ်နီးနားချင်းတွေ ဆိုတော့ ဘယ်ကောင်းမလဲ၊ ခင်ခင်မင်မင် ဆက်ဆံရမှာပေါ့၊ မိတ်ဆွေတိုးလာတာ ရန်သူတိုးလာတာထက် ကောင်းပါတယ်'

'အောင်မာ… ဒန်ပေါက်မျက်နှာနဲ့ ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေသေးတယ်၊ လိုက်မယ်ဆိုပြီးရော၊ အဟင်း… အဲဒီမှာ မယဉ်လေးသိမ့်တဲ့ သိပ်ယဉ်ကျေးသိမ်မွေ့တဲ့ အမျိုးသမီးတစ်ယောက်ရှိတယ် သူက မဖြစ်မနေ ဆက်ဆက်လာဖို့ ခခယယ ဖိတ်သွားတာကွ၊ အားနာစရာကြီး'

'ဟဲ… ဟဲ ပစ်မှတ်တွေ့ပြီ ဆိုပါတော့'

'မင်းကလည်းကွာ မှန်တာတွေ ပြောနေပြန်ပါပြီ'

နောက်တစ်နေ့ မနက်ဆယ်နာရီလောက်တွင် ဝင်းမော်ဦး လေးလေးနှင့် ခြံကူးကာ ဝါးတီးဖွင့်ဖို့ ချိတက်လာခဲ့၏။ လေးလေးပြောသလိုပင် မယဉ်လေးသိမ့် ဆိုသူ အစ်မကြီးက ယဉ်ကျေးသိမ်မွေ့ ဖော်ရွေပျူငှာစွာ ဆီးကြိုနေရာပေးသည်။ စစ်မှန်သော ဒန်ပေါက်ပြင် ကျွေး၏။ ပြီးတော့ အနားမှာထိုင်ပြီး လိုအပ်တာဖြည့်ဆည်း ဧည့်ခံသေးသည်။

'ဒီက မောင်လေးက…'

'သြော်… ဒါ ကျုပ်တော့်တူလေ၊ အစ်မရဲ့သား သူ့အဖေက သင်္ဘောကတ်ပတိန် ခုလည်း ကမ္ဘာပတ်နေလေရဲ့'





'ဟုတ်လား အစ်မကြီးတော့ ခေါ်ခဲ့တာ မဟုတ်ဘူး'

'အစ်မက သွေးတိုးရှိတော့ မတည့်လို့လေ'

'သြော်… မောင်လေးကကော ကျောင်းတက်တုန်းလား'

'ဟုတ်ကဲ့… M.B.A စကောင်း(ဒ်)ရီးယား ဖြေထားပါတယ်၊ နာမည်က ဝင်းမော်ဦးပါ'

'တော်လိုက်တာကွယ်၊ အစ်မတို့တော့ B.A ရအောင်တောင် မနည်းလုပ်ခဲ့ရတာ'

ဝင်းမော်ဦး ရှက်သလိုဖြစ်ပြီး ဒန်ပေါက်ကိုသာ ကုန်းအုပ်နေသဖြင့် လေးလေးက ဆက်ဖောနေ၏။

'ခေတ်ကိုက ပညာခေတ်လေ မယဉ်လေးသိမ့်ရဲ့၊ မတော်ရင် ပြုတ်ကျန်ခဲ့မှာ'

'ဟုတ်တယ်နော်'

'ဒါနဲ့ မယဉ်လေးသိမ့် အလုပ်ဝင်နေပြီလား'

'အဟင်း… အမေက နေမကောင်းတော့ အဖေနဲ့ အစ်ကိုတွေ ရှာတာကိုပဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အိမ်တွင်းမှုပဲ လုပ်နေရတာလေ'

'ဒါလည်း ပြီးတာပါပဲ၊ အိမ်တွင်းမှုနိုင်တဲ့ မိန်းကလေးရှိတဲ့ အိမ်မှ စီးပွားတက်မှာလေ'

လေးလေး လေတွေဖောနေရသဖြင့် သူ့ပန်းကန်ထဲမှ ဒန်ပေါက်များ အစာအိမ်ထဲရောက်ဖို့ အတော်အချိန်ယူနေရ၏။ စကားတွေကလည်း ပြောမကုန်အောင် လေပေးဖြောင့်လျက်ရှိသည်။ နာရီဝက်လောက်အတွင်း သူ့အိမ် ကိုယ့်အိမ်အကြောင်း ပြည့်ပြည့်စုံစုံ သိသွားကြ၏။

ထိုသို့ ရင်းနှီးမှုတည်ဆောက်ပြီး စခဲ့သည့်ခင်မင်မှုက နှစ်လသုံးလလောက်အတွင်း အုံမခန်း အကျွမ်းဝင်သွားခဲ့သည်။ ဖြစ်ပုံက အဖေနှင့်အစ်ကိုတွေ စီးပွားရှာထွက်ကြပြီဆိုလျှင် အိမ်မှာ နေမကောင်းသည့် အမေနှင့် ယဉ်လေးသိမ့်တို့သာ ကျန်ခဲ့၏။ ဒီတော့ မီးပူပျက်တာကအစ၊ မီးချောင်းကျွမ်းတာကအစ၊ ရေမော်တာပျက်တာကအစ၊ အားလုံး လေးလေးကို အားကိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

လေးလေးကလည်း မရိုးသားရင်းစွဲ ရှိသည်မို့ အစွမ်းကုန် ကူညီပေးခဲ့၏။ တိုတိုပြောရလျှင်တော့ ရင်းနှီးမှုလေးလလောက်တွင်ပင် လေးလေးနှင့် ယဉ်လေးသိမ့်တို့ သမီးရည်းစား ဖြစ်သွားကြသည်။

လေးလေး ကုသိုလ်ကံက ဆန်းတော့ဆန်း၏။ ပထမတစ်ယောက်တုန်းက အိမ်တွင်းမှာပင် အနီးကပ် ချစ်ခွင့်ရခဲ့သလို၊ ခုတစ်ယောက်ကျတော့လည်း အိမ်ဘေးကပ်ရက်မို့ လွမ်းစရာပင် မလိုလောက်အောင် အဆင်ပြေခဲ့ပြန်သည်။ ကြာတော့ ပုံနှိပ်စက်သွားဖို့ပင် အတင်းတိုက်တွန်းရသည့် အဆင့်သို့ ရောက်ခဲ့၏။

ယဉ်လေးသိမ့်က နေမကောင်းသည့် အမေကို ပြုစုကျွေးမွေး ဆေးတိုက်သိပ်ပြီးသည်နှင့် အားလပ်သွားသည်။ အိမ်ရှေ့ပေါ်မှ မထနိုင်သည့် မိခင်ကြီးကို ပစ်ထားပြီး အိမ်ကြီးထဲက အခန်းတစ်နေရာမှာ လေးလေးနှင့် ချိန်းတွေ့တော့သည်။ ချစ်ရည်လူးတော့သည်။ ပန်းခြံထက် ပိုမိုလုံခြုံသော ရုပ်ရှင်ရုံထက် ပို၍လွတ်လပ်သော ဝန်းကျင်တွင် လေးလေးတို့ အချစ်ဇာတ်လမ်းက ဇာတ်ရှိန်အမြင့်ဆုံးထိ တက်သွားခဲ့သည်။

'ကို... ဒီလိုပဲ နေကြတော့မှာလား၊ သိမ့်ကို လက်ထပ်မယူတော့ဘူးလား'

'ယူမှာပေါ့ သိမ့်ရယ်၊ လက်ထပ်မှာပေါ့'

'ဘယ်တော့လဲ'

တိတိကျကျ မေးလာတော့ အောင်လွင် ခေါင်းကုတ်သွား၏။ သူ့မှာက အစ်မနှင့်တူကို စောင့်ရှောက်ဖို့ တာဝန်ရှိနေသည်။ ယောက်ဖ သင်္ဘောလိုက်ရာက ပြန်လာမှ သူလွတ်လပ်ခွင့် ရမည်။ ပုံနှိပ်စက်လုပ်ငန်းကိုလည်း ကြီးကြပ်နေရသည်။ တာဝန်တွေကများနေ၏။

'ပြောလေလို့'

'ယောက်ဖ သင်္ဘောလိုက်က ပြန်လာတာနဲ့ တိုင်ပင်ပြီး လက်ထပ်ပါမယ် သိမ့်ရယ်'

'ဘယ်လောက် ကြာဦးမှာလဲ'





'ခြောက်လ တစ်နှစ်ပေါ့၊ ဒီကြားထဲ သည်းခံစောင့်ပါဦး သိမ့်ရယ်'

'လက်ထပ်ပြီးရင်ကော ဘာလုပ်စားကြမှာလဲ'

'အဲဒါတော့ မပူပါနဲ့ သိမ့်ရယ်၊ ကိုယ်တို့က မောင်နှမနှစ်ယောက်တည်းရှိတာ ယောက်ဖကလည်း သူဌေး၊ ပြီးတော့ ကိုယ်တို့ အမွေခွဲပြီးသား ဘဏ်မှာသိန်းတစ်ရာ အပ်ထားတယ်လေ'

အာမခံစကားတွေ ကြားရတော့ ယဉ်လေးသိမ့် ဘဝင်ကျသွား၏။ သို့နှင့် လေးလေးတို့ ချစ်ဇာတ်လမ်း တဖြည်းဖြည်း သက်တမ်းရင့်လာသလို ပွဲလည်းကြမ်းလာသည်။ တစ်နေ့မှာတော့...

ထိုတစ်နေ့က လွန်စွာအရေးကြီးသော နေ့လည်း ဖြစ်သလို ခြံချင်းကပ်အိမ်နှစ်အိမ်လည်း အကြီးအကျယ်ပြဿနာ တက်ခဲ့ရ၏။ ယဉ်လေးသိမ့် အမေ နာတာရှည်ရောဂါသည်၏ အခြေအနေ တဖြည်းဖြည်း ပိုဆိုးလာခဲ့သည်။ ငွေကြေးတတ်နိုင်သူများမို့ အကောင်းဆုံးဆေးရုံဆေးခန်းပေါင်းစုံတင်ကာ ကုသပြီးခဲ့ပြီ။ အထူးကုဆရာဝန်ကြီးသုံးယောက်လောက်က လက်ခါ၊ ခေါင်းခါပြကြသဖြင့် အိမ်ပြန်သယ်လာပြီး အချိန်စောင့်နေကြခြင်းလည်း ဖြစ်သည်။

သည်တော့ ပြောရရင် မိသားစုတွေက လူမမာအတွက် ပွဲပမ်းနေကြပြီ။ သိပ်ဂရုမစိုက်အားတော့ ဒီအထဲမှာ ယဉ်လေးသိမ့်က အဓိကပန်းဆုံး ဖြစ်၏။ ဖြစ်နေတာက အမေဆိုတော့ ချေး၊ သေးကိစ္စ အဝတ်အစားလဲတာ၊ ရေပတ်တိုက်တာကအစ အားလုံး ယဉ်လေးသိမ့် တာဝန်ဖြစ်နေ၏။

ထိုတာဝန်ရှင်မှာ ရည်းစားရလာသလို ထိုရည်းစားက အိမ်နီးချင်းဖြစ်နေတော့ အတွေ့အဆုံများလာပြီး အမေကို ပြုစုရမည့် တာဝန်များ လစ်ဟင်းလာသည်။ အမေကို ပစ်ပြီး ရည်းစားနှင့်သာ ချိန်းတွေ့သာယာနေတော့၏။ ချိန်းတွေ့သည် ဆိုမှတော့ အထိအတွေ့ အပွေ့အဖက်တွေ ပါလာသည်။ သာယာမှုနှင့် နစ်မွန်းကာ လောကကြီးကို မေ့နေကြ၏။ ထိုအခိုက်မှာပင်...


www.burmeseclassic.com

www.burmeseclassic.com

'ဟင်… မိသိမ့်… ဒါ… ဒါ ဘာလုပ်နေတာလဲ'

ရုတ်တရက် ကြားလိုက်သော အသံနက်ကြီးကြောင့် အောင်လွင်နှင့် ယဉ်လေးသိမ့်တို့ တုန်တက်အောင် လန့်သွားပြီး လှည့်ကြည့်တော့ ယဉ်လေးသိမ့် အဖေကြီးကို တွေ့လိုက်ကြရ၏။

'ဟင်… ဖေဖေ'

ချစ်ရေယဉ်ကြောမှာ မျောပါမိကြသဖြင့် ကားသံကို မကြားလိုက်သလို အိမ်ထဲဝင်လာတာလည်း မသိလိုက်ကြသဖြင့် ဝက်ပင်းမိသွားခဲ့သည်။

'မိသိမ့်… ပြောစမ်း၊ ဒါ ဘယ်က ကောင်လဲ ဘယ်သူလဲ'

ယဉ်လေးသိမ့် အကြောက်လွန်ပြီး အသံပါပျောက်သွား၏။ ဒီတော့ ဖြေရှင်းချက်ကို အောင်လွင်ကပဲ ပေးရတော့သည်။

'ကျွန်တော့်နာမည် အောင်လွင်ပါ၊ ဟိုဘက် တိုက်ကပါ၊ ပုံနှိပ်စက်လုပ်ငန်း လုပ်ပါတယ် ခင်ဗျာ၊ မိကောင်းဖခင် သားသမီးတစ်ယောက်ပါ အန်ကယ်'

ရှင်းလင်းချက်ကြောင့် အန်ကယ်ကြီး မျက်နှာကြော လျော့သွားပြီး ပြတင်းမှ လှမ်းမြင်ရသည့် အောင်လွင်တို့ တိုက်ကြီးကို လှမ်းကြည့်လိုက်သည်။ ဒေါသတော့ ပြေသေးဟန်မတူ။

'မိသိမ့်… နင်တို့ ဒီလို ဖြစ်ချင်တိုင်းဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'

'နှစ်… နှစ်လ ရှိ… ရှိပါပြီ အဖေ'

'ဘာ… ငါတို့ အိမ်ပြောင်းလာတာမှ ငါးလမပြည့်သေးဘူး၊ နင်… နင်တော့လား'

ဆက်နွယ်မှု သက်တမ်းကို သိရတော့ အဘိုးကြီး ပေါက်ကွဲသွားပြန်သည်။ ပြဿနာက ထိုမျှနှင့် မပြီးသေး၊ ဖအေတစ်ယောက်က သမီးရင်းတစ်ယောက် ရည်းစားနှင့် ပလူးနေတာကို မျက်ဝါးထင်ထင် မြင်ရ၍ ဒေါသဘားဆုံးသွားသလို ငါးလဆိုသော အချိန်တိုအတွင်း ရည်းစားသက် နှစ်လရနေသော သမီးကြောင့် ပိုပြီး ပေါက်ကွဲသွား၏။ ယောက္ခမလောင်းကြီးက အိမ်ပေါ်သို့ တစ်ချက်လှမ်းကြည့်ပြီး…





'နင့် အမေရော'

'ရှိ… ရှိပါတယ် အဖေ'

'ရှိတာတော့ နင်ပြောမှလား၊ အိပ်ရာထဲ လဲနေတာလေ ဘယ်ကိုထသွားလို့ရမှာလဲ'

'ဟို…, ဟို… ဆေးတိုက်ပြီး သိပ်ထားပါတယ် အဖေ'

'ဘယ်လောက်ကြာပြီလဲ'

'အဲ… နှစ်… နှစ်နာရီတော့ ရှိပြီ အဖေ'

ယဉ်လေးသိမ့် အဖြေကြောင့် သူ့အဖေမျက်နှာတွင် စိုးရိမ်စိတ်တို့ လွှမ်းခြုံသွား၏။ နာရီကို ပြန်ကြည့်ပြီး စိတ်ပူသွားဟန်နှင့်…

'ငါ တစ်နေ့လုံး စိတ်ထင့်နေတာ ဘာလုပ်လုပ် အဆင်မပြေဘူး၊ ဟိုဟာ ကျကွဲ ဒီဟာကျကွဲနဲ့'

အန်ကယ်ကြီးက ပြောပြောဆိုဆို အိမ်ပေါ်သို့ ပြေးတက်သွား၏။ ယဉ်လေးသိမ့်လည်း ပျာယာခပ်ပြီး လိုက်ပါသွားသည်။ အောင်လွင်တစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ အူကြောင်ကြောင်နှင့် ကျန်ခဲ့၏။ ထိတ်လန့်တုန်လှုပ်စွာနှင့် မိနစ်ပေါင်းများစွာကို ဖြတ်သန်းပြီးနောက်…

'အမေ… အမေ… အမေ့ သမီးတို့ကို ထားခဲ့ပြီလား အမေရဲ့'

ကြားလိုက်ရသော အသံကြောင့် အောင်လွင့် ဆံပင်များ ထောင်ထသွားအောင် အထိတ်တလန့် ဖြစ်သွားရတော့၏။ ပြဿနာက စကြာဝဠာလို ကြီးမားပြီး အစီစီတိုင်အောင် နက်နဲသွားပြီ ဖြစ်ကြောင်းလည်း သိလိုက်မိသည်။ သိပ်မကြာလိုက် ဝုန်းဒိုင်းကျဲ အသံများ ထွက်ပေါ်လာပြီး ယဉ်လေးသိမ့် ဆင်းပြေးလာ၏။ နောက်မှ တုတ်တစ်ချောင်းကိုင်ပြီး ယောက္ခမလောင်းကြီး လိုက်လာသည်။

တဖုန်းဖုန်းနှင့် ရိုက်နှက်ရင်း…

'ဟင်… အမေ အသက်ထွက်တာတောင် မသိလောက်အောင် ကမြင်းထတဲ့ သမီးမိုက် သေစမ်း… သေစမ်း'



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက် ဆိုလိုက် ရိုက်လိုက်နှင့် လှေကားမှာ ဝုန်းဒိုင်းကျဲနေရာရင်း ယဉ်လေးသိမ့် လှေကားလေးထစ်လောက်မှ ပြုတ်ကျလာ၏။ အောင်လွင် ကမန်းကတန်း ပြေးပွေ့မိသည်။ ဖြစ်နေသောအဖြစ်အပျက်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်း မရှိတော့ဘဲ အချစ်ကိုရှေ့တန်းတင်ပြီး ချစ်သူအရိုက်ခံရမည့်အရေးမှ အကာအကွယ်ပေးနေမိ၏။

ထိုအခါ အရိုက်ခံရသူမှာ အောင်လွင် ဖြစ်သွားသည်။ နှီးသည် ဆုံးရသည့် ကြေကွဲပူဆွေးမှု၊ သမီးကို မတော်မတည့် မြင်တွေ့ရမှု ထိုအဖြစ်နှင့် ဆက်နွယ်ပြီး အမေတစ်ယောက်လုံး ဘယ်အချိန်ဆုံးသွားမှန်း မသိလိုက်ရသည့် အဆိုးဝါးဆုံး အဖြစ်အပျက်ကြီးအတွက် ထွက်လာသည့် ဒေါသများက တုတ်ချက်များအဖြစ် ပြောင်းလဲသွားတော့သည်။

စာရင်းချုပ်လိုက်တော့ အရိုက်ခံရသည့် ဒဏ်ရာဒဏ်ချက်များကြောင့် အောင်လွင် အိပ်ရာထဲလဲနေသည်မှာ ယောက္ခမလောင်း ရက်လည်သွားပြီး မုန့်ဟင်းခါးတောင် မစားနိုင်ခဲ့။ အရပ်ထဲမှာလည်း အောင်လွင်နှင့် ယဉ်လေးသိမ့် အကြောင်းက ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေပြီ၊ ယဉ်လေးသိမ့် အစ်ကိုများ မောင်များက အိမ်ရှေ့မှ အောင်လွင့်နာမည်ကို အော်ခေါ်ပြီး နည်းမျိုးစုံနှင့် ဆဲ၏။

ဒေါ်စန်းယုမော်၊ ကိုအောင်လွင်နှင့် ဝင်းမော်ဦးတို့ ထွက်ပြီးရန်တွေ့ဖို့ နေနေသာသာ နားရွက်ပင် မခတ်ရဲကြ။ ပိုပြီး ခံစားရသည်က ယဉ်လေးသိမ့်သာ ဖြစ်သည်။ အမေ ဆုံးရှုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး မိသားစုနှင့် အရပ်ထဲမှာပါ မျက်နှာမပြရဲလောက်အောင် အပြောအဆို ခံခဲ့ရ၏။ အများတံတွေးခွက်ထဲ ပက်လက်ကော မှောက်ခုံပါ မျောခဲ့၏။

သို့သော် တော်သေးသည်ဟုသာ ဆိုရမည်။ အသုဘရက်လည်ပြီး နောက်နေ့မှ စ၍ ယဉ်လေးသိမ့်တို့ တစ်အိမ်လုံး ပြောင်းပြေးသွားကြသည်။ ထိုအခါမှ အောင်လွင် အပြင်ထွက်ရဲ၏။ ယဉ်လေးသိမ့်





တို့ ဘယ်ပြောင်းသွားသလဲ ဆိုတာ စုံစမ်းရ၏။ သတင်းအစအနမပြောနှင့် အနံ့ပင်ခံ၍ မရတော့။

သုံးလခန့်အကြာတွင် ပွဲစားမှတစ်ဆင့် အိမ်ရောင်းသွားတာသိလိုက်ရပြီး လူသစ်များပြောင်းလာကြခြင်းဖြင့် ခြံချင်းကပ် ဇာတ်လမ်းတစ်ခန်းရပ်သွားသည်။ ထိုအချိန်ထိ ယဉ်လေးသိမ့် သတင်းကိုစုံစမ်း၍ မရသဖြင့် အောင်လွင် ဗုန်းဗုန်းလဲပြန်သည်။

ထိုအခါ ရှေးနည်းအတိုင်း ရိပ်သာဝင်ပြီး ဘုရားကု ကုရပြန်တော့၏။

* * *

ဝင်းမော်ဦး ပြန်ပြောင်းပြောပြမှု အပြီးတွင် သော်ကနှင့်မင်းဝေတို့ အားမနာ ပါးမနာ ရယ်ကြတော့သည်။ တံတွေးသီးကာမျက်ရည်လည်သည်အထိ တစ်ယောက်တစ်လှည့်ပြန်ပြန်ပြောပြီး ရယ်ကြ၏။ ကြာတော့ ဝင်းမော်ဦး မခံနိုင်တော့...

'ဟေ့ကောင်တွေ ဘယ်လိုဖြစ်နေတာလဲ၊ သူများတကာအသည်းကွဲတဲ့ ကိစ္စက ဒီလောက် ရယ်စရာကောင်းနေလား'

ဝင်းမော်ဦး ဘုတောသည့် ဒေါသစကားကို ကြားရမှ နှစ်ကောင်သား မျက်နှာပိုးသတ်ပြီး ရယ်ရှိန်ကို ဘရိတ်အုပ်ကြ၏။ ဒါတောင် တခွိခွိနှင့် ဖြစ်နေသေးသည်။

'မဟုတ်ပါဘူးကွာ၊ မင်းဦးလေးရဲ့ ဇာတ်လမ်းကို သဘောကျပြီး စွမ်းဆောင်မှုတွေကို လေးစားလွန်းလို့ပါကွ၊ ဟဲ... ဟဲ'

'ဟုတ်ပါတယ် ဝင်းမော်ဦးရာ၊ လှောင်တာ မဟုတ်ပါဘူး'

'အေး... ဘောလုံးပွဲကြည့်တဲ့သူက ကစားတဲ့သူထက် ပိုပြီးအကွက်မြင်တတ်တယ် ဆိုသလို လေးလေးရဲ့ အချစ်ကစားကွက်တွေကို ကြည့်ပြီး ဆောင်ရန်ရှောင်ရန်တွေ ထုတ်နုတ်နမူနာယူရင်း လိုယ်တိုင်ကစားရမယ့်ပွဲမှာ သုံးနိုင်ဖို့ ကြိုးစား'

www.burmeseclassic.com

'ဟဲ့… ဟဲ… ဟဲ အေးပါကွ'

စကားကောင်းနေကြသဖြင့် အပေါ်ယံကြောတင်းပြီး အေးစက်ကုန်ပြီ ဖြစ်သည့် လက်ဖက်ရည်ကို ကောက်မော့လိုက်ကြရင်း…

'ကဲ… ဒီနေ့ တို့တွေ ဘာလုပ်ကြဦးမလဲ'

သော်က၏ အမေးကို မင်းဝေက စပ်ဖြဲဖြဲနှင့်…

'မာဆတ် သွားမယ်'

'မလုပ်ပါနဲ့ကွာ၊ မာဆတ်မှာလာနှပ်ရင်း အသပြာပြတ်သွားတဲ့ သူတွေ များနေပြီနော်၊ သိပ်ညောင်းနေရင် ပန်းဆိုးတန်း ကုန်းတံတား အောက်ကိုသွား ပေါ်ပေါ်ထင်ထင်ပဲ အနှိပ်ခံ အဲဒါ အကောင်းဆုံးပဲ'

'ကဲပါကွာ အားလုံး အန္တရာယ်ကင်း ဘေးရှင်း အင်တာနက်ပဲ သွားကလိရအောင်'

ဝင်းမော်ဦး၏ ဆုံးဖြတ်ချက်ကို အားလုံး သဘောတူပြန်နှင့် လက်ဝါးချင်း ရိုက်လိုက်ကြ၏။

□ □ □



## အခန်း(၅)

ကောင်းကင်ကြီး ဘယ်လောက် ပြာသလဲ၊ မနေ့က အပြာနဲ့ ဒီနေ့အပြာရောင်မှာ ဘယ်နေ့ရဲ့ အပြာက ပိုရင့်သလဲ၊ အဲဒါကို မှတ်သားပြီး စစ်တမ်းတစ်ခု ပြုလုပ်ဖို့ သူ့မှာ ဆန္ဒမရှိပါ။ ၂၀၁၁ခုနှစ်၊ တပေါင်းလပြည့်နေ့က လနှင့်ကမ္ဘာ အနီးဆုံးအကွာအဝေးသို့ ရောက်ရှိခဲ့သည်တဲ့။ ထို့အတွက် စကြာဝဠာကြီး ဘာတွေ ပြောင်းလဲသွားမှာလဲ။ ကမ္ဘာကြီးအတွက် ဘယ်လိုကောင်းကျိုးတွေ ဖြစ်မှာလဲ။ ဒါမှမဟုတ် ဘယ်လို ဆိုးကျိုးတွေ ဖြစ်လာမှာလဲ။ ဒါကိုလည်း ဝင်းမော်ဦး စိတ်မဝင်စားပါ။ လောလောဆယ် သူ့ခေါင်းထဲမှာ တွေးနေတာက ရှုတိုင်းယဉ်အား မည်သို့ မည်ပုံ ဆက်ပြီးချဉ်းကပ်ရမလဲဆိုတာသာ ဖြစ်သည်။

သူ ရှုတိုင်းယဉ်ကို လွမ်းနေခဲ့ပြီ။ တွေ့ချင်မြင်ချင်စိတ်တို့နှင့် ရင်ထဲမှာ လှိုင်းထနေ၏။ ဆုံနိုင်ခွင့်ကို ဘယ်လို ဖန်တီးရမလဲဆိုတာ တွေးရင်း ဦးနှောက်တွေ စားနေသည်။ အကြံက မထွက်၊ အမေ့ကို ခေါ်ပြီး သွားလည်ဖို့ ဆိုတာကလည်း မဖြစ်နိုင်။ အမေက တမ်းတသတိရပြီး လိုက်ပို့ပေးစမ်းပါ ဆိုရင်တော့ တစ်မျိုးပေါ့။ သူကစပူဆာရမှာမျိုးတော့ မလုပ်ချင် စကားမစချင် ဖြစ်နေသည်။

သို့နှင့်ပင် ရက်တွေ တစ်နေ့ပြီး တစ်နေ့ ပုပ်သိုးဆွေးမြည့်သွား၏။ ဒီနေ့တော့ မအောင့်အည်းနိုင်စွာဖြင့် ဖုန်းခေါ်ဆက်သွယ်မည်ဟု ဆုံးဖြတ်ထားသည်။ အလုပ်တွေ လုပ်နေရင်း အကြံထုတ်နေတာကလည်း သိပ်မဟန်လှ။ အလုပ်လည်း မပြီးသလို အတွေးကလည်း


www.burmeseclassic.com

www.burmeseclassic.com

မပြတ်။ ကြာတော့ စိတ်လေပြီး အလုပ်ကို ရပ်ထားကာ သက်သက်မဲ့ ထိုင်စဉ်းစားနေလိုက်၏။

လေးလေးလည်း အလုပ်ပြန်ဝင်နေပြီ ဆိုတော့ အရင်ကလို သိပ်ပူပန်နေစရာလည်း မလိုတော့။ တကယ်တော့ သူ့အနီးအနားမှာ အလုအပလေးတွေ သုံးလေးယောက်မက ရှိနေသည်။ သူခန့်ထားသော ဝန်ထမ်းစာရေးမလေးများ ဖြစ်၏။ တစ်ယောက်ဆို တော်တော်လေးလှသည်။ သို့သော် သူစိတ်ဝင်စား၍ မရ။ ခံစား၍ မရ။ ကောင်မလေးများကလည်း အလုပ်ရှင် လူပျိုသူဌေးနှင့် ငြိသွားပါက ဝမ်းစီးငြိမ်းပြီဟူသော အတွေးမျိုး ရှိနေကြသည် ထင်၏။

ထို့အတွက် ဝင်းမော်ဦးက လိုသည်ထက်ပိုပြီး တည်တည်တန့်တန့် ဆက်ဆံခဲ့သည်။ ကြာတော့ ကောင်မလေးတွေ မရောရဲကြတော့ဘဲ ခပ်တန်းတန်း ဖြစ်သွားကြ၏။ ပုံမှန်ဆက်ဆံရေးမျိုးသာ ရှိတော့သည်။ ထို့အတွက် ဝင်းမော်ဦး စိတ်သက်သာရာ ရမိ၏။ သူ့အနေနှင့် တကယ် မချစ်ဘဲ သာယာမှု မရှာချင်သလို အမြတ်ထုတ်အသားယူ စော်ကားရန်လည်း စိတ်ကူးမရှိချေ။ အတွေးတွေ ဗယောက်ဗယက်နှင့် ဆောက်တည်ရာမရ ဖြစ်နေစဉ် အလုပ်သမားလေးတစ်ယောက် ဝင်လာပြီး ဧည့်သည်ရောက်နေကြောင်း အသိပေးသဖြင့် ရုံးခန်းထဲမှ ထွက်လာခဲ့၏။

အပြင်ဘက် အလုပ်လက်ခံရာ ဌာနသို့အရောက် သူတွေ့လိုက်ရတာက ရွှတိုင်းယဉ် ဖြစ်နေ၍ ဝင်းမော်ဦး ဝမ်းသာသွားတော့သည်။ ကိုယ့်မျက်စေ့ ကိုယ်မယုံနိုင်အောင်လည်း ဖြစ်မိ၏။ မယုံကြည်နိုင်သလို လေသံမျိုးနှင့်…

'ရွှတိုင်းယဉ် ဟုတ်… ဟုတ်ပါတယ်နော်'

'မမှတ်မိတော့တာများလား ကိုဝင်းမော်ဦး'

'ဟာ… မမှတ်မိစရာ ရှိမလားဗျာ၊ ဝမ်းသာ အံ့ဩလွန်းလို့ မယုံနိုင်လောက်အောင် ဖြစ်နေတာဗျ'

'ဩော်… ဖြစ်မှ ဖြစ်ရလေရှင်'



'ထားပါဗျာ၊ ဘာကိစ္စများရှိသလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ'

'အင်း… ကိုဝင်းမော်ဦးတို့ ဆီမှာ ဖိတ်စာလည်း ရိုက်လို့ရတယ်လို့ ပြောဖူးသလားလို့'

'ဟား… ရတာပေါ့ ရွှတိုင်းယဉ်ရယ်၊ ရတာမှ ရေမွှေးဖိတ်စာ ယူမလား၊ အရောင်ပြောင်းဖိတ်စာ ယူမလား၊ အသံမြည်တဲ့ ဖိတ်စာ ယူမလား၊ ပြီးတော့ ယွန်းဖိတ်စာ၊ ပုရပိုက်ဖိတ်စာ၊ ဂျပ်ဘူးလေးတွေနဲ့ ထည့်ပေးတဲ့ ဖိတ်စာ၊ နှစ်ထပ်ဖိတ်စာ…'

'ဟိုး… တော်ပါပြီရှင်၊ ရပါပြီ လုံလောက်ပါပြီ၊ အရောင်ပြောင်းဖိတ်စာမှာ ရေမွှေးနဲ့ ထည့်လို့ရမလားရှင့်'

'ရတယ် ရွှတိုင်းယဉ် ဘာဖိတ်စာလဲ၊ အလှူလား မွေးနေ့လား'

'မဟုတ်ပါဘူး ကိုဝင်းမော်ဦးရယ်၊ ကျွန်မ အစ်မှာက မင်္ဂလာဆောင်ဖိတ်စာပါ'

'ဗျာ'

ရွှတိုင်းယဉ်ကို တွေ့မြင်လိုက်ရ၍ အပျော်စိတ်နှင့် ဝမ်းသာနေမှုများ ရုတ်ချည်းဆိုသလို အသက်ငင်သွား၏။

'ကျွန်မကို ဖိတ်စာနမူနာ ပုံစံလေးတွေ ပြပါဦး ကိုဝင်းမော်ဦး'

ရွှတိုင်းယဉ်က သွေးအေးစွာ ပြောနေနိုင်သလောက် ဝင်းမော်ဦးမှာ ဗင်ပိုင်းယား (သွေးစုပ်ဖုတ်ကောင်) တစ်ကောင်၏ အားပါးတရ သွေးစုပ်ယူခြင်း ခံလိုက်ရသူလို ဖြူဖတ်ဖြူရော် ဖြစ်နေလေ၏။

ဖိတ်စာနမူနာ တစ်ချို့ကို မှန်ရိုးကေ့(စ်)ထဲမှ လှမ်းယူလိုက်သော ဝင်းမော်ဦး၏ လှုပ်ရှားမှုက သံပတ်ပေးထားသော အရုပ်တစ်ရုပ်လို ဖြစ်နေခဲ့သည်။ ရွှတိုင်းယဉ်က ဘာမှ သတိမထားမိဟန်နှင့်ဖိတ်စာများကို စိမ်ပြေနပြေ ကြည့်ပြီး ရွေးချယ်နေလေ၏။

'ကျွန်မ ဒါလေးကြိုက်တယ် ကိုဝင်းမော်ဦး၊ ဘယ်လောက်ကျမလဲ ပြောပါဦး'


www.burmeseclassic.com

www.burmeseclassic.com

အကြိုက်တွေ့သွားသော ကလေးတစ်ယောက်လို ရွှင်မြူးစွာ ပြောလိုက်သည့် စကားနှင့် ရှုတိုင်းယဉ်၏ အမူအရာက ဝင်းမော်ဦးအား ကွဲရဲ့ လှောင်ပြောင်နေသလို ဖြစ်နေတော့သည်။

'ဟုတ်ကဲ့… တစ်စောင် သုံးရာပါ'

'ဟယ်… ဈေးကြီးလိုက်တာ ကျွန်မက တစ်ထောင်ရိုက်မှာ ဆိုတော့ သုံးသိန်းတောင်ကျမှာပေါ့ မလျှော့တော့ဘူးလား'

'အင်း… နှစ်သိန်းရှစ်သောင်းနဲ့ ပေးလိုက်မယ်လေ၊ ဒါမိတ်ဆွေတွေမို့ လျှော့ပေးတာ ပုံနှိပ်ခတောင် မကျန်ဘူး'

'သူ့ဈေးကလည်း ညည်းနေပြန်ပါပြီ၊ ကဲပါ… နှစ်သိန်းရှစ်သောင်း ဆိုတော့လည်း နှစ်သိန်းရှစ်သောင်းပေါ့၊ စရံတစ်သိန်းပေးခဲ့မယ်နော်'

'ရပါတယ် ရှုတိုင်းယဉ်၊ ဒါနဲ့ အရေးအကြီးဆုံး ဖိတ်စာစာသားတွေ စာစီခဲ့ရဲ့လား မသိဘူး'

'အယ်… ဟုတ်ပါရဲ့၊ အရေးကြီးတာမှ မေ့နေတယ်'

ရှုတိုင်းယဉ်က လက်ပွေ့အိတ်ကြီးထဲမှ ငွေတစ်သိန်းထုပ်တစ်ထုပ်နှင့် စာအိတ်တစ်အိတ် ထုတ်ပေးပြီး…

'နှစ်ဖက်ဆွေမျိုး မင်္ဂလာနေ့ရက် အချိန် အပြည့်အစုံပါတယ်နော်၊ ဒီစာအိတ်ထဲမှာ သီလား၊ စာစီတာတော့ မမှားပါစေနဲ့ရှင်'

'စိတ်ချပါ ကျွန်တော်တို့က အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ပေးတာပါ'

'ဒါဆို ကျေးဇူးပဲ ဘယ်နေ့ရမလဲဟင်'

'အင်း… သန်ဘက်ခါ ညနေဆို ရပါပြီ'

'ဟုတ်ကဲ့ ခွင့်ပြုပါဦးနော်'

'ကောင်းပါပြီဗျာ'

ရှုတိုင်းယဉ်က တက်ကြွလန်းဆန်း ရွှင်မြူးစွာ ထွက်ခွာသွားတော့၏။ ဝင်းမော်ဦး ရှုတိုင်းယဉ်ကို လှမ်းကြည့်ဖို့ပင် အားမရှိတော့ပါ။ သူ့အချစ်တွေကို ကြေညာခွင့်မရခင်မှာပင် တစ်ဖက်က ပြည်ဖုံး





ကား ချသွားခဲ့ပြီ။ သူ့ကို ရည်းစားတောင် မရှိသေးပါဘူးဟု ပြောပြီး မင်္ဂလာဖိတ်စာ လာအပ်သွားခဲ့တာက သူ့ကို လှောင်ပြောင်ကဲ့ရဲ့ဖို့က လွဲပြီး တခြားအကြောင်း မရှိနိုင်တော့။

ဝင်းမော်ဦး အကြီးအကျယ် စိတ်ဓာတ်ကျသွားသဖြင့် ဖိတ်စာရိုက်ရန်ကိစ္စကို အလုပ်သမားတစ်ဦးအား လွှဲပေးပြီး ပိုက်ဆံများ သိမ်းလိုက်၏။ ထိုစဉ် လေးလေး အလုပ်ခန်းထဲမှ ထွက်လာပြီး…

'ငါ့တူ ပိုက်ဆံတွေ သိမ်းပြီး ပြန်တော့မလို့လား'

'အဲ… ဟုတ်ကဲ့၊ သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေတာ သတင်းသွားမေးမလို့ လေးလေး၊ ကားယူမသွားတော့ဘူး၊ တက္ကစီနဲ့ပဲ ပြန်လာခဲ့မယ်'

'အေး… အေး'

လေးလေးရှိနေသဖြင့် စိတ်ချလက်ချ လေလွင့်ရန် ဝင်းမော်ဦး ထွက်လာခဲ့သည်။ သူထွက်လာတာက ရည်ရွယ်ချက်မရှိသဖြင့် ဘယ်ကိုသွားလို့ သွားရမှန်း မသိ။ ခြေဦးတည့်ရာ လျှောက်လာရင်း ဘီယာဆိုင်တစ်ဆိုင်ရှေ့ ရောက်နေတာ သတိပြုမိတော့ စိတ်အချဉ်ပေါက်ပေါက်နှင့် ဆိုင်ထဲ စွတ်ရွတ်ဝင်သွားလိုက်၏။

ဘီယာတစ်ဂျားနှင့် ဘာဗီကျူးတစ်ပွဲမှာပြီး စိမ်ပြေနပြေသောက်နေမိတော့သည်။ ချဉ်ပြုံးပြုံး ခါးသက်သက် အရသာက တဖြည်းဖြည်း ချိုမြလာသလို ခံစားရ၏။ ဘီယာတစ်ကျိုက် အသားကင် တစ်ကိုက်နှင့် ယောက်ျားစည်းစိမ်ကို မြည်းစမ်းပြီး မိန်းမကိုအတွေးထဲမှာ အမိဖွာယ် ဖွင့်ဆိုနေလိုက်သည်။

လေးလေးပြောတော့ မိန်းမဆိုတာ လက်သာရာမှာ ပျော်တတ်တဲ့ အမျိုးတဲ့။ အခုတော့ လက်သာမသာ သိရအောင် လက်ရည်စမ်းခွင့်မရခင်မှာပင် တစ်ဖက်သတ် အရှုံးပေးလိုက်ရပြီ။ သို့သော် သူ့အဖြစ်က လေးလေးလို အောင်မြင်မှု မရှိခဲ့သဖြင့် မာယာများတဲ့ မိန်းမ၊ လျှာနှစ်ခွနဲ့ မြွေပောက်မ၊ အသည်းစားဘုရင်မ စသည်ဖြင့် တရားဝင် နာမည်ပိုင်ခွင့် မရှိသလို ဘာမှ မပတ်သက်သေးသဖြင့် ကြေကွဲခွင့်လည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘာလို့ ဘီယာသောက်ပြီး အသားခြောက်ကောက်စားနေမိပါလိမ့်။ သေသေချာချာ စဉ်းစားကြည့်မှ အမြတ်တနိုးတန်ဖိုးထားခွင့်လေးတောင် မရလိုက်၍ သူ ထိထိခိုက်ခိုက် ဖြစ်သွားရတာဟု တွေးမိတော့ သူ့ကိုယ်သူ အတော်သနားသွား၏။ သူလွတ်သည့်ငါးကြီးနေမိတာပဲ ဖြစ်သည်။ ရှုတိုင်းယဉ်ကို ဦးနှောက်ထဲ နှလုံးသားထဲက မေ့ဖျောက်မပစ်နိုင်လျှင် သူ ဒု သ န သော ဖြစ်တော့မည်။

ထိုသို့ မဖြစ်စေလိုလျှင်တော့ ကိုရီးယားဇာတ်လမ်းတွဲတွေထဲကလို သူတို့ မြန်မြန်ကွာရှင်းကြမှ ဇာတ်လမ်းဆက်ခွင့် ရတော့မှာပဲ ဖြစ်၏။ အခုမှ လက်ထပ်ဖို့ ပြင်ဆင်နေသူများအား မြန်မြန်ကွဲပါစေ ဆုတောင်းနေရတာလည်း သိပ်တော့ မကောင်းလှ။ ဒီတော့ သီချင်းတစ်ပုဒ်ထဲကလို ဘောလုံးကို ကြုံးကြုံးကန်ဖို့သာ ရှိတော့သည်ပေါ့။

လက်ရှိအနေအထားအရ ဘောကန်ဖို့ မဖြစ်နိုင်သေးသည့်မို့ ဘီယာသောက် ဘာဘီကျူးစားကာ ဘောပွဲသာ ကြည့်နေလိုက်ရတော့၏။ ဘာမှ ဖြစ်လာတော့မှာမှ မဟုတ်ဘဲလေ။

* * *

နှစ်ရက်ဆက်တိုက် နှလုံးသားကို ဘီယာနှင့် ဆေးကြောပစ်ခဲ့ပြီးနောက် နံနက်စာဝိုင်းတွင် မေမေ၏ ဆူပူဆုံးမမှုနှင့် ဆုံစည်းရတော့၏။

'သား… ဘာတွေ ဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူး မေမေ'

ဝင်းမော်ဦး၏ အဖြေကြောင့် မေမေ့အကြည့်က လေးလေးထံ ရောက်သွားသည်။ လေးလေးက ခေါင်းတခါခါ လက်တခါခါနှင့်…

'မသိဘူး မမ၊ ကျွန်တော် ဘာမှ မသိဘူး၊ ထူးခြားဖြစ်စဉ်တွေလည်း ဘာမှ မရှိခဲ့ဘူး'

'သား… ဘာလို့ နေ့တိုင်းသောက်လာရတာလဲ၊ နှစ်ရက်ရှိပြီ





မေမေ မကြိုက်တော့ဘူးနော်၊ သား… ဘာတွေ ဖြစ်နေလဲ မှန်မှန်ပြောစမ်း'

သောက်ရခြင်း အကြောင်းအရင်းကို ပွင့်ပွင့်လင်းလင်း ဖြေရှင်းလို့ မဖြစ်သဖြင့် နောက်ထပ် မသောက်တော့ပါဟုသာ ကတိပေးလိုက်ရ၏။

'ဘာမှ မဖြစ်ပါဘူး မေမေရယ်၊ ပျင်းပျင်းရှိတာနဲ့ သောက်ဖြစ်သွားတာပါ'

'သားရယ် ပျင်းလို့ပဲ သောက်ရတယ်လို့'

'ဟုတ်သားပဲ ငါ့တူရာ၊ အပျင်းပြေကနေ စွဲသွားဦးမယ်နော်'

'ဒီနေ့က စပြီး မသောက်တော့ပါဘူး လေးလေးရာ'

ဝင်းမော်ဦး၏ ကတိစကားကြောင့် မေမေနှင့် လေးလေးတို့ သက်ပြင်းချလိုက်ကြသည်။

'ဒါဆို ပြီးရော ဒါပေမဲ့ ထပ်သောက်လာရင် သားဖေဖေဆီ ဖုန်းဆက်တိုင်မှာနော်'

'စိတ်ချပါ မေမေရာ၊ မသောက်ပါဘူးဆို'

လေးလေးက စားသောက်နေတာကို လက်စသတ်ပြီး…

'မမ… သူ့ကို မိန်းမပေးစားလိုက်ပါလား၊ အဲဒါမှ တာဝန်သိသွားမှာ'

'ဟာ… လေးလေး မချွန်နဲ့လေဗျာ'

'ဒါ ချွန်တာမှ မဟုတ်ဘဲ၊ မောင်လွင်ပြောတာ မှန်တယ်၊ သားအသက်လည်း မငယ်တော့ဘူး အိမ်ထောင်ပြုသင့်နေပြီပဲဟာ'

'မလုပ်ပါနဲ့ မေမေရာ၊ အေးအေးဆေးဆေး နေပါရစေ'

ဝင်းမော်ဦး ပြာပြာသလဲ ငြင်းသဖြင့် မေမေက မယုံသင်္ကာနှင့်…

'မဟုတ်မှလွဲရော သား အသည်းကွဲနေတာလား'

'ဟာ… မေမေကလည်း ရည်းစားမရှိတဲ့ လူက ဘယ်လိုလုပ် အသည်းကွဲမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို မေမေ ရှာပေးမယ်၊ သားသဘောကျတာမျိုး ဖြစ်စေရမယ်၊ ဘယ်လိုလဲ'

'သား တာဝန်မယူဘူးနော်၊ မေမေ စွတ်မလုပ်နဲ့ သားအိမ်ထောင်ဘက်ကို အဲလိုနည်းနဲ့တော့ မရွေးနိုင်ဘူး'

'ဒီမယ် ဝင်းမော်ဦး အစ်မရှာပေးတာ လက်မခံနိုင်ဘူးဆိုရင် မင်းဟာမင်း ရှာတော့ ဒီအရွယ်က အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ၊ သိပ်နောက်ကျသွားရင် မွေးလာတဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ရတာ သိပ်ပင်ပန်းတယ်ကွ'

'ဟုတ်တယ် သား'

မေမေနှင့် လေးလေး မဟာမိတ်ဖွဲ့ကာ အတင်းအကျပ် ပြောလာကြသဖြင့် ဝင်းမော်ဦး ကတိတစ်ခု မဖြစ်မနေ ထပ်ပေးလိုက်ရပြန်သည်။

'ကဲ... ဒါဆိုလည်း ဒီနေ့က စပြီး သားသဘောကျတာရှာမယ်၊ တွေ့ရင် အသိပေးမယ် လူကြီးချင်းသဘောတူတာမျိုးတော့ မလုပ်ပါနဲ့ ဟုတ်ပြီလား'

'သားသဘောပဲ တစ်ခုတော့ရှိတယ်၊ မြန်မြန်အကောင်အထည်ဖော်နော်'

'ဟုတ်ကဲ့ပါ မေမေ'

တောင်းဆိုမှုက ထိုမျှနှင့် ပြီးသွား၍သာ တော်တော့၏။ မေမေ့ကို နှုတ်ဆက်ပြီး လေးလေးနှင့်အတူ ပုံနှိပ်တိုက်ဆီသို့ ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံးလည်း လေးလေး၏ တိုက်တွန်းမှုကို နားကွဲမတတ် ကြားနာခဲ့ရပြန်၏။ လုပ်ငန်းခွင်ရောက်မှပဲ နားသက်သာရ ရတော့သည်။

အလုပ်လုပ်ရင်း ဒီနေ့ ဆက်သောက်ဖို့လည်း မဖြစ်နိုင်တော့သဖြင့် ရှုတိုင်းယဉ်အကြောင်း မတွေးမိအောင်သာ သတိထားနေရသည်။ မိန်းမယူဖို့ တရားထပ်မံနာကြားရမည်စိုးသဖြင့် လေးလေးနှင့် ထမင်းစားဖို့ပင် လိုက်မသွားဘဲ ပါဆယ်သာမှာလိုက်၏။





ဤသို့ ရောင်ရင်းတိမ်းရင်း တဖြည်းဖြည်း ညနေစောင်းလာခဲ့သည်။ ဒီနေ့ ရှုတိုင်းယဉ် ဖိတ်စာလာယူမည်မို့ လေးလေးကို အပြင်မှာ ထိုင်ခိုင်းရင်း ရုံးခန်းထဲဝင်ကာ ရှောင်နေမိ၏။ လက်ထပ်တော့မည့် ရှုတိုင်းယဉ်ကို ဘာမှမဖြစ်သလို အမူအရာမျိုးနှင့်တော့ သူမကြည့်လိုပါ။ သူ့အဖြစ်က အနှစ်သက်ဆုံး ကစားစရာ ပျောက်သွားသည့် ကလေးတစ်ယောက်မှ မဟုတ်ဘဲလေ။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည့်နောက် ရုံးခန်းတံခါး ရုတ်တရက် ပွင့်လာပြီး မြူးတူးသော အမူအရာနှင့် လေးလေးဝင်လာ၏။

'ဟေ့ကောင်... ရှုတိုင်းယဉ် ရောက်နေတယ်၊ မင်းနဲ့ တွေ့ချင်လို့တဲ့'

'မရှိဘူးပြောလိုက် လေးလေးရာ'

'ဟာ... ဘယ်လိုဖြစ်တာလဲ၊ မင်းပဲ ကြိုက်တယ်ဆို အခုလိုက်လာတာ ခွင်ပဲပေါ့ကွ၊ ထွက်တွေ့လိုက်စမ်းပါ'

'ဟာ... လေးလေးကလည်း သူမင်္ဂလာဆောင်ဖို့ အပ်ထားတဲ့ ဖိတ်စာလာရွေးတာဗျ၊ ကျွန်တော်က ထွက်တွေ့ပြီး ဘာလုပ်ရမှာလဲ'

'ဟေ... ဟုတ်လား၊ ဟာ... မဟုတ်သေးပါဘူး၊ အခုလာတာ ရှုတိုင်းယဉ်တစ်ယောက်တည်း မဟုတ်ဘူး၊ ကောင်မလေးတစ်ယောက်လည်း ပါသေးတယ်၊ သူက ဖိတ်စာကို တအားသဘောကျပြီး ရှုတိုင်းယဉ်ကို ကျေးဇူးတင်တယ်လို့ ပြောနေတာကွ'

'ဗျာ'

အခြေအနေက နည်းနည်းထူးဆန်းနေသည်။ သူကိုယ်တိုင်လည်း ရှုတိုင်းယဉ်ပေးသွားသော စာစီရမည့် စာရွက်ကိုလည်း မဖတ်မိခဲ့။ ရှုတိုင်းယဉ် မင်္ဂလာဆောင်မည့် ဖိတ်စာကော ဟုတ်ရဲ့လား။ အတွေးတွေက မဝံ့မရဲ။

'ဟေ့ကောင်... ရှင်းသွားအောင် ထွက်တွေ့လိုက်'

လေးလေးပြောတာ အကောင်းဆုံးပဲမို့ ဝင်းမော်ဦး သုတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com

ထကာ ရုံးခန်းထဲမှ ထွက်လိုက်၏။ ရှုတိုင်းယဉ်နှင့် သူငယ်ချင်းကို တွေ့ရသည်။

'ဖိတ်စာ သဘောကျရဲ့လား မသိဘူး'

ရှုတိုင်းယဉ်က သူ့အဖော်ကို တံတောင်နှင့် တွက်၏။

'ရှင်... ဪ... ဟုတ်ကဲ့ သဘောကျပါတယ်၊ တော်တော် ကောင်းသားပဲ'

'ဟုတ်ကဲ့ စာစီထားတာ အမှားအယွင်းပါသေးလား'

'ဖတ်ပြီးပါပြီ မပါပါဘူး'

ရှုတိုင်းယဉ်က ပိုက်ဆံတစ်သိန်းထုပ်နှစ်ထုပ် ထုတ်၍ နှစ်သောင်းရေတွက်ကာ နှုတ်ယူနေ၏။

'ကိုဝင်းမော်ဦး... တစ်သိန်းရှစ်သောင်း ကျန်တာနော်'

'ဟုတ်ပါတယ် ရှုတိုင်းယဉ်၊ စရံတစ်သိန်းပေးထားတာပဲ'

'ဘုရား... ဘုရား နှစ်သိန်းရှစ်သောင်း ကျတယ် ဟုတ်လား၊ သုံးသိန်းနီးပါးပါပဲလား၊ ဒါဆို နင် ငါ့ကိုသုံးသိန်းတောင် လက်ဖွဲ့တဲ့ သဘောပေါ့ ဟုတ်လား ရှုတိုင်းယဉ်'

'အင်းလေ... အဲဒါ ဘာဖြစ်လဲ'

'ကျေးဇူးတင်လိုက်တာဟယ်၊ ကိုဇော်သာသိရင် သိပ်ဝမ်းသာမှာ'

သူတို့အချင်းချင်း ပြောနေပုံအရ ဒီဖိတ်စာက ရှုတိုင်းယဉ်ကိစ္စ မဟုတ်တာ သေချာသလို ဖြစ်နေ၍ ဝင်းမော်ဦး ဖိတ်စာတစ်စောင် ကမန်းကတန်း လှမ်းယူကာ ဖွင့်ဖောက်ဖတ်ကြည့်လိုက်၏။ သတို့သား က ဗိုလ်ကြီးခင်ဇော်၊ သတို့သမီးက မြတ်ဆုရှင်တဲ့။ 'ဟား... ဟိုနေ့က တည်းက ဖတ်ကြည့်လိုက်ရမှာ ခုတော့ နှစ်ရက်တောင် အီဆိမ့်နေ အောင် ခံလိုက်ရတာပါလား' ဝင်းမော်ဦး မျက်နှာက ဆေးကြော်ပြာ ထဲမှ မင်းသားလို ချက်ချင်းပြောင်းလဲသွား၏။

'စိတ်ကူးကောင်းလိုက်တာ ရှုတိုင်းယဉ်ရာ၊ သူငယ်ချင်းအ တွက် ဖိတ်စာလက်ဖွဲ့တယ် ဆိုတာ တော်ရုံစိတ်ကူးမိမှာ မဟုတ်ဘူး'





'အဟင်း... နှစ်ယောက်စလုံး သိပ်ခင်ကြတာလေ'

'ဒီက မြတ်ဆုရှင်တို့ မင်္ဂလာဆောင်နဲ့ကိုလည်း ဂုဏ်ပြုပါတယ်ဗျာ'

'ဟုတ်ကဲ့'

'ရှုတိုင်းယဉ်တို့ကို တစ်ခုခုနဲ့ လိုက်ဧည့်ခံချင်တယ်'

'ကျေးဇူးပဲ ကိုဝင်းမော်ဦး၊ နေပါစေတော့ ကျွန်မတို့ အချိန်မရ လို့ပါ၊ ဝင်စရာလည်း ရှိသေးတယ်လေ'

'ဪ... ဟုတ်ကဲ့၊ ဒါနဲ့ အန်တီကော နေကောင်းရဲ့လား၊ မေမေကတောင် သတိရလို့ဆိုပြီး ပြောနေသေးတယ်'

'ကောင်းပါတယ်ရှင် အန်တီနဲ့ အလည်အပတ်လာခဲ့ကြပါဦး'

'ဟုတ်ကဲ့ပါ လာခဲ့ပါ့မယ်'

'ဒါဆို ခွင့်ပြုပါဦး၊ သွားမယ်နော်'

ဝင်းမော်ဦးက ပလပ်စတစ်ဆွဲအိတ်ထဲ ဖိတ်စာများထည့်ပေး ရင်း...

'ကောင်းပါပြီဗျာ... ကောင်းပါပြီ'

ရှုတိုင်းယဉ်တို့ ထွက်သွားတာကို မျက်စေ့တစ်ဆုံး လိုက်ကြည့် ရင်း ဝင်းမော်ဦး ပေါ့ပေါ့ပါးပါး ပြန်ပျော်သွားခဲ့သည်။ လေးလေး ထွက်လာပြီး...

'ဟေ့ကောင်... မျက်နှာမှာ ယင်တွေအုံနေပြီ'

ဝင်းမော်ဦး ယောင်ပြီး သူ့မျက်နှာကို ပွတ်သပ်မိသည်။

'ဟား... ဟား... ဟား... ဟား'

'ဝင်းမော်ဦး... မင်း တော်တော်ကြောင်တာပဲ၊ ရှုတိုင်းယဉ် ဖိတ်စာလာအပ်တာနဲ့ပဲ၊ စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်ပြီး စာရွက်တောင် ဖတ်မကြည့်ဘဲနဲ့ ဘီယာသောက်ပြီး အသည်းကွဲနေတာပေါ့ ဟုတ် လား'

'ဟဲ... ဟဲ ပြန်ပြောမနေပါနဲ့ လေးလေးရာ'

'ကဲ... ဟုတ်ပါပြီ၊ ဒီတော့ မင်း ဘာဆက်လုပ်မလဲ ပြော စမ်း'



www.burmeseclassic.com

www.burmeseclassic.com

‘ရှုတိုင်းယဉ်ကို အမြန်ဆုံး ရည်းစားစကား ပြောရမှာပေါ့’

‘သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ဆက်လုပ်’

‘ဒါဆို လေးလေးနဲ့သား တနင်္ဂနွေနေ့ကျရင် ရှုတိုင်းယဉ်တို့ဆီ သွားလည်ရအောင်’

‘မင်းအမေကို ခေါ်သွားပါလား’

‘ဟာ… အမေ မသိစေချင်သေးလို့ပါ’

‘မင်း တော်တော်ရှုပ်တဲ့ ကောင်ပဲ’

‘ဟဲ… ဟဲ လုပ်ပါ လေးလေးရာ၊ လိမ်မာပါတယ်’

‘မင့် ဘိုးအေကြီး လိမ်မာပါလား’

လေးလေး အလုပ်ခန်းထဲ ပြန်ဝင်သွားတော့ ဝင်းမော်ဦး သူ့အဖြစ်သူတွေးကာ ရယ်ချင်နေလေ၏။ ရှုတိုင်းယဉ် မင်္ဂလာဆောင်ဖိတ်စာ လာအပ်သည်နှင့် အဆုံးစွန်ထိတွေးကာ ဆင်ခြင်တုံတရားကိုတောင် လက်ကိုင်မထားနိုင်တော့အောင် ဖရိုဖရဲ ဖြစ်သွားခြင်းကို ခုမှ ပြန်တွေးပြီး ရှက်နေမိသည်။

အခုတော့ ဘာအမှားမှမပါဘဲ တစ်သက်လုံး လက်တွဲသွားနိုင်မည့် အခွင့်အရေးရအောင် ချစ်ခွင့်ပန်ဖို့ သူဆုံးဖြတ်လိုက်ပြီ။ ရိုးရိုးစကားမပြောဘဲ အမှတ်တရဖြစ်အောင် တစ်သက်လုံး ပြန်စဉ်းစားပြီး တသသပြန်တွေးနိုင်အောင် စနစ်တကျပြင်ဆင် ချစ်ရေးဆိုမည်ဟု တွေးပြီး ရင်တွေခုန်နေလေတော့၏။

ကျောက်ခေတ်နှောင်းလောက်မှ စပြီး လူနှင့် တိရစ္ဆာန်ကို အကြီးအကျယ်ကွဲပြား ခြားနားစေသော အကြောင်းများအနက် ချစ်ခြင်းမေတ္တာသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ကမ္ဘာဦးလူသားတို့၏ လက်ဆင့်ကမ်းအမွေ ချစ်ခြင်းမေတ္တာကို အမွေခံဖို့ ပြင်ဆင်ရင်း ဝင်းမော်ဦးတစ်ယောက် ဖလန်းဖလန်း ထနေလေတော့၏။

❒ ❒ ❒



## အခန်း(၆)

ကောင်းကင်က တိမ်ပန်းပုတွေကို ဘယ်သူကများ ထုသွားပါလိမ့်။ လှချက်က ကမ်းကုန်နေသည်။ မြင်ရသည့် တိမ်ဆိုင်တွေကို စိတ်အတွေးနှင့် ပုံဖော်နေလေ၏။ ချစ်စရာကောင်းလှသော ကောင်းကင်နှင့် တိမ်တိုက်ကြီး နာမကျန်းဖြစ်စ ပြုနေပြီတဲ့။ အိုဇုန်းလွှာတွေ ပါးလျားပြီး ပေါက်သည့်နေရာက ပေါက်နေပြီတဲ့။

သူတစ်သက်မှာတော့ ကမ္ဘာကြီးမပျက်စေလိုသေးပါ။ ချစ်ရသည့် ရှုတိုင်းယဉ်နှင့် ရွှေလက်တွဲ၍ သည်ကမ္ဘာကြီးထဲ လျှောက်သွားလိုပါသေးသည်။ မြောက်ဝင်ရိုးစွန်းမှာ ရေခဲထု ဘာကြောင့်ပိုမိုထူထပ်လာတာလဲ ဆိုတာ သိရအောင် ရှုတိုင်းယဉ်နှင့်အတူ သုတေသနပြုလိုပါသေးသည်။

သဘာဝဘေးဒဏ်မှ နှစ်သန်းပေါင်းများစွာ လွတ်ကင်းခွင့်ရခဲ့ပြီး နှစ်ထောင်ပြည့်လွန် နှစ်များကျကာမှ နာဂစ်တို့၊ ဂီရိတို့ ဘာကြောင့် ဝင်လာရပါသနည်း။ ငလျင်တွေလှုပ်၊ မြေတွေပြို၊ ရေတွေကြီး ဘာကြောင့်များ ဖြစ်ရပါသနည်း။ ထိုဒေသများဆီသို့ ဟန်းနီးမွန်းထွက်ရင်း ချက်ချင်းလက်ငင်း အဖြေရှာလိုပါသေးသည်။ ကိုယ်အသုံးပြုလိုက်သည့် ကြွပ်ကြွပ်အိတ်တစ်လုံးကြောင့် ကမ္ဘာကြီးအဖျားတက်ရသည် ဆိုလျှင် သင်ဆင်ခြင်ဖို့ ကောင်းမနေပေဘူးလား။

သင်သောက်သည့် ဆေးလိပ်တစ်လိပ်ကြောင့် ကမ္ဘာကြီးသားနာပေါက်သည် ဆိုလျှင် ဆေးလိပ်ဖြတ်ဖို့ မကြိုးစားသင့်ဘူးလား။ ရေခဲသေတ္တာ၊ ကွန်ပျူတာ၊ အဲကွန်းနှင့် မော်တော်ကားတို့အစ ဂက်(စ်)

www.burmeseclassic.com

ပါသော ဖျော်ရည်သောက်တာအဆုံး အားလုံးကို စွန့်လွှတ်ပြီး ကျောက်ခေတ်ကို ပြန်လည်ချီတက်ကြပါစို့၊ ဒါဆို ကမ္ဘာကြီး လုံးဝ နာလန်ထလာပါလိမ့်မည်။

ကမ္ဘာကြီးနာလန်ထဖို့ ကိစ္စတွေးရင်း နှလုံးသားဆူနာမိ မမိအောင် ဆိုင်ကလုံးရဲ့လိုတာ တည်ဆောက်ရန်အတွက် ဝင်းမော်ဦးနှင့် သူ၏ လေးလေး ရှုတိုင်းယဉ်တို့အိမ်သို့ ဦးတည်လာနေကြ၏။ ကားက မီးခိုးလိုက်နေသဖြင့် မောင်းနေရင်း ကောင်းကင်ကြီးကို အားနာနေမိသည်။

နာရီဝက်အလွင်း ရှုတိုင်းယဉ်တို့ ခြံသို့ ရောက်မှသာ၏။ တအံ့တဩနှင့် ဆီးကြိုသူက ဒေါ်နန်းယဉ်သာ ဖြစ်သည်။

'ဟောတော်… ဘယ်သူတွေများလဲလို့ ဒါကြောင့် တစ်မနက်လုံး ကျီးတွေသာနေတာကိုး၊ လာ… လာကြ အိမ်ထဲဝင်'

ဝမ်းသာအားရ ဆီးကြိုနေရာပေးမှုကြောင့် ဝင်းမော်ဦးနှင့် ဦးအောင်လွင်တို့ စိတ်ကျေနပ်စွာနှင့် အိမ်ထဲဝင်လိုက်ကြသည်။

'သမီး… သမီးရေ ရှုတိုင်းယဉ်၊ ဒီမှာ ဘယ်က ဧည့်သည်တွေလည်း ဆိုတာ ထွက်ကြည့်ပါဦး'

ရှုတိုင်းယဉ် အိမ်မှာရှိနေတာ သိလိုက်ရ၍ ဝင်းမော်ဦး ပျော်သွား၏။ ဒေါ်နန်းယဉ်မှာလည်း ဧည့်သည်ပျော်နေသလိုမျိုး ဝမ်းသာအားရ ဖြစ်နေသည်။

'အစ်မကြီးကျတော့ ဘာလို့ မခေါ်ခဲ့တာလဲ'

'မေမေက ဖေဖေဆီက ဖုန်းလာမယ်ဆိုလို့ စောင့်နေခဲ့တာပါ အန်တီ'

'ဪ… ဒီလိုကိုး ဘာပဲဖြစ်ဖြစ် ရောက်လာမှတော့ အေးအေးဆေးဆေးနဲ့ စားသောက်ပြီးမှ ပြန်ရမှာနော်'

'ဟုတ်ကဲ့ဗျာ'

'ကိုအောင်လွင်တို့များ တကယ်နေနိုင်တယ်၊ ခုမှပဲ ပေါ်လာတော့တာကိုး'





'အဟဲ… ပြောလည်း ခံရတော့မှာပဲ မနန်းယဉ်ရယ်၊ တူလေးတစ်ယောက်တည်းနဲ့ ပစ်ထားခဲ့ရတာက ကြာပြီလေ၊ သူလည်း နည်းနည်းပါးပါး အနားရအောင် အလုပ်တွေ ဖိဖိစီးစီး လုပ်ရသေးတယ်ဗျ'

'မအားလည်း ဖုန်းလေး ဘာလေးဆက်ရောပေါ့ တကယ်ပဲ'

ဒေါ်နန်းယဉ်ကို ယောဂီဝတ်စုံနှင့်သာ တွေ့ဖူးထားတာမို့ ခုလို ပါတိတ်ဝမ်းဆက်နှင့် လှလှပပ မြင်လိုက်ရတော့ ဦးအောင်လွင်တစ်ယောက် ဘာစကားမှ မပြောနိုင်ဘဲ တစ်ဝကြီး ငေးနေလေ၏။

'အဟဲ… ဗစ်ဇွဲတင်းကဒ်က ဘယ်သူယူသွားမှန်း မသိလို့ဗျ၊ ဟဲ… ဟဲ… ဟဲ'

ဦးအောင်လွင်က ဝင်းမော်ဦးကို မျက်စောင်းထိုးကြည့်ရင်း မထိခလုတ် ထိခလုတ်ပြော၏။ ဝင်းမော်ဦး မလုံမလဲ ဖြစ်သွားရသည်။

'ဖြစ်ရမယ် ကိုအောင်လွင်တို့ကတော့၊ ဟဲ့… ဪ ရှုတိုင်းယဉ်… သမီး ဒီကောင်မလေး ဘာလုပ်နေပါလိမ့်'

'လာပြီ မေမေရေ လာပြီ'

အသံနှင့်အတူ ပြေးထွက်လာသော ရှုတိုင်းယဉ်ကို တွေ့လိုက်ရသည်။ ဝင်းမော်ဦး ရင်ထဲအေးသွား၏။ ရှုတိုင်းယဉ်က ဆံပင်ကို တဘက်နှင့်သုတ်ရင်း ထွက်လာခြင်း ဖြစ်သည်။ ဝင်းမော်ဦးတို့ကို တွေ့တော့ အံ့ဩသွားသလို ခြေလှမ်းများ တုံ့သွား၏။

'ဪ… ကိုဝင်းမော်ဦးတို့ပါလား၊ အဟင်း… ခေါင်းလျှော်နေလို့လေ'

'ရပါတယ်ဗျာ'

'ကဲ… သမီးရေ၊ လာခဲ့တဲ့ဧည့်သည်ကောင်းတွေ လာတုန်း ကောင်းကောင်းဧည့်ခံရမှာ ထမင်းဟင်း စီစဉ်ပါဦး'

'မေမေကလည်း အားချင်းကြီး စီစဉ်နေရရင် ဧည့်ထောက်ခံ စကားပြောလို့တောင် ရမှာမဟုတ်ဘူး၊ ဆိုင်က ဟင်းလေးမျိုးလေးဘာ ယ်လိုက်ရင် ပြီးရော'

'အဲ… ဟုတ်သားပဲ၊ အဟင်း… ထိုင်လေ သမီး'

www.burmeseclassic.com


ရွှေတိုင်းယဉ် ဧည့်ခန်းဆိုဖာတွင် ဝင်ထိုင်ရင်း ဆံပင်ကို ခြောက်အောင် ဆက်သုတ်နေလေ၏။ ခေါင်းလျှော်ပြီးစမို့ မချယ်မသ နဂိုရေအလှကလည်း ဝင်းမော်ဦး နှလုံးသားကို ပြောင်းဆန်သွားအောင် ဖမ်းစားနိုင်စွမ်း ရှိနေသည်။ မဟောင်းလွန်း မသစ်လွန်းသော အိမ်နေရင်းအဝတ်အစားနှင့်ပင် စိတ်လှုပ်ရှားစရာ ကောင်းနေလေ၏။

'ခြံထဲဝင်လာရင်း ဂိုထောင်ဘက်ကို လှမ်းမြင်ခဲ့ရတယ်၊ မနန်းယဉ်တို့ လုပ်ငန်းလည်း အားရစရာပါပဲ'

'ဟုတ်ကဲ့ ဒီလိုပဲ ကြိုးစားရတာပေါ့ရှင်၊ မိန်းမသားတွေချည်း ဦးစီးရတာဆိုတော့ တစ်ချို့ကိစ္စတွေမှာ ထင်တိုင်းမပေါက်ဘူး ကိုအောင်လွှင်ရဲ့'

'ဪ... ဟုတ်မှာပေါ့'

လေးလေးမျက်နှာ ဝင်းပနေသလို အန်တီ့အမူအရာကလည်း ရွှင်ပျနေသည်ဟု ဝင်းမော်ဦး ထင်နေသည်။

'အလိုက်မသိတဲ့ ဧည့်သည်တွေကြောင့် အိမ်ရှင်တွေ အလုပ်ရှုပ်ကုန်ပြီနော်'

'အဲလို မဟုတ်ပါဘူးရှင်၊ ဘာမှ အပန်းကြီးတာမှ မဟုတ်တာ၊ ကျွန်မတို့က ဧည့်သည်လာရင်ကို အလိုလိုပျော်နေတာရှင့်'

'ဟား... ဟား ဟုတ်ပြီဗျာ၊ ကျွန်တော်တို့ကလည်း ဒီလို အိမ်ရှင်မျိုး လိုက်ရှာနေကြတာဗျာ'

ဦးအောင်လွှင့် အပြောကြောင့် အားလုံးသဘောကျ ရယ်မောလိုက်ကြ၏။ ဝင်းမော်ဦးလည်း လေးလေးကို အတုခိုးကာ ရွှေတိုင်းယဉ်ကို သေသေချာချာ စိုက်ကြည့်ရင်း...

'မနေ့က မြဘ်ဆုရှင်တို့ မင်္ဂလာပွဲ အတော်စည်ကားမှာပဲနော်'

'ဟုတ်ကဲ့ စည်တာတော့ အရမ်းပါပဲ၊ သူငယ်ချင်းအရင်းဆိုတော့ ကျွန်မလည်း တစ်နေကုန် ဆိုသလိုပါပဲ ပင်ပန်းလိုက်တာလည်း မပြောပါနဲ့တော့'

'ဟုတ်တာပေါ့'



ဦးအောင်လွှင်က တူ၏ အခြေအနေကို အကဲခတ်ရင်း...

'မနန်းယဉ် ကျွန်တော် မနန်းယဉ်တို့လုပ်ငန်း လေ့လာလို့ ရမလား စိတ်ဝင်စားလို့'

'ရတာပေါ့ရှင်၊ လာ... ကိုအောင်လွှင် ကျွန်မ လိုက်ပြမယ်၊ ဪ... သမီး မောင်ဝင်းမော်ဦးကို ကော်ဖီဖျော်ပေးလိုက်ဦး'

ပြောပြောဆိုဆို လေးလေးနှင့် အန်တီတို့ ဂိုထောင်ဘက်ကူးသွားကြသဖြင့် ဝင်းမော်ဦး လေးလေးကို ကျိတ်၍ ကျေးဇူးတွေတင်နေမိ၏။

'ကိုဝင်းမော်ဦး... ကော်ဖီလား အအေးလား'

'နေပစေ ရွှေတိုင်းယဉ်၊ ဘာမှ မသောက်ချင်ဘူး ဒီလိုလေးပဲကောင်းပါတယ်'

'ရှင်'

'အဲ... ဟို... ဪ ခုလို စကားပြောနေကြရတာပဲ ကောင်းပါတယ်လို့ ပြောတာပါ၊ ဒါနဲ့ စာမေးပွဲနီးပြီလား'

'အင်း... နှစ်လလောက်ပဲ လိုတော့တယ်'

'ကျောင်းပြီးတော့မှာ ဆိုတော့ မြဘ်ဆုရှင်တို့လို အစီအစဉ်ကျင်းပဖို့ရှိလား'

'ဟာ... ကိုဝင်းမော်ဦးကလဲ'

ရှက်သွေးဖြန်းသွားသော ရွှေတိုင်းယဉ်ကို ကြည့်ပြီး ကြည်နူးစိတ်တွေ ယိုဖိတ်သွားသဖြင့်...

'ရွှေတိုင်းယဉ်ရဲ့ လွတ်လပ်တဲ့ စိတ်အတွေးတွေနဲ့ လန်းဆန်းတဲ့ဘဝလေးထဲ ကျွန်တော့်ကို ဝင်ခွင့်ပြုနိုင်မလား'

'ဟာ... ဘာတွေပြောနေတာလဲ'

'ရွှေတိုင်းယဉ်ကို ချစ်မိလို့ အတူလက်တွဲပြီး ဘဝသစ် စရအောင်လို့ ပြောတာပါ'

'အို... ကိုဝင်းမော်ဦးကလဲ'

'ကျွန်တော် မြင်မြင်ချင်းကို စွဲလမ်းမြတ်နိုးပြီး ချစ်မိခဲ့တာပါ

www.burmeseclassic.com



ရွှတိုင်းယဉ်၊ အဲဒါကိုတော့ လေးလေးနက်နက် ယုံကြည်ပေးစေချင်ပါတယ်'

ရွှတိုင်းယဉ်ထံမှ တုံ့ပြန်မှုမရ။ ခေါင်းငုံ့သွားသည့်အပြင် တဘက်နှင့်ပါ မျက်နှာကို ကာ၍ ဝှက်ထား၏။ ဒါ ထိခိုက်ခံစားရမှုကို မသိစိတ်နှင့် တုံ့ပြန်ခြင်းပင် ဖြစ်သည်။ အခြေအနေ အရမ်းကောင်းနေသည်ဟု ဝင်းမော်ဦး ခံစားမိ၏။ ဝင်းမော်ဦး ဖွင့်လိုက်သည့် စစ်မျက်နှာသစ်အတွက် လက်နက်ကြီး အကူအပံ့များလည်း ပါသေးသည်။ ထိုစစ်ထောက်ကူပြု လက်နက်ကြီးကို ဝင်းမော်ဦး ထုတ်သုံးလိုက်၏။ စစ်မြေပြင်တွင်ဖြစ်စေ ကြိုးဝိုင်းအတွင်းမှာပင်ဖြစ်စေ မိမိ အသာစီးရနေ ခိုက် ရန်သူ သို့မဟုတ် ပြိုင်ဘက်ကို နာလန်မထူနိုင်အောင် ဖိပြီး ထိုးနှက်တိုက်ခိုက်ရမည် ဆိုတာက ဥပဒေသပဲ မဟုတ်လား။

လက်ဆွဲအိတ်ထဲမှ ဖိတ်စာတစ်စောင်ကို ထုတ်ယူလိုက်ပြီး ရွှတိုင်းယဉ်ရှေ့သို့ ချပေးရင်း…

'တချို့တွေက ဖိတ်စာတစ်ခြမ်းရိုက်ပြီးပြီ၊ ကိုယ့်ဘက်ကတော့ ရှုးဝါးပဲလို့ ပြောတတ်ကြတယ်လေ၊ အဲဒါကို ကျွန်တော် အကောင်အထည်ဖော်ထားတာပါ၊ ဒီဖိတ်စာရဲ့ သတို့သားနေရာမှာ ကျွန်တော်ပဲပေါ့၊ တစ်ခြမ်းပဲ ရိုက်ထားတာလေ၊ ရွှတိုင်းယဉ်သာ ကျွန်တော့်အချစ်ကို လက်ခံမယ်ဆိုရင် အောက်က ကွက်လပ်ရဲ့ သတို့သမီးနေရာမှာ ရွှတိုင်းယဉ်ရဲ့ နာမည်လေး ရေးပေးပါ'

'ရှင်'

ဝင်းမော်ဦး၏ လက်နက်ကြီးက ရွှတိုင်းယဉ်၏ နှလုံးသားပစ်မှတ်ကို တိုက်ရိုက်ထိမှန်သွားပြီဆိုတာ ဝင်းမော်ဦး သိလိုက်၏။

'အခု ရေးပေးလို့တော့ မပြောလိုပါဘူး၊ သေချာစဉ်းစားသုံးသပ်ဖို့ အချိန်ရပါတယ် ရွှတိုင်းယဉ်၊ ဒါပေမဲ့ နှစ်ဖက်မိဘရဲ့ ရင်းနှီးကျွမ်းဝင် ခင်မင်မှုကို တန်ဘိုးထားပြီးမှ ချစ်ခွင့်ပန်တယ် ဆိုတာတော့ ရင်ထဲထည့်ထားပေးပါနော်'

ထိုအခိုက်မှာပင် ဦးအောင်လွင်နှင့် ဒေါ်နန်းယဉ်တို့ စကားသံ





များကို ကြားလိုက်ရသည်။ ရွှတိုင်းယဉ် အသံလာရာသို့ တစ်ချက်ကြည့်ပြီး ဝင်းမော်ဦး ပေးသည့် ဖိတ်စာလေးကို ဖျတ်ခနဲ ကောက်ယူကာ သုတ်ခနဲ ထပြေး၏။

ဒါ မိခင်မသိစေလိုသော သဘော၊ မိခင်မသိစေလိုတာက ရှက်သည့်သဘော၊ ရှက်တာက စိတ်လှုပ်ရှားသည့်သဘော၊ စိတ်လှုပ်ရှားတာက သူ့အပြောတွေ ထိရောက်သည့်သဘောဟု သုံးသပ်ပြီး အစာကျေ့ရင်ချောင်သွား၏။ ညှို့ခန်းထဲသို့ လေးလေးနှင့် အန်တီတို့ ဝင်လာသည်။

'တစ်ခုအကြံပေးမယ် မနန်းယဉ်'

'ပြောပါ ကိုအောင်လွင်'

'မနန်းယဉ်တို့ ဆိုးဆေးမသုံးဘူး၊ အရောအနှော မလုပ်ဘူးနော်'

'လုံးဝမလုပ်ဘူး ကိုအောင်လွင်၊ ရွှက်သန့်ရွှေဖီမိုးလွတ်ပဲ ကိုင်တာ'

'ဒါဆို ပလပ်စတစ်အကြည်ဘူးတွေနဲ့ ငါးကျပ်သား၊ တစ်ဆယ်သား၊ အစိတ်သားဘူးတွေလုပ် ပက်ကင်ပိတ်ပြီး ရုပါမားကက်တွေပို့ပါလား၊ တံဆိပ် ဒီဇိုင်းသစ်တစ်မျိုးထွင်ပြီးတော့ပေါ့'

'ဟယ်… ဟုတ်တယ်၊ ကျွန်မ မစဉ်းစားမိဘူး၊ ကျွန်မက သမရိုးကျပဲ ရပ်ကွက်ထဲက ဈေးတွေနဲ့ လက်ဖက်ရည်ဆိုင်တွေမဲ့ အဓိကထား ဖြန့်နေမိတာ'

'ခေတ်ပြောင်းသွားပြီ၊ Orange တို့၊ Ocean တို့၊ City Mart တို့၊ ဂမုန်းပွင့်တို့ ရှိတယ်လေ မနန်းယဉ်ရဲ့'

'ဟုတ်ပါရဲ့ အတော်တောင် နောက်ကျနေပြီ ထင်တယ်'

'ဈေးကွက်စီးပွားရေးမှာ မှန်ကန်တဲ့ ယှဉ်ပြိုင်မှုက ဘယ်တော့မှ နောက်မကျဘူး'

'ဟုတ်ပြီ ကျွန်မ ကြိုးစားကြည့်မယ်'

'လုပ်သာလုပ် လိုအပ်တာ ကျွန်တော်ကူညီပေးမယ်၊ တံဆိပ်ကအစ ပလပ်စတစ်ဘူးက အစပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးပဲ ကိုအောင်လွင်ရယ်၊ အဲဒါပြောတာပေါ့၊ ယောက်ျား နဲ့ မိန်းမဦးဆောင်မှုမှာ နည်းနည်းတော့ ကွာတယ်လို့'

'ရေနွေးအိုးတစ်ခါခပ်စာ ပလပ်စတစ်ထုပ်လေးတွေ နမူနာ ပေးပြီး ကြော်ငြာလည်း လုပ်ရမယ် မနန်းယဉ်'

'ကောင်းလိုက်တာ ကိုအောင်လွင်ရယ်၊ ဟဲ့… ဩော်… ဟိုကလေးမ ဘယ်ရောက်သွားလဲ၊ မောင်ဝင်းမော်ဦး တစ်ယောက် ာည်း ထားခဲ့တာကိုး'

ထိုအချိန်ကျမှ ဆံပင်သပ်သပ်ရပ်ရပ် ဖီးသင်ကာ အလှပြင်၍ အဝတ်အစားအသစ် ဝတ်ဆင်ပြီး ကော်ဖီဗန်းနှင့် ပြန်ထွက်လာတာ မြင်ရသည်။

'ကော်ဖီဖျော်ရင်း ခေါင်းဖြီးနေလို့ မေမေရဲ့၊ ကဲ… အန်ကယ် နဲ့ ကိုဝင်းမော်ဦး အဆာပြေသောက်လိုက်ကြဦး၊ ဟင်းတွေကတော့ အလုပ်သမားတစ်ယောက်ကို ဝယ်ခိုင်းလိုက်ပြီ၊ နောက်နာရီဝက် လောက်ဆို အဆင်သင့်ဖြစ်ပါပြီ'

'ဒုက္ခတွေပေး အလုပ်တွေရှုပ်တော့ ဖြစ်ကုန်ပါပြီ'

'မဟုတ်တာ ကိုအောင်လွင်ရယ်၊ ကျွန်မက ကျေးဇူးတောင် တင်နေတာ'

သို့နှင့် ထိုနေ့က ဝင်းမော်ဦးနှင့် ဦးအောင်လွင်တို့ ရွှေတိုင်းယဉ် အိမ်တွင် အချိန်အတော်ကြာအောင် နေထိုင်ပြောဆိုခဲ့ကြ၏။ လေးလေး နှင့် အန်တီက တစ်ဖွဲ့၊ ဝင်းမော်ဦးနှင့် ရွှေတိုင်းယဉ်က တစ်ဖွဲ့စကားပြော ဖြစ်သည်။ သို့သော် လတ်တလော ရည်းစားစကား ပြောခံရပြီး ရည်းစားစာ အဲ… တစ်ခြမ်းရိုက်ဖိတ်စာ ပေးထားတာဆိုတော့ ရှက် စိတ်နှင့် နှုတ်ဆိတ်နေ၍ ဝင်းမော်ဦးကသာ ပြောနေရတာ ဖြစ်သည်။

ရွှေတိုင်းယဉ်ကတော့ မေးတစ်ခွန်း ဖြေတစ်ခွန်းသာ ဖြစ်၏။ သို့သော် တူအရီးနှစ်ယောက်နှင့် သားအမိနှစ်ယောက်၏ သမိုင်းဝင်စ မော်ကွန်းတွင် ကဗ္ဗည်းတင်ဖြစ်ကြသလို့ နှလုံးသားလေးစုံအား ရေခဲ ရိုက်ဖြစ်သော နေ့တစ်နေ့လည်း ဖြစ်ခဲ့သည်။

* * *





ဦးအောင်လွင်နှင့် ဝင်းမော်ဦးတို့၏ သီးသန့်ဆွေးနွေးပွဲတွင် တော့ စကားလုံးများက အနည်းငယ် ကြမ်းတမ်းနေ၏။

'ဟေ့ကောင်… ငါ သူ့အမေကြီးကို ပထုတ်သွားတာ အကျိုး ရှိရှိ အသုံးချခဲ့ရဲ့လား'

'အဟင်း… ဘယ်နေမလဲဗျာ၊ အပီအပြင်ကို ကာစ်ခဲ့တာ ထောင့်ကန်ဘောကော ပြစ်ဒဏ်ဘောကော စုံလို့၊ ဟဲ… ဟဲ လေးလေး ကော ပိုင်နယ်တီသွင်းခဲ့သေးလား'

'မင်းကြီးတော်- ပိုင်နယ်တီသွင်းရမှာလားကွ'

'အဟဲ… အန်တီကြီးက မုည့်တယ်နော်၊ အလတ်ကြီးရှိသေး တာ လင်သားဆုံးသွားတာလည်း ကြာလှပြီတဲ့'

'မင်းကွာ ကိုယ့်ဦးလေးကို ဂျင်းထည့်နေပြန်ပြီ'

'သဘောမကျဘူးပေါ့'

'အင်း… ကိုယ်လုံးကိုယ်ထည်ကတော့ ဖွံ့ထွားစွင့်ကားနေတာ ပဲကွ၊ မယ်စကြာဝဠာဆိုဒ်မျိုး ပြစ်မှားချင်စရာကြီး ဟီး'

'အဲဒါ ပြောတာပေါ့၊ တစ်ခုလပ်နဲ့ တစ်လင်ကွာ အပျိုဆယ်တွဲ နဲ့ မလဲပါတဲ့ စာဆိုတောင်ရှိသေး မဟုတ်လား'

'ဟေ့ကောင်… မနန်းယဉ်က မုဆိုးမကွ'

'မထူးပါဘူး လေးလေးရာ၊ အတွေ့အကြုံရှိတဲ့ သဘောကို ပြောတာ မဟုတ်လား'

'မင်းကွာ… ဖွတ်'

လေးလေးအသံက သိပ်မမာတော့၊ အကြည့်တွေကလည်း အဝေးသို့ ရောက်နေပြီ။ ကေန္တာတော့ အန်တီဒေါ်နန်းယဉ်ကို စိတ်ကူး ပုံဖော်ပြစ်မှားနေတာပဲ ဖြစ်ရမည်ဟု ဝင်းမော်ဦး အတပ်သိလိုက်၏။ ထို့ကြောင့် အဆင်းတွင် ဘီးတပ်ပေးလိုက်သည်။

'လေးလေး… စိတ်ကူးမလွဲနဲ့နော်၊ အန်တီကလည်း အားကိုး ရှာနေတာ ပြီးတော့ လုပ်ငန်းနဲ့ အရင်းအနှီးနဲ့'

'ဘာလဲ ငါ့ကို သိုက်တူးခိုင်းနေတာလား'


www.burmeseclassic.com

www.burmeseclassic.com

'နန်းယဉ်သိုက်ကို တူးရအောင် လေးလေးက သိုက်ဆရာလား လေးလေးမှာလည်း ဘဏ်မှာအပ်ထားတဲ့ ရွှေမန်ကျည်းတောင့်တွေ ရှိတာပဲ မဟုတ်လား၊ အကျိုးတူပေါင်းပြီး ကုမ္ပဏီထောင်တယ်လို့ သဘောထားပါ'

'ဟင်း… ဟင်း တော်တော်အပြောကောင်းတဲ့ ကောင်ကွာ'

'အပြောကောင်းတာ မဟုတ်ပါဘူး၊ လေးလေးရဲ့ အချစ်သမိုင်းမှာ တစ်ခါမှ နန်းမတက်ခဲ့ဖူးသေးဘူး မဟုတ်လား၊ နန်းသိမ်းနိုင်အောင် အကြံပေးတာပါဗျာ၊ မိဖုရားကလည်း အဆင်သင့်ပဲ၊ လက်ဆွဲပြီး နန်းသိမ်းပွဲ ခံလိုက်စမ်းပါ'

လေးလေးထံမှ တုန့်ပြန်စကားမရ၊ ဝင်းမော်ဦး သဘောပေါက်သွား၏။ လေးလေး အတွေးထဲမှာ ဒေါ်နန်းယဉ် နေရာယူနေပြီ။ အနှောင့်အယှက် မပေးလိုတော့သဖြင့် အသာကလေး ထထွက်လာခဲ့၏။ သူထွက်လာတာကိုပင် လေးလေးမသိတော့။ ထိုနောက်ပိုင်းမှာတော့ ဝင်းမော်ဦးနှင့် ဦးအောင်လွင်တို့ ကိုယ့်နည်း ကိုယ့်ဟန်နှင့် ချစ်နန်းဗိမာန်ဆီသို့ ချီတက်ကြတော့သည်။

* * *

လေးလေးတစ်ယောက် ဖုန်းတစ်လုံးနှင့် တွတ်ထိုးနေတာကို မကြာခဏတွေ့နေရ၏။ ဝင်းမော်ဦးပင် ထိုမျှလောက် ဖုန်းမဆက်ဖြစ်။ သို့သော် လေးလေးပြောနေတာ အလုပ်ကိစ္စများ အတွက်လည်း ဖြစ်နိုင်ပါသည်။ ဒီကြားထဲမှာ ရှုတိုင်းယဉ်ထံ တစ်ခါပဲ ဖုန်းဆက်ဖြစ်၏။

ရှုတိုင်းယဉ်က ဘဝအရေးမို့ စဉ်းစားနေကြောင်း စာမေးပွဲကလည်း နီးနေပြီဖြစ်ကြောင်း အကြောင်းပြသည်။ ဒါကို ဝင်းမော်ဦး လက်ခံလိုက်၏။ ထိုသို့ လက်ခံပြီး စာမေးပွဲပြီးပါက အဖြေပေးရန် ဈေးဆစ်သည်။ ရှုတိုင်းယဉ်က အင်တင်တင်နှင့် သဘောတူလိုက်၏။ ဝင်းမော်ဦး ကျေနပ်သွားသည်။ ဒီကြားထဲမှာလည်း အနှောင့်အယှက် မပေးပါဟုပင် ကတိပေးလိုက်သေးသည်။





ခုတော့ ကိုယ့်ကတိနှင့်ကိုယ် ဖုန်းပင် မဆက်ရဲတော့ဘဲ ကျိတ်မှိတ်ခံစားနေရတော့သည်။ ထိုအချိန်မှာမှ လေးလေးက လက်ကုန်တက်ကြွနေ၏။ မျက်နှာအမူအရာကနှင့် လှုပ်ရှားမှုကအစ ဆယ့်ခြောက်နှစ်သားလို ဖြစ်နေသည်။ ဤမျှလောက်နှင့် မပြီး၊ တစ်နေ့သောအခါ အမ်တီဒေါ်နန်းယဉ်ကိုယ်တိုင် ပုံနှိပ်တိုက်သို့ သက်ရှိထင်ရှား ရောက်လာလေ၏။

ဖုန်းထဲတွင် မည်မျှလောက်ရင်းနှီးနေကြသည် မသိ။ လူချင်းဆုံသည်နှင့် တကယ့်ကို ဖက်လှဲတကင်း ဖြစ်နေကြ၏။ ပြောကြဆိုကြတာလည်း ဘာသာရပ်ပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ။ ထိုမျှနှင့်အားမရ လေးလေးကို ခေါ်ထုတ်သွားတော့သည်။ တစ်ခုတော့ သတင်းကောင်းလေး စွန့်ကျဲသွား၏။ ရှုတိုင်းယဉ် စာမေးပွဲ ဖြေနေပြီတဲ့။ ငါးရက်ဖြေရမည်ဟုလည်း အသိပေးသွားသည်။

ထိုသတင်းအနံ့လေးနှင့်ပင် ဝင်းမော်ဦး လက်ချိုးရေတွက်ရင်း ကျန်ခဲ့တော့၏။ သိပ်မကြာခင်မှာပင် သူလည်း ဖုန်းဆက်ခွင့်ရတော့မည်။ ရှုတိုင်းယဉ်နှင့် စကားစမြည် ပြောဆိုခွင့်ရတော့မည်။ လောလောဆယ်မှာတော့ လေးလေးကိုယ်စား အလုပ်များလုပ်ရင်း ကျန်ခဲ့ရတော့သည်။ ဦးအောင်လွင်နှင့် ဒေါ်နန်းယဉ်တို့မှာ…

'ယဉ်ယဉ်… ဆာသလား၊ တစ်ခုခုစားပြီးမှ ဆက်သွားမလား'

'စိတ်စောနေတယ် ကိုအောင်ရယ်၊ အရင်ဆုံး အလုပ်ကိစ္စသွားကြတာပေါ့'

'ကောင်းတယ်… ယဉ်ယဉ်'

ဦးအောင်လွင်က သူ့မိတ်ဆွေ ပလပ်စတစ်စက်ရုံ ပိုင်ရှင်တစ်ယောက်ထံ ခေါ်သွားပြီး မိတ်ဆက်ရင်း ဒေါ်နန်းယဉ်လုပ်ငန်းနှင့် သင့်တော်မည့် ပလပ်စတစ်ဘူးများ ရွေးချယ်ပေးသည်။ ဈေးနှုန်းကိုလည်း ညှိနှိုင်းပေးခဲ့၏။

ထိုမျှနှင့်မကသေး၊ City Mart သို့ဝင်ကာ မန်နေဂျာ မာကက်

www.burmeseclassic.com



တင်း၌ာနတို့သို့ ဝင်၍ ကုန်ပစ္စည်းတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းကမ်းများကို သိရအောင် စုံစမ်းပေးခဲ့သည်။ သမရိုးကျ စီးပွားရေးနှင့် လုံးချာလည်ပြီး ပြင်ပဗဟုသုတနည်းသော ဒေါ်နန်းယဉ် အတွက် ဦးအောင်လွင်က သူ့ရဲကောင်းဖြစ်နေတော့သည်။ ကိစ္စအားလုံး ပြီးစီးသွားမှ စားသောက်ဆိုင်ထိုင်ရင်း…

'ယဉ်ယဉ်… မြေအိုးကြေးအိုးစားမလား'

'ကောင်းသားပဲ ကိုအောင်'

ဒေါ်နန်းယဉ်နှင့်အတူ သွားလာရတော့မှ ဒေါ်နန်းယဉ်၏ တန်ဖိုးများကို တဖြည်းဖြည်း သိလာခဲ့ရသည်။ ဒီလောက် နေပူကြီးထဲ သွားလာနေရသော်လည်း ချွေးတအားမထွက်၊ ချွေးနံ့သိပ်မနံ၊ ရေမွှေးတွေ ဘာတွေ မသုံးဘဲနှင့်တောင် စွဲမက်စရာ ကိုယ်နံ့သင်းသင်းကို ရနေ ခံစားနေရသည်။

ဦးအောင်လွင်က လက်ပတ်စော်နံပြီး ချွေးသံတရွှဲရွှဲနှင့် မိန်းမများကို နှာခေါင်းရှုံ့တတ်သော သူတစ်ယောက်ဖြစ်ရာ ဒေါ်နန်းယဉ်နှင့်ကျတော့ ခွင်တည့်သွား၏။ ပြီးတော့ လှသည်၊ ကိုယ်လုံးကိုယ်ပေါက် ကလည်း ပြောစရာမရှိ။ အသက်အရွယ်ကလည်း သွေးမဆုံးသေး။ စဉ်းစားရင်း တွေးတောရင်း တဖြည်းဖြည်းနှင့် ဒေါ်နန်းယဉ်အပေါ် ငြိတွယ်သဘောကျလာ၏။

ယောက်ျားနှင့် မိန်းမဆိုသည်မှာ နီးစပ်မှုရှိလေလေ နှစ်သက်တပ်မက်မှု ရှိလေလေပင် ဖြစ်သည်။ အိုးချင်းထား အိုးချင်းထိဆိုသည့် စကားက အလကားပေါ်လာတာမှ မဟုတ်ဘဲလေ။ ခုလည်း နီးစပ်မှုတွေ များလာသဖြင့် ဦးအောင်လွင်မှာ ဒေါ်နန်းယဉ်ကို နှစ်သက်ငြိတွယ်ရာမှ တပ်မက်လာ၏။ တပ်မက်တော့ ပိုင်ဆိုင်လိုစိတ် ဖြစ်ပေါ်လာသည်။ ဒီတော့…

'ယဉ်ယဉ်… လုပ်ငန်းချဲ့ဖို့ ငွေရင်းကော လုံလောက်ရဲ့လား'

'အင်း… အိမ်ရောက်မှ သေချာပြန်တွက်ကြည့်ရဦးမှာ ရှိတော့ ရှိမယ်ထင်ပါတယ်'

'ဟုတ်လား… လိုအပ်ရင်ပြောနော်၊ ကိုအောင့်မှာ နည်းနည်းပါးပါးရှိပါတယ်၊ မွေးမိတ်ဆွေတွေပဲဟာ နေမိတ်ဆွေလည်း ဖြစ်လို့ရပါတယ် ယဉ်ယဉ်ရဲ့'

'ဟင်း… ဟင်း အပြောကောင်းလိုက်တာ ကိုအောင်ရယ်၊ ခုလို ပြောဖော်ရတာနဲ့တင် ကျေးဇူးတွေ တင်လှပါပြီ၊ ပြီးတော့ ဒီနေ့ ကိုအောင် ကူညီခဲ့တာတွေကလည်း တကယ် အကျိုးရှိခဲ့တာပါ'

ဒေါ်နန်းယဉ်၏ တော်ကီကြောတွင် ဦးအောင်လွင် ဗေဒါပန်းတစ်ပွင့်လို မျောပါသွားပြီး သူ့နှလုံးသားသောင်စပ်၌ ရေမျောကမ်းတင် ဖြစ်သွားတော့၏။ တစ်ဖက်ကလည်း မိန်းမမာယာ ဖျာကိုးချပ်စာ အကုန်ခင်းကျင်းပြီး ရေလာရန် မြောင်းပေးသည်။ ဦးအောင်လွင်မှာ တပ်မက်မှု ရေကာတာကြီး ကျိုးပေါက်ပြီး ပိုင်ဆိုင်လိုခြင်း ရေများဒလဟော တိုးထွက်လာကာ ရေမျှောနေသည့် မြောင်းထဲသို့ စီးဆင်းသွားတော့၏။

မှာထားသော မြေအိုးကြေးအိုး ရောက်လာသောအခါ ဦးအောင်လွင်က အချဉ်ရည်ထဲ ငံပြာရည် သင့်တော်ရုံစွက်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူစိပ်လေးများ အနေတော်ထည့်ပြီး သေသေချာချာ စပ်ပေး၏။ ဂရုတစိုက်လုပ်ကိုင်ပေးနေပုံကို ကြည့်ရင်း ဒေါ်နန်းယဉ် ဟတ်ထိသွားသည်။

'ပူမယ်နော် ယဉ်ယဉ်၊ ဖြည်းဖြည်းစား'

'ဟုတ်'

ဒေါ်နန်းယဉ် ကြေးအိုးစားဖို့ အဆင်သင့် လုပ်ပေးခဲ့သည့် ဦးအောင်လွင်မှာတော့ ကြေးအိုးကို မစားနိုင်ရှာပဲ ဒေါ်နန်းယဉ်၏ မျက်နှာကို ပုံတူရေးဆွဲပေးမည့် ပန်းချီဆရာတစ်ယောက်ကဲ့သို့ အသေးစိတ် ကြည့်ရှုနေလေတော့၏။ ဒေါ်နန်းယဉ်က မသဘာဝ အလိုလိုသိစိတ်နှင့် မော့ကြည့်ပြီး မျက်လုံးချင်းဆုံတော့ အသည်းအသန် ရှက်သွားရှာသည်။ ထိုအခါမှ ဦးအောင်လွင်က သူ၏ စပါးကြီးမြွေပုံ အကြည့်များကို ရုတ်သိမ်းပြီး…

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ယဉ်ယဉ်… အိမ်ထောင်ကွဲ သားသမီးတွေကကော အကူအညီ မပေးကြဘူးလား'

'အမလေး… ဝေးပါသေးတယ် ကိုအောင်ရယ်၊ သူတို့ဆီမှာ အိမ်ဖော်မလုပ်ရတာပဲ ကံကောင်းတယ် ပြောရမလိုဖြစ်နေတာ၊ အားလုံးအလုပ်ကိုယ်စီနဲ့ ဆိုတော့ သူတို့တွေ ကလေးရရင် ခေါ်ထိန်းခိုင်းဖို့ ဒီအမေကို လုနေကြတာလေ'

'ဟား… ဟား… ဟား၊ အင်း… ဒါလည်း မမှတာပဲ မဟုတ်လား'

'ဟုတ်ပါ့ ကိုအောင်ရယ်၊ စုန်ရေပဲ ရှိတယ်ဆိုတာ ဒါမျိုးပေါ့'

'အင်း… အဆန်ဆိုတာ ရှိမှာ မဟုတ်တော့ အစုန်နဲ့တင် မောနေပြီပေါ့ ဟုတ်လား'

'လက်ပန်းကျတာပါ ကိုအောင်'

ထိုစကားကို ထိထိခိုက်ခိုက် ဖြစ်သွားသည့် ကိုအောင်လွင်က မေတ္တာ၊ ဂရုဏာ၊ မုဒိတာ သုံးမျိုးပေါင်း ဝပ်အားအပြည့်ပါသော အကြည့်များနှင့် နှလုံးသားအရောက် ထွင်းဖောက်ကြည့်ပစ်လိုက်၏။

ဗိုအားပြည့်လွန်းသဖြင့် ထိုဒဏ်ကို ဒေါ်နန်းယဉ် မခံနိုင်ရှာ။ ရှက်ရွံ့ခြင်း ဒိုင်းဖြင့် ကာ၍ မျက်လွှာချ ခေါင်းငုံ့သွားသည်။ သို့သော် အသက်အရွယ်တွေအရ ထိန်းသိမ်းနိုင်စွမ်းရှိသဖြင့် စိတ်အလိုမလိုက် ဖြစ်ကြ။ ဣန္ဒြေနှင့် ကိုယ်ကျင့်သီလတို့ အကူအညီကို အရယူကာ ခင်မင်မှု အစွန်းမထွက်အောင် ဇက်သတ်နိုင်ခဲ့ကြ၏။

* * *

ရက်တွက်ပြီး လက်ချိုးကာ မျှော်နေမိသဖြင့် ဝင်းမော်ဦး သူ့ကိုယ်သူ ကိုယ်ဝန်ဆောင်တစ်ယောက်လို အထင်ရောက်ခါ ပြုံးမိလိုက်သည်။ တကယ်တန်းတော့ သူသည်လည်း အချစ်တွေ နေ့စေ့လ





စေ့ ဖြစ်နေသော သိင်္ဂါရ ကိုယ်ဝန်ဆောင်တစ်ယောက် ဖြစ်နေသည် မဟုတ်လား။ ကိုယ့်အတွေးကိုယ် သဘောကျသွား၏။

မှန်ရှေ့ ခေါင်းဖီးရင်း အဝတ်အစားရွေးနေစဉ် လေးလေး အခန်းထဲဝင်လာသည်။ ဝင်းမော်ဦး၏ စတိုင်ကို ကြည့်ပြီး…

'ဟေ့ကောင်… မင်း ရိပ်သာသွားမလို့လား'

'ဟား… လေးလေးလို ဟတ်ထိတိုင်း ရိပ်သာဝင်တဲ့ အစားထဲ ကများ မှတ်နေသလား'

'ဩော်… ဒါဆို ဘိုးဘွားရိပ်သာ သွားမလို့ပေါ့'

'ဟုတ်တယ် လေးလေးအတွက် နေရာသွားစီစဉ်မလို့'

'ဟား… ဟား… ဟား မဟုတ်မှလွဲရော မင်း ငါ့အစ်မကို ဘုရားလိုက်ပို့ပေးမလို့ မဟုတ်လား'

'လေးလေးရာ နောက်မနေစမ်းပါနဲ့၊ ဒီနေ့တော့ ကျွန်တော့် အလှည့်နော်၊ လေးလေး အလုပ်မှာ ဂရုစိုက်လိုက်ဦး'

'အံမာ… မင်းကများ လူကြီးကို'

'အဟင်း… ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့ပါ လေးလေးရာ'

'ထားပါတော့ အခု ဘယ်လဲ'

'မနေ့က ရှုတိုင်းယဉ် စာမေးပွဲ ပြီးသွားပြီလေ၊ အဲဒါ ဒီနေ့ ဆုံကြဖို့ ဖုန်းဆက်ချိန်းထားတယ်၊ သမီးရည်းစားအဖြစ် အသိအမှတ် ပြုပွဲတက်ဖို့'

'အောင်မလေးကွာ… ယှန်းတိုင်မရောက်ခင် တက်ထောင်နေလိုက်တာ အမြင်ကို ကပ်ရော'

'ဟဲ… ဟဲ… ဟဲ ထောင်ခွင့်ရှိလို့ ထောင်တာဗျာ၊ ဘာဖြစ်လဲ ဒါနဲ့ လေးလေးတို့ အခြေအနေကော ဘယ်လိုလဲ'

'အင်း… ဆွဲစိလိုက်တာနဲ့ အသည်းထိသွားမယ့် အခြေအနေပါပဲ'

'ဒါဆို ရှေ့တိုးပေါ့'



www.burmeseclassic.com

www.burmeseclassic.com

လေးလေးက ခေါင်းရမ်းရင်း မျက်နှာကျက်ကို မော့ကြည့်နေ၏။ ဝင်းမော်ဦးလည်း လိုက်ကြည့်ရင်း...

'ဘာလဲ လေးလေး အိမ်မြှောင်ချေးပါချလို့လား'

'မနောက်နဲ့ ကောင်လေး၊ လေးနက်တဲ့ စကားပြောမလို့'

လေးလေး၏ အမူအရာကြောင့် ဝင်းမော်ဦး မျက်နှာပိုးသပ်လိုက်ရ၏။

'စိတ်အလိုသာ လိုက်မယ်ဆိုရင် ပွဲသိမ်းတာ ကြာပေါ့ကွာ၊ ဒါပေမဲ့ ဒီတစ်ခါတော့ ငါ ရိပ်သာမသွားချင်တော့ဘူး၊ ဒါကြောင့် အချိန်ယူစဉ်းစားနေတာ၊ ငါက ဘယ်လိုမိန်းမကိုယူယူ ပြဿနာမရှိပေမယ့် မနန်းယဉ်မှာ စဉ်းစားစရာတွေကအများကြီး။ တို့တွေက သက်တူရွယ်တူ ဆိုပေမယ့် မနန်းယဉ်က ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး လင်က စောစောစီးစီး ဆုံးသွားခဲ့တာလေ'

'ဟုတ်ပါတယ် လေးလေး'

'သူက သိပ်မကြာခင်မှာ မြေးချီရမယ့်သူဆိုတော့ တို့တွေ လက်ထပ်ရင် သူတို့ မကန့်ကွက်ဘဲ နေမှာမဟုတ်ဘူး'

'ဒါလည်း စဉ်းစားစရာပဲ လေးလေး'

'အမေရဲ့ အထီးကျန်အဖော်မဲ့မှုကို ခံစားနားလည်ပေးမယ့် သားသမီး မရှိသလို တစ်ယောက်တည်း ဦးဆောင်ရုန်းကန်နေရတာတွေကို စာနာသနားမယ့်သူ မရှိဘူး၊ ပြီးတော့ မနန်းယဉ်သာ ယောကျ်ား တစ်ယောက်ဆိုရင် မျက်စိမှိတ်ရှေ့တိုးလို့ ရပေမယ့် မိန်းမသားဖြစ်နေတော့ အတားအဆီးက ပိုများနေတယ်'

'မှန်တယ် လေးလေး၊ မြန်မာ့ဓလေ့အရပဲ ကြည့်ကြည့်၊ လူနေမှုစံနစ်အရပဲ ကြည့်ကြည့် လိုက်နာစောင့်ထိန်းရမှာတွေကလည်း အများကြီး'

'အဲဒါကြောင့် တို့တွေ ထိန်းနေကြတာ၊ ကဲပါကွာ မင်းသာ အဆင်ပြေအောင်လုပ် ပြီးရင်လည်း တဖြည်းဖြည်းနဲ့ သူ့တို့ သဘောထားတွေ တီးခေါက်ပေး'





'ဟုတ်ကဲ့ စိတ်ချပါ လေးလေး၊ ဒါဆို ကျွန်တော် သွားနှင့်တော့မယ်နော်'

'အေး... အေး'

ဝင်းမော်ဦး ထွက်လာရသော်လည်း စောစောကလောက် တက်ကြွမှု မရှိတော့။ ကိုယ့်အတွက် ပြဿနာ မရှိသော်လည်း အန့်တီနှင့် လေးလေးအတွက် တွေးမိပြီး စိတ်လေးနေမိသည်။ သို့သော် ရှုတိုင်းယဉ်၏ ဆွဲအားက ပိုမိုပြင်းထန်နေသည်မို့ မိနစ်ပိုင်းအတွင်းမှာပင် စိတ်လေးလံနေမှုတို့ ပပျောက်သွား၏။

ကြည့်မြင်တိုင်ရောက်ပြီး ရှုတိုင်းယဉ်နှင့် တွေ့လိုက်ရတော့ အားလုံးကို မေ့သွားတော့သည်။ ချစ်ရသူ၏ အလှတရားအောက်တွင် ဖူးပြာကြီး အောက်သွားမရှိ ဆိုသလို ဖြစ်နေ၏။ ရှုတိုင်းယဉ်က ခဏစောင့်ခိုင်းထားပြီး ပျောက်သွားသည်။ ထိုအခါ အန့်တီက...

'အင်း... သမီးလည်း ကျောင်းပြီးသွားပြီ ဆိုတော့ အားလုံး စိတ်အေးရပြီ ကွယ်'

'ဟုတ်တာပေါ့ အန့်တီ'

'ဒါနဲ့ မင်းဦးလေးကော'

'အဟဲ... ကျွန်တော် ဒီနေ့ အပြင်ထွက်မှာဆိုတော့ လေးလေး ပုံနှိပ်တိုက်မှာပဲလေ'

'ဪ... အေး... အေး မင်းလေးလေးကတော့ အတော်အားကိုးရသားကွဲ့၊ သူမသိတာ ဘာမှကို မရှိဘူး'

'ဟုတ်တယ် အန့်တီ၊ အိမ်မှာလည်း လေးလေးက ဂျီကာပဲ'

'ဟင်း... ဟင်း... ဟင်း ဟုတ်တယ် အဲဒီနာမည်နဲ့ သိပ်လိုက်တာပဲ ဟင်း... ဟင်း'

ရှုတိုင်းယဉ် အပြင်သွားဖို့ အဝတ်အစားလဲနေစဉ် ဝင်းမော်ဦး ဒေါ်နန်းယဉ်နှင့် စကားပြောနေခြင်း ဖြစ်၏။

'ဒါနဲ့ အန့်တီ ရှုတိုင်းယဉ် မွေးနေ့လေး မသိရဘူးလား'

'အသက်က နှစ်ဆယ်လေ၊ ကိုးဆယ့်တစ် ဒီဇင်ဘာ သုံးရက်နေ့'

www.burmeseclassic.com

'ဪ… ဟုတ်ကဲ့'

ဝင်းမော်ဦး ရုတ်တရက်မေး၍ သိရသော အဖြေကို အလွတ်ကျက်မှတ်နေ၏။ ဒေါ်နုန်းယဉ် ဧဝေဧဝါ အမူအရာနှင့်…

'ဘာဖြစ်လို့ မေးတာလဲကွယ်'

'ဗျာ… ဪ… သူသိပ်ပြီး အစ်မကြီး လုပ်ချင်တာလေ၊ ကျွန်တော် ကျောင်းပြီးထားပါပြီ ဆိုတာလည်း မရဘူး'

'အဟင်း… ဟင်း သူက ဒီလိုပဲ အိမ်မှာလည်း အလုပ်သမားနှစ်ဆယ်လောက်ကို အုပ်ချုပ်နေရတော့ သူ့ကိုယ်သူ လူကြီးထင်နေတာ'

'ဪ… ဒီလိုကိုး ဟုတ်တာပေါ့'

စပ်စုစူးစမ်း၍ သိချင်တာ သိရပြီးချိန်တွင်ပင် ရွှေတိုင်းယဉ် အဝတ်အစားလဲပြီး ထွက်လာ၏။

'သမီးအတင်းတွေ ပြောနေတာလား'

'အမလေး… မဟုတ်ပါဘူးတော်၊ ဒီသမီးလေးကြောင့် အမေ နေပျော်နေတာပါ အိမ်ထောင်ခွဲတွေက ဘာမှ အားမကိုးရဘူးလို့ ပြောနေတာ'

'ဟုတ်ပါတယ် ရွှေတိုင်းယဉ်ရယ်၊ ကဲ… အန်တီ သူ့ကို ဦးနှောက်ရှင်းဖို့ လိုက်ပို့ပေးလိုက်ဦးမယ်၊ ကျွန်တော် ပြန်ပို့ပေးပါ့မယ်'

'အေးပါကွယ်၊ ငါ့တူကိုပဲ ကျေးဇူးတင်ရမယ်၊ အန်တီမှ လိုက်မပို့နိုင်တာ'

'ဒါဆို သွားလိုက်ပါဦးမယ် အန်တီ'

'အေးကွယ်၊ အေး… အေး'

ဝင်းမော်ဦး ရွှေတိုင်းယဉ်ကို သူ့ကားနှင့် ခေါ်လာခဲ့၏။

'ရွှေတိုင်းယဉ် ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲ ပြောပါဦး'

'အင်း… ကိုဝင်းမော်ဦး ချိန်းတာပဲလေ၊ ကျွန်မမှာ အစီအစဉ်မရှိပါဘူး'

'ဒါဆို ဗိုလ်ချုပ်ပန်းခြံသွားမယ်၊ ယူတိုးပီးယားဝင်မယ်၊ ကန်ကို ဖြတ်သွားတဲ့ တံတားပေါ် လမ်းလျှောက်မယ် အဆင်ပြေလား'



'ရပါတယ်'

ရွှေတိုင်းယဉ်ထံမှ သဘောတူညီမှုရသဖြင့် ဝင်းမော်ဦး လေလေးတချွန်ချွန်နှင့် ကားကို ဂရုစိုက်မောင်းလာခဲ့၏။ လမ်းတွင် မီးပွိုင့်နှစ်ကြိမ်လောက်မိပြီးမှ အရေးကြီးတာကို သတိရသည်။

'ရွှေတိုင်းယဉ်… ဟိုလေ ကျွန်တော်ပေးထားတဲ့ ဖိတ်စာလေး ပါလာတယ်မို့လား'

'ရှင်… အဲ… အဲဒါ…'

'ဘာဖြစ်လို့လဲ ရွှေတိုင်းယဉ်'

'ဟိုလေ… ပါ… ပါမလာဘူး ကိုဝင်းမော်ဦးရဲ့'

'ဗျာ… ကျွန်တော် အလေးအနက်ထားတဲ့ ကိစ္စကိုဗျာ'

'တောင်းပန်ပါတယ် ကိုဝင်းမော်ဦးရယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်မ အဆင်သင့် မဖြစ်သေးသလို ဖိတ်စာမှာလည်း ဘာမှမရေးရသေးပါဘူး'

'စာမေးပွဲပြီးရင် အဖြေပေးမယ်လို့ သဘောတူထားကြတယ်လေ'

'ဟုတ်ပါတယ် ကိုဝင်းမော်ဦးရယ်၊ ဒါပေမဲ့ ကျွန်မ စာမေးပွဲအတွက် ဦးစားပေးလိုက်ရလို့ ဘာဆိုဘာမှ မစဉ်းစားရသေးပါဘူး၊ အဲဒါကြောင့်ပါ'

ဝင်းမော်ဦး စိတ်ဓာတ်ကျသွားခဲ့၏။ ဘာဆက်ပြောရမှန်းကို မသိတော့။ စိတ်ပျက်လက်ပျက်နှင့် ကားဆက်မောင်းလာခဲ့ပြီး ကန်တော်ကြီးဝင်းအတွင်း ဝင်လာခဲ့၏။ ကန်စပ်တစ်နေရာတွင် ကားထိုးရပ်လိုက်သည်။ ပြီးတော့ ကန်ရေပြင်ကို တွေတွေကြီး ငေးကြည့်နေလေ၏။ ထိုအဖြစ်ကို ကြည့်ပြီး ရွှေတိုင်းယဉ်လည်း အနေရခက်နေရှာသည်။

'ကျွန်မ… ကျွန်မကို တစ်လလောက် အချိန်ထပ်ပေးပါနော်၊ ဟိုလေ… တစ်ဘဝလုံးအတွက် သေချာချင်လို့ပါရှင်'

ဝင်းမော်ဦးက ရွှေတိုင်းယဉ်ကို စောင်းငဲ့ကြည့်လိုက်၏။ ဒီလ ဘာလပါလိမ့်ဟုလည်း တွေးနေမိသည်။ စိတ်တွေ ဝေဝါးနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစား၍ မရ။ ခဏအကြာတွင် နာရီကို ကြည့်လိုက်တော့မှ နိုဝင်ဘာဆိုတာ သိသွား၏။ အတွေးတစ်စ ခေါင်းထဲတွင် ရုတ်တရက် ပေါ်လာပြီး…

'ကောင်းပြီလေ၊ ယောက်ျားလေးဆိုတာ အမြဲစောင့်နေရတဲ့ သူပဲဟာ တစ်လလောက်နဲ့တော့ ထူးပြီး အိုမသွားနိုင်လောက်ပါဘူး'

'ကျေးဇူးပါပဲ ကိုဝင်းမော်ဦး'

'ဒါပေမဲ့ တစ်ခုတော့ ရှိတယ်'

'ပြောပါ ကိုဝင်းမော်ဦး'

'အခု နိုဝင်ဘာနှစ်ရက်နေ့ ဆိုတော့ ဒီဇင်ဘာသုံးရက်နေ့မှာ အဖြေပေးပါဗျာ'

'သြော်… အင်း… ဟုတ်… ဟုတ်ကဲ့၊ ဖြစ်… ပါတယ်ရှင်'

'ကျေးဇူးပဲ၊ ဒါဆို သွားကြရအောင် ယူတို့ပီးယားမှာ ဦးနှောက်ရှင်းကြမယ်'

'ဟုတ်ကဲ့'

□ □ □



## အခန်း(၇)

လက်ဖက်ရည်ဆိုင်က ထုံးစံအတိုင်း သီချင်းသံများနှင့် စီဝေဆူညံနေ၏။ မှာထားသော လက်ဖက်ရည်တစ်ငုံ နှစ်ငုံသောက်အပြီးတွင်ပင် သော်ကနှင့် မင်းဝေတို့ ရောက်လာသည်။

'တော်သေးတာပေါ့ အကောင်းအတိုင်း တွေ့ရလို့'

'ဘာစကားလည်း ကွ'

'မဆုံတာ တနင်္ဂနွေ နှစ်ပတ်ရှိပြီလေ၊ ဖုန်းတောင်ဆက်ဖော်မရတော့ ဆေးရုံရောက်နေတာပဲ ဖြစ်ရမယ်လို့ တွေးနေတာ'

'မင်းဝေ… မင်းဝေ ဘာတွေ မနာလိုဖြစ်နေတာလဲ၊ မင်းဆုတောင်း ဘယ်တော့မှ ပြည့်မှာ မဟုတ်ဘူး၊ ငါ့မှာ ချစ်သူရဖို့အရေး လုံ့လစိုက်နေရလို့ ဘာမှ အရေးမပါတဲ့ လူတွေအတွက် အချိန်မပေးနိုင်တာ ဒါပဲ ဘာမှမဖြစ်ဘူး'

'အေးပါ… အေးပါ ပြောထားဦးပေါ့၊ မင်းတို့တွေ မင်္ဂလာဆောင်မှ သတို့သမီးတွေ ပြန်ပေးဆွဲပြီး အရေးပါတဲ့လူ ဖြစ်အောင် လုပ်ပြမယ် မှတ်ထား'

'ဒါဆို ခုကတည်းက ဆိုမာလီဓားပြတွေဆီမှာ ကျူရှင်သွားတက်ထားလေ'

သူငယ်ချင်းများနှင့် နောက်ပြောင်ပြောဆိုလိုက်ရတော့လည်း စိတ်ပေါ့ပါးသွားတာကို သတိပြုမိ၏။ ရှုတိုင်းယဉ်ဆီသွားရတာ အဖြေရဖို့ တောင်းဆိုရတာတွေက စိတ်ပင်ပန်းလွန်းလှသည်။ သို့သော်


www.burmeseclassic.com

www.burmeseclassic.com

ဘာမှ မတတ်နိုင် ပုံမှန်လူသားတိုင်း ဆန့်ကျင်ဘက်လိင်ကို အဖော်ပြု၍သာ ဘဝတည်ဆောက်ကြရသည်မို့…။

'သော်က… မင်းကော အိုကေနေပြီလား'

'အေး… ရည်းစားသက်တမ်းတောင် တစ်ပတ်ပြည့်ပြီ'

'ဟာ… ဟုတ်လှချည်လား၊ ငါပြောသားပဲ မင်းတို့က အနေနီးပါတယ်ဆို'

'ဟုတ်ပါပြီကွာ၊ အချစ်မှာ နီးစပ်မှုက အရေးကြီးတယ်ဆိုတာ ငါယုံပါပြီ'

ဝင်ပြောစရာ စကားမရှိသော မင်းဝေက အီကြာကွေးကို လက်ဖက်ရည်ထဲ နှစ်သတ်ပြီး အညိုးတကြီးနှင့် ကိုက်ဝါးလျက် ရှိ၏။ ပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်နှင့်…

'ဟာ… ဝင်းမော်ဦး မင်းရဲ့ ဦးလေးကို ခပ်ချောချော အမျိုးသမီးကြီးတစ်ယောက်နဲ့ စားသောက်ဆိုင်မှာ တွေ့တာ ခဏခဏပဲ'

'အေး… ဟုတ်တယ်၊ အဲဒါ ရှုတိုင်းယဉ်ရဲ့ အမေပဲ သူတို့ချင်း စိတ်ဝင်စားနေကြတယ်လေ'

မင်းဝေ အံ့အားသင့်သွားဟန်နှင့်…

'ဟား… မင်းဦးလေးလည်း လွန်လွန်းလှချည်လား၊ ကြည့်လည်း လုပ်ဦး၊ တော်ကြာ စတုတ္ထမြောက် နှလုံးသားမြို့ဟောင်းကို တူးနေရဦးမယ်'

'ဟား… မင်းကလည်းကွာ၊ ပါးစပ်ပုပ်ကြီးနဲ့ သူဟာ့သူ အဆင်ပြေသွားတော့လည်း ပြီးရောပေါ့၊ ငါလည်း ဦးလေးဘဝကို တည်ငြိမ်စေချင်ပါပြီကွာ'

ထိုစဉ် သော်က က အလန့်တကြားနှင့်…

'အဲဒါ ပြဿနာမဟုတ်ဘူး၊ မင်းတို့ ပြိုင်တူတော့ လက်ထပ်လို့ မရဘူးနော်၊ ပြီးတော့ တစ်အိမ်ထဲမှာ အတူနေတဲ့ အမေနဲ့သမီး ခဏခဏ လက်ဖွဲ့ပေးနေရရင် အရပ်ထဲက လူတွေလည်း ကြည့်မှာ မဟုတ်ဘူး'





သော်ကအပြောကြောင့် ရယ်မိကြ၏။

'အေးကွာ… မင်းပြောမှပဲ ဒီကိစ္စကို စဉ်းစားမိတယ်၊ ဟုတ်တယ်နော်၊ တို့တွေရဲ့ ရေစက်နဲ့ လက်ထပ်ပွဲက သိပ်လွယ်မှာ မဟုတ်ဘူး၊ အင်း… ပြောလို့သာ ပြောရတာပါကွာ၊ ဂျူဒိုးနတ်ကဖြင့် ဘယ်ဆီနေမှန်းမသိဘဲ ပါးစပ်နဲ့ ဆန့်ပါ့မလားဆိုသလို ဖြစ်နေပြီ'

'ဘာဖြစ်လို့လဲကွ'

'ရှုတိုင်းယဉ်ဆီက အဖြေမရသေးဘူးကွ၊ နောက်လထဲကျမှ အဖြေပေးမှာ'

'သြော်… အမှုရှည်အောင် စီရင်ချက်မချသေးဘဲ ရုံးချိန်းထပ်ပေးလိုက်တယ်ပေါ့'

'မင်း ဘိုးအေကြီး ရုံးချိန်းပေးရမှာလား'

'အဲဒါပဲကွ အချစ်ဆိုတာ နီးစပ်မှုရှိမှ ဖြစ်ထွန်းတယ်ဆိုတာ'

'အံမယ်… ငါ့စကားနဲ့ ငါ့ကို ပြန်ရိုက်နေပြန်ပါပြီ သော်ကရာ'

သို့နှင့် လက်ဖက်ရည်ဆိုင်ဖိုရမ်တွင် စီးပွားရေး၊ လူမှုရေး၊ အချစ်ရေး၊ နိုင်ငံရေးတို့ကို သကြံန်စာတွင် ပါသည့်အတိုင်း ဒူးတိုက်ဆွေးနွေးကြပြီးနောက် အရည်မရ အဖတ်မရ ဆုံးဖြတ်ချက်များချကာ နောက်တစ်ပတ်ပြန်ဆုံရန် ချိန်းဆိုပြီး လူစုခွဲခဲ့ကြသည်။

* * *

ယုဇနပလာဇာရှေ့မှ ကညင်းသီးအပြားလိုက်ထောင်းပြီး အုန်းနို့ဆမ်းထားသော သရေစာကို ဒေါ်နန်းယဉ် အတော်ကြိုက်၏။ ထို့ကြောင့် ရောက်တိုင်း ကြုံတိုင်း ဦးအောင်လွင်က သတိတရ ဝယ်ကျွေးလေ့ရှိသည်။ အခုလည်း ပါဆယ်တစ်ထောင်ဖိုး ထုပ်လာပြီး မအူကုန်းထိပ်က အအေးဆိုင်တွင် ဖာလူဒါနှင့် စားသောက်ကြသည်။

ဒေါ်နန်းယဉ်က သူ၏ ကညင်းသီးအုန်းနို့ဆမ်းကိုသာ အာရုံစိုက်စားနေ၏။ ဒေါ်နန်းယဉ် ကြိုက်တတ်မှန်း သိ၍ ဦးအောင်လွင်



www.burmeseclassic.com

လက်ရှောင်နေရသည်။ ဦးအောင်လွင်က သူ့တူ ဝင်းမော်ဦးအပေါ် ဒေါ်နန်းယဉ်၏ သဘောထားအမှန်ကို သိချင်လာသည်နှင့်…

'ယဉ်ယဉ်… ကိုယ့်တူ ဝင်းမော်ဦးအပေါ် ဘယ်လိုသဘောရလဲ'

'ဘာကို ဘယ်လိုသဘောရ ရမှာလဲ ကိုအောင်ရဲ့'

'ဟိုလေ… သူတို့ လူငယ်ချင်း စိတ်ဝင်စားပုံ ရနေတယ် ယဉ်ယဉ်'

'ဟင်… ဟုတ်လား၊ ကြည့်စမ်း ယဉ်ယဉ်တောင် မရိပ်မိဘူး'

'ကိုယ့်ကိုတော့ ကိုယ့်တူက တိုင်ပင်တာကိုး'

'အင်း… ဘာပြောစရာ ရှိမှာလဲ ကိုအောင်ရယ်၊ မျိုးကောင်း ရိုးကောင်း ပညာတတ် ဘွဲ့ရ လုပ်ငန်းရှင်ပဲဟာ၊ ယဉ်ယဉ်က ဝမ်းသာရမှာပေါ့'

'ဟူး… တော်ပါသေးရဲ့ ဟိုကောင်သိရင် ဝမ်းသာမှာ'

'မောင်ဝင်းမော်ဦးကို စိတ်အေးအေးသာထားလို့ ပြောလိုက်ပါ၊ အချိန်တန်ရင် လက်ထပ်ပေးမယ်လို့'

'အိုကေ… ယဉ်ယဉ်'

တူလေးကိစ္စ အိုကေသွားပြီ ဆိုတော့ သူ့ကိစ္စပဲ ကျန်တော့၏။ သူတို့နှစ်ယောက်ကြားမှ ဆက်ဆံရေးသည်လည်း နေမြင့်လေ အရှုံးရင့်လေ ဆိုသလို ဖြစ်နေခဲ့ပြီ မဟုတ်လား။ ပွင့်လင်းမှုကို ဘယ်သူကမှ ထုတ်မပြကြသော်လည်း မတွေ့ရမနေနိုင်သည့် သမီးရည်းစားအစစ်တွေလို ဖြစ်နေခဲ့ပြီ။ အလုပ်မအားလို့ မတွေ့ဖြစ်လျှင်တောင်မှ ဖုန်းနှင့် ဆက်သွယ်ရေးကို လုပ်ကျွေးကြ၏။

ဦးအောင်လွင် ဖွင့်ပြောမည်ကြံတိုင်း ရှုတိုင်းယဉ်နှင့် မောင်နှမများက အစီအရီပေါ်လာကြသဖြင့် ဦးအောင်လွင် စိတ်ထိန်းကာ ဘရိတ်အုပ်လိုက်ရမြဲ ဖြစ်သည်။ သူလည်း သားနှင့် မယားနှင့် နေချင်ပြီ။ ဇနီးသည်၏ ပြုစုစောင့်ရှောက်မှုကို ခံယူလိုလှပြီ။ ဒေါ်နန်းယဉ်၏



လတ်လတ်ဆတ်ဆတ် အလှတရားတွေကို အလကားအဖြစ် မခံနိုင်တော့။ ဘဝကို တာဝန်ယူ၍ သုံးစွဲစားသောက် ပစ်လိုက်ချင်ပြီ။

ဒေါ်နန်းယဉ်လည်း ထိုသို့ပင် ရှိလိမ့်မည်ဆိုတာ မျက်ဝန်းများမှ တစ်ဆင့် မြင်တွေ့နေရ၏။ ဒါပေမဲ့ ဟိုက မိန်းမသား မြောင်းပေးရုံအပြင် ဘာမှဆက်ကြိုးစားလာမည် မဟုတ်။ စခြင်းစ ဦးအောင်လွင်ကသာ စရမည်ဖြစ်သည်။ ဦးအောင်လွင် မချင့်မရဲဖြစ်လာပြီး စိတ်ကို လွှတ်လိုက်ရန် ဆုံးဖြတ်မိသည်။

အကြံသမား ဦးအောင်လွင်က ချစ်သက်လက်ဆောင်ပေးပြီး ချစ်ခွင့်ပန်ရန် ပလာဇာသို့ မလိမ့်တစ်ပတ်နှင့် ပြန်ခေါ်လာခဲ့၏။ စိတ်ကြိုက်တွေ့မည့် ပစ္စည်းရှာနေခိုက်မှာ ဒေါ်နန်းယဉ်က အရောင်းကောင်တာကို မှီပြီး ချွေးပြန်နေသည်။ ဦးအောင်လွင်က ရင်ထိုးလေးတစ်ခု သဘောကျ၍ ဒေါ်နန်းယဉ် ကြိုက်မကြိုက် လှည့်အမေးတွင်ပင် ဒေါ်နန်းယဉ် နားထင်ကို ဖိကာ ခွေခေါက်လဲကျသွား၏။

'ဟင်… ယဉ်ယဉ်… ယဉ်ယဉ်၊ ဘာဖြစ်တာလဲ၊ ယဉ်ယဉ် သတိထားဦးလေ'

အခြေအနေက စကားမေးမရ၊ ဈေးလုံခြုံရေး၏ အကြံပေးကူညီမှုနှင့် ပလာဇာရှေ့မှ ဆေးခန်းတစ်ခုသို့ ဝင်ပြခဲ့ရ၏။ ဒေါ်နန်းယဉ်အဖြစ်ကို ကြည့်ပြီး ဦးအောင်လွင်မှာ မျက်နှာငယ်လေးနှင့် မခံစားနိုင်လောက်အောင် ဖြစ်နေသည်။ ဖြစ်နိုင်လျှင် ဝေဒနာကို လက်ပြောင်းလက်လွှဲရယူလိုက်ချင်၏။

ဆရာဝန်က စမ်းသပ်ပြုစုကုသ ဆေးထိုးဆေးတိုက်လုပ်ပြီး နာရီဝက်လောက်လှဲ့ကာ အနားယူလိုက်မှ ဒေါ်နန်းယဉ် မျက်လုံးပွင့်လာသည်။

'ရှေ့လျှောက် အနေအထိုင် အသွားအလာ အစားအသောက် အားလုံး ဂရုစိုက်နေထိုင်သွားမှ ဖြစ်မှာပါ'

'ကျွန်မ ဘာဖြစ်တာလဲ ဆရာ'

'သွေးတိုးတာပါ၊ ရုတ်တရက် သွေးဆောင့်တိုးတာ အပေါ်



www.burmeseclassic.com

www.burmeseclassic.com

သွေး နှစ်ရာနှစ်ဆယ်၊ အောက်သွေး တစ်ရာလေးဆယ် တော်တော်များနေတယ်'

'ဟုတ်… ဟုတ်ကဲ့ ဆရာ'

'ဘာတွေများ စားလို့လဲ အစ်မကြီး'

ဆရာဝန်လေး၏ အမေးကို ဦးအောင်လွင်က ဝင်ဖြေ၏။

'ဒညင်းသီး အုန်းနို့ဆမ်းနဲ့ ဖာလူဒါပါဆရာ'

'ဗျာ… သွေးတိုးရှိတာသိရင် ဆင်ခြင်ရမှာပေါ့၊ ဒီအတိုင်းဆို ကံကောင်းလို့ မသေတာလို့ ပြောရမလို ဖြစ်နေပြီ၊ ဂရုစိုက်ပါဗျာ'

'ဟုတ်ကဲ့ ဆရာ၊ ကဲ… ယဉ်ယဉ် အမူးပြေပြီလား၊ ထနိုင်ပြီလား၊ အိမ်ပြန်ပို့ပေးမယ်လေ'

ဒေါ်နန်းယဉ် ခေါင်းကို ညိတ်သည်ဆိုရုံ ညိတ်ပြရှာသည်။ ဦးအောင်လွင်က ဒေါ်နန်းယဉ်ကို ထွေးပွေ့သိုင်းဖက်၍ ဆေးခန်းထဲမှ ထွက်လာကြ၏။ နူးညံ့နွေးထွေးအိစက်သော အထိအတွေ့က အပြင်းအထန်ညို့ငင် ဖမ်းစားနေသော်လည်း ဦးအောင်လွင်မှာ ဒေါ်နန်းယဉ် အပေါ် ပြစ်မှားလိုစိတ် မရှိ။ ပကတိသန့်စင်သော မေတ္တာတရားသာ ပွားများဖြစ်ထွန်းလျက် ရှိသည်။

'မူးလိုက်တာ ကိုအောင်ရယ်'

'ဆေးတွေထိုး ဆေးတွေသောက်ထားပဲ ယဉ်ယဉ်ရယ်၊ တော်ကြာ ဆေးစွမ်းပြပြီး သက်သာသွားမှာပါ၊ ယဉ်ယဉ် လေညှင်းခံမလားဟင်'

'ကောင်း… ကောင်းသားပဲ ကိုအောင်'

ဦးအောင်လွင်က ဒေါ်နန်းယဉ်ကို ကားပေါ်တွဲတင်ပြီး ကန်တော်ကြီး ကရဝိတ်ကျွန်းဆီ မောင်းလာခဲ့သည်။ ရေစပ်တစ်နေရာတွင် ကားထိုး၍ တံခါးများဖွင့်ပေးလိုက်သည်။ ရှေ့ခုံကို နောက်လှန်၍ အိပ်ရအဆင်ပြေအောင် ပြင်ပေးရင်း သက်သက်သာသာ နားစေသည်။

လူးလွန့်လွင့်မျောလာသော လေပြည်ထဲတွင် ခြောက်ဆယ်ရာနှုန်းခန့် ရှင်းသန့်သော အောက်ဆီဂျင်ဓာတ်များ ပါရှိနေသေးသည်ဟု





ယူဆရ၏။ ထိုလေပြည်၏ အကူအညီနှင့် နီရဲသော ဒေါ်နန်းယဉ်မျက်နှာက တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာသည်။ ဒါကို အရိပ်တကြည့်ကြည့်လုပ်နေသော ဦးအောင်လွင် သိ၏။

'ယဉ်ယဉ်… နေရတာ သက်သာတယ် မဟုတ်လားဟင်'

'အင်း… သက်သာပါတယ်'

'ချွေးလည်း မစို့တော့ဘူး၊ မျက်နှာလည်း နီရဲမနေတော့ဘူး၊ ခဏနေရင်ကောင်းသွားမှာ'

'ကိုအောင် ပါလာလို့သာပေါ့၊ နို့မို့ဆို ယဉ်ယဉ်သေမှာ'

ပက်လက်အနေအထားမှ မျက်လုံးရွဲကြီးများဝင့်ကာ အားကိုးတကြီး ပြောလိုက်သည့် ဒေါ်နန်းယဉ် စကားကြောင့် ဦးအောင်လွင် စောင့်ထိန်းထားခဲ့ရသမျှတို့ကို အကုန်လွှင့်ပစ်လိုက်ပြီး ဒေါ်နန်းယဉ်၏ သွယ်လျလျလက်ကလေးကို ဆုပ်ကိုင်လိုက်၏။

'လက်တွေလည်း နွေးလာပါပြီ ယဉ်ယဉ်ရဲ့၊ စောစောကလို အေးမနေတော့ဘူး'

ပြောရင်းနှင့် ပိုမိုနွေးထွေးသွားအောင် လက်ကို ပွတ်သပ်ဆုပ်နယ်ပေးရင်း…

'ယဉ်ယဉ်… ကျန်းမာရေး ဂရုစိုက်ပါကွာ၊ ယဉ့်မှာ သွေးတိုးရှိတာ ကိုယ် သတိမထားမိလို့ မတည့်တာတွေချည်းပဲ ဝယ်ကျွေးမိတာ ယဉ် အခုလို ဖြစ်ရတာ ကိုယ့်ကြောင့်'

'မဟုတ်တာဘဲ ကိုအောင်ရယ်၊ မတည့်မှန်းသိရက်နဲ့ စားမိတဲ့ ယဉ်ယဉ့် အပြစ်ပါ'

'ဟင့်အင်း… ကိုယ် ဘယ်လိုမှ မဖြေနိုင်ဘူး၊ ယဉ့်ကို စိတ်မချဘူး၊ ယဉ့်ဘေးမှာ တစ်သက်လုံးနေပြီး ထာဝရစောင့်ရှောက်ခွင့်ပေးပါ ယဉ်၊ ယဉ့်ကို ကိုအောင် သိပ်ချစ်တယ်'

ဦးအောင်လွင်က ဒေါ်နန်းယဉ်၏ လက်ဖဝါးနုနုတစ်ဖက်ကို ရင်မှာအပ်ရင်း ဒရက်ကူလာတစ်ကောင် သွေးစုပ်ဖို့ ဖြားယောင်းသလို လေသံမျိုးနှင့် ပြောလိုက်သည်။ ဒေါ်နန်းယဉ် မျက်ဝန်းတို့ ဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com


လည်သွား၏။ ပြီးတော့ စီးပွားပျက်ပြီး အကြွေးတွေ ဝိုင်းနေခိုက် သိန်းတစ်ထောင်ဆု ထပေါက်သလို ဝမ်းသာသွားရှာသည်။

'ကို... ကိုအောင် တကယ်ပြောတာလားဟင်'

'တကယ်ပါ ယဉ်ရယ်၊ အချစ်တွေ မွေးဖွားခဲ့တာ ကြာလှပါပြီ၊ ယဉ့်သားသမီးတွေ သဘောတူလောက်မှာ မဟုတ်ဘူးလို့ တွေးပြီး မျိုသိပ်ထားခဲ့ရတာပါ၊ အခုတော့ ကိုယ် မမျိုသိပ်နိုင်တော့ဘူး ယဉ်၊ သူတို့တွေမှာ ကြင်ဖော်ကိုယ်စီ ရှိသလို အဖော်မဲ့အထီးကျန်နေတဲ့ ယဉ့်ကို ကိုယ်အဖော်လုပ်ပေးမယ်၊ ဘယ်သူ့ ဆန္ဒကိုမှ အလေးမထားနိုင်တော့ဘူး၊ ယဉ့်ဘဝ လုံခြုံအေးချမ်းဖို့ပဲ ကိုယ်တွေးတော့မယ်'

'ဝမ်း... ဝမ်းသာလိုက်တာ ကိုအောင်ရယ်၊ ယဉ်လည်း ကိုအောင့်ကို တိတ်တခိုးတွယ်ငြိ နေမိခဲ့တာပါ'

'ဟား... ဒါ... ဒါဆို ကိုအောင်ကို ချစ်တယ်ပေါ့ ဟုတ်လား'

'အင်း'

ချစ်စဖွယ်အမူအရာနှင့် မျက်ဝန်းထောင့်ကပ်ကာ ပြောလိုက်သော လေးဆယ်ကျော် ချစ်သူ၏ ဆွဲငင်အားကြောင့် ဦးအောင်လွင်မှာ နွားသိုးကြီးပြတ် ဖြစ်သွား၏။ ကားထိုင်ခုံပြန်မတ်လာ၍ ကားတံခါးများ ပိတ်သွားသည်။ ကန်တော်ကြီးဝန်းကျင်တွင်တော့ လေညှင်းတို့ တိုက်ခတ်နေဆဲ...

* * *

အဆင့်မြင့်စားသောက်ဆိုင်ကြီး အတွင်းမှ ကြိုတင်မှာယူထားသော အခန်းအတွင်း ဝင်းမော်ဦးနှင့် ရှုတိုင်းယဉ်တို့ ရောက်ရှိနေကြ၏။ မျက်နှာချင်းဆိုင်ထိုင်ရင်း ဝင်းမော်ဦးက စူးစူးရဲရဲ ကြည့်လိုက်သဖြင့် ရှုတိုင်းယဉ် အကြည့်လွှဲပြီး အခန်းအပြင်အဆင်ကို စူးစမ်းချင်ယောင် ဆောင်နေသည်။ အခန်းတံခါးခေါက်၍ စားပွဲထိုးတစ်ယောက် ဝင်လာ၏။



'ဘာများ ဆောင်ရွက်ပေးရမလဲ ခင်ဗျာ'

'ကြိုတင်မှာထားတဲ့ အစီအစဉ်အတိုင်း တစ်ခုချင်း စလို့ရပါပြီ'

'ဟုတ်ကဲ့ပါ'

စားပွဲထိုး ပြန်ထွက်သွားတော့ ရှုတိုင်းယဉ်က စူးစမ်းလိုဟန်နှင့်...

'ကိုဝင်းမော်ဦး... ဘာတွေ စီစဉ်ထားလို့လဲ၊ နှစ်ယောက်တည်းနော်၊ အများကြီးမမှာနဲ့'

'စောင့်ကြည့်လိုက်ပါဦး ရှုတိုင်းယဉ်'

ရှုတိုင်းယဉ် ဘာမှမပြောတော့ဘဲ စားပွဲပေါ်မှ မီနူးကို ကောက်လှန်နေလိုက်၏။ ဝင်းမော်ဦးလည်း အနှောင့်အယှက်မပေးဘဲ တစိမ့်စိမ့်သာကြည့်နေလိုက်သည်။ ဆယ်မိနစ်ခန့်အကြာတွင် တံခါးခေါက်သံ ကြားရပြန်သည်။ ငွေအုပ်ဆောင်းကြီး အုပ်ထားသော လင်ဗန်းတစ်ချပ် သယ်ဆောင်လာသည့် စားပွဲထိုးနှင့်အတူ ကောင်မလေးနှစ်ယောက် ပါလာ၏။

ဝိတ်တာက သူသယ်လာတာကို ရှုတိုင်းယဉ်ရှေ့တွင် ချထားပြီး အုပ်ဆောင်းကြီးကို လှပ်ပြလိုက်သည်။ သူ့နာမည် စာတန်းထိုးထားသော မွေးနေ့ကိတ်တစ်လုံးကို တွေ့လိုက်ရသဖြင့် ရှုတိုင်းယဉ် အံ့သြပြီး ဝင်းမော်ဦးကို လှမ်းကြည့်၏။ ဝင်းမော်ဦး ပြုံးပြပြီး ထရပ်လိုက်တော့ ဝိတ်တာက ပြောင်းတံရှည်ရှည်နှင့် မီးခြစ်သေနတ်တစ်လက် ထုတ်ပေးသည်။

ထိုသေနတ်နှင့် ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်များကို ဝင်းမော်ဦး မီးညှိပေးလိုက်၏။ ရှုတိုင်းယဉ် အံ့သြဝမ်းသာမဆုံး ဖြစ်နေပုံရသည်။ မျက်နှာပေါ်တွင် ကြည်နူးမှုတို့ ရောင်ပြန်ဟပ်လျက်ရှိ၏။

'နှစ်နှစ်ဆယ်မြောက်မွေးနေ့မှ နှစ်ပေါင်းရာချီတိုင်အောင် မွေးနေ့ပွဲတွေ အဆက်မပြတ်ကျင်းပပြီး တစ်သက်လုံး ပျော်ရွှင်နိုင်ပါစေ ရှုတိုင်းယဉ်၊ ကဲ... ဆုတောင်းပြီး ဖယောင်းတိုင်မီးတွေ မှုတ်လိုက်ပါဦး'

ရှုတိုင်းယဉ်က ဝင်းမော်ဦးနှင့် စားသောက်ဆိုင်ဝန်ထမ်းများကို ရှက်ရွံ့သလို ကြည့်ပြီး တုန့်ဆိုင်းနေ၏။ ဝင်းမော်ဦး ထပ်မံတိုက်တွန်းလိုက်သည်။

'ဆုတောင်းလိုက်ပါဦး ရှုတိုင်းယဉ်'

ရှုတိုင်းယဉ် ပြုံးရွှင်စွာနှင့် မျက်စိမှိတ်ဆုတောင်းနေ၏။ ပြီးတော့ ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်မီးများကို မှုတ်ညိမ်းလိုက်သည်။ အခန်းထဲ လက်ခုပ်သံများ တဖြောင်းဖြောင်း ထွက်လာပြီး Happy Birthday to you ဟူသော ဆုတောင်းသံတို့ ထွက်လာ၏။ ကောင်မလေးတစ်ယောက်က သူ့လက်ထဲမှ ဘူးရှည်ရှည်လေးကို ဖွင့်လိုက်သဖြင့် စက္ကူမျှင်ရှည်လေးများ တွန်းကန်ထွက်လာကာ ရှုတိုင်းယဉ် ခေါင်းပေါ်သို့ ဖြည်းညှင်းစွာ ကျလာ၏။

နောက်တစ်ယောက်ကလည်း ဆပ်ပြာပူဖောင်းလေးများ ထွက်သည့်သေနတ်နှင့် တရစပ်ပစ်ပေးနေ၏။ ရှုတိုင်းယဉ်ဆံပင်ပေါ်တွင် ရောင်စုံစက္ကူမျှင်လေးများနှင့် ဆပ်ပြာပူဖောင်းလေးများ ယီးလေးခိုနေသည်။ အစီအစဉ်ပြီးသွားတော့ ဝိတ်တာနှင့်အဖွဲ့ ပြန်ထွက်သွားကြ၏။ ဝင်းမော်ဦး၏ ရွှန်းရွှန်းစားစား အကြည့်ကို ရှုတိုင်းယဉ်က မဝံ့မရဲ ပြန်ကြည့်ရင်း...

'မွေးနေ့ကို ဘယ်လိုလုပ်သိလဲဟင်'

'ဆေးရုံသွားပြီး လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က မွေးစာရင်းတွေ ပြန်ရှာကြည့်ခဲ့တာ'

'သွား... ဟုတ်ပဲနဲ့ ပြောလေ ဘယ်လိုသိလဲလို့'

'ရှုတိုင်းယဉ်ကို မွေးပေးတဲ့ လူဆီက'

'ဘယ်သူလဲ O.G လား'

'မဟုတ်ဘူး စဉ်းစားကြည့်'

'ဟယ်... ဒါဆို မေမေနဲ့ ပေါင်းပြီး ကြံစည်ကြတာပေါ့'

'မွေးနေ့ပြောပြတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျန်တာတွေက ကိုယ့်အိုင်ဒီယာပါ၊ ကဲ... ဒီနေ့က ရှုတိုင်းယဉ်ရဲ့ မွေးနေ့ဖြစ်သလို ကတိပေးထားတဲ့နေ့လည်း ဖြစ်တယ်ဆိုတော့ သူတစ်ပါး စိတ်ဆင်းရဲအောင်တော့ မလုပ်ဘူး ထင်ပါတယ် ဟုတ်လား'

ရှုတိုင်းယဉ် တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။ ခေါင်းကြီးငုံ့နေလိုက်သည်မှာ ပြန်မဖော်တော့။ ဝင်းမော်ဦး တွန်းအားပေးရပြန်သည်။

'ပြောပါဦး... ရှုတိုင်းယဉ်ရယ် ကျွန်တော် စိတ်ချမ်းသာရမှာလားဟင်'

ရှုတိုင်းယဉ် ဘာမှပြန်မဖြေဘဲ သူ့လက်ပွေ့အိတ်ကြီးထဲမှ တစ်စုံတစ်ရာကို နှိုက်ယူနေသည်။ ပြီးတော့ ဝင်းမော်ဦး ပေးထားသည့် ဖိတ်စာစာအိတ်လေးကို လှမ်းပေး၏။ ဝင်းမော်ဦးရင်ထဲ လေဖိအားနည်းရပ်ဝန်းဟာစ်ခု ဖြစ်ပေါ်လာသလို ဖြောင်းဆန်သွားခဲ့သည်။

သွေးကြောတွေ လျှော့မိသလို တဆတ်ဆတ်တုန်နေသော လက်များနှင့် စာအိတ်ကို လှမ်းယူလိုက်၏။ စာအိတ်ကို ဖွင့်၍ ထုတ်ယူပြီး လှန်ကြည့်လိုက်လျှင် ဘာတွေကို မြင်တွေ့ရမှာပါလိမ့်။ ဒေးဗစ်ကော်ပါဖီးသာ ဆိုလျှင် သူကိုယ်တိုင် အုပ်ဆိုင်းထားသည့် ကတ္တီပါဝတ်ရုံကို လွှားခနဲဆွဲယူကာ ဖယ်ပစ်လိုက်လျှင်တော့ ပရိသတ်က အမြဲတစေ အံ့အားသင့်သွားကြရတာပဲ ဖြစ်၏။

သို့သော် ဝင်းမော်ဦးက ဒေးဗစ်ကော်ပါဖီး မဟုတ်။ ဒီဖိတ်စာကို ဖွင့်လိုက်သည်နှင့် မြင်တွေ့ရမည်က သူ့ဘဝရှေ့ရေးကို ပြဋ္ဌာန်းပေးမည့် စီရင်ချက်တစ်ရပ် ဖြစ်နေသည်။ ဝင်းမော်ဦးက ရှုတိုင်းယဉ်ကို အကဲခတ်လိုက်ရင်း ခန့်မှန်းအဖြေများ သိရလေမည်လား အထင်နှင့် ရှာဖွေကြည့်၏။ တစ်စွန်းတစ်စမှ မတွေ့ရ။

ဒါ ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းရမည့် အရေးကိစ္စတစ်ခုသာ ဖြစ်ရာ ကိုယ့်အားကိုယ်ကိုးရတော့မည် မဟုတ်လား။ အရဲစွန့်၍ ဖိတ်စာကို လှန်လိုက်သော်လည်း မျက်စေ့ကို မှိတ်ထားမိ၏။ ထို့နောက်မှ စလိုးမိုးရှင်းနှင့် မျက်စေ့ဖွင့်ကြည့်လိုက်သည်။

သတို့သား ခွေစဉ်မျိုးဆက်ဖယား အောက်တွင် ရှုတိုင်းယဉ် ဟူသော နာမည်ကို ဖတ်လိုက်ရ၏။ ဝင်းမော်ဦး ရင်ထဲလှိုက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် အားတက်ရွှင်လန်းဝမ်းသာမှုက ငြိမ့်ညောင်းစွာ ဖြတ်သန်းစီး ဆင်းသွားသည်။ သူ မယုံကြည်နိုင်စွာဖြင့် ရှုတိုင်းယဉ်အား ကြည့်လိုက် မိ၏။

'ဒါ… တကယ်… တကယ်ပါနော်'

ရှုတိုင်းယဉ်က ခေါင်းညိတ်ပြပြီး ခေါင်းပြန်ငုံ့သွားသည်။ အပျော်ကြောင့် အသက်ရှူဖို့ပင် မေ့သွား၏။

'ဝမ်း… ဝမ်းသာလိုက်တာ ရှုတိုင်းယဉ်ရယ်၊ ရှုတိုင်းယဉ် ကိုယ့်ကို ချစ်တယ်ပေါ့၊ အဖြေပေးခဲ့ပြီပေါ့၊ ဟား… အနာဂတ်က အရမ်းလှသွားပြီ ရှုတိုင်းယဉ်ရယ်'

ဝင်းမော်ဦး ဝမ်းသာပီတိဖြစ်နေပုံကို ကြည့်ရင်း ရှုတိုင်းယဉ် လည်း ကြည်နူးမှုကို ခံစားနေရ၏။ ဘယ်သူမှ စကားမပြောနိုင်ကြ။ ထိုအခိုက် စားပွဲထိုးများ ဝင်လာပြီး မှာယူထားသော အစားအသောက် များကို ပြင်ဆင်ချထားပေးလိုက်ကြသည်။ ပြီးတော့ လွတ်လပ်စွာ စားသုံးနိုင်ရန် တိတ်ဆိတ်စွာ ထွက်ခွာသွားကြ၏။ သို့သော် နှစ်ယောက် လုံး ရင်ပြည့်ရင်ကယ် ဖြစ်နေခဲ့ပြီ။

'အင်း… အပျော်လွန်ပြီး စားတောင်စားနိုင်ပါ့မလားပဲ ရှုတိုင်း ယဉ်ရယ်'

'ကျွန်မလည်း အဲလိုပါပဲ'

ဝင်းမော်ဦးက ရှုတိုင်းယဉ်၏ မျက်နှာလှလှလေးကို မြတ်မြတ် နိုးနိုးကြည့်ရင်း သူ၏နောက်ဆုံးလက်နက်ကို ထုတ်ယူလိုက်၏။ သူ၏ ရင်တွင်းဖြစ်အိုင်ဒီယာနှင့် ပန်းတိမ်ဆရာတို့ ပူးပေါင်းလက်စွမ်းပြထား ခြင်းသာ ဖြစ်သည်။ အပြာရောင် ကတ္တီပါဘူးလေးကို ဖွင့်လိုက်တော့ အသည်းပုံစိန်စီထားသည့် ပလက်တီနမ်လက်စွပ်လေးကို မြင်လိုက် ရသည်။ ဝင်းမော်ဦးက ထိုလက်စွပ်ဘူးကို ရှုတိုင်းယဉ်ရှေ့သို့ ချပေး လိုက်ရင်း…

'တကယ်တော့… ဒီလက်စွပ်ကို ဘုရားတစ်ဆူဆူမှာပဲ လှူ ပစ်ရမှာလို့ ကျွန်တော် တွေးထားခဲ့တာပါ၊ ကျွန်တော့်ကို မေတ္တာတုံ့ ပြန်မယ်လို့ မထင်မိဘူးလေ'



ရှုတိုင်းယဉ် ကျေနပ်စွာ ပြုံးသည်။

'ကျွန်တော် ရှုတိုင်းယဉ်ကို လက်ထပ်ပါရစေ၊ ဒီလက်စွပ်လေး ကို ဝတ်ဆင်ပြီး ကျွန်တော် လက်ထပ်ခွင့်တောင်းတာကို လက်ခံပေးပါ နော်'

ရှုတိုင်းယဉ် ကြည်ကြည်နူးနူးပြုံးပြီး ခေါင်းညိတ်၏။ ဝင်းမော် ဦးက ရှုတိုင်းယဉ်၏ လက်သူကြွယ်တွင် လက်စွပ်ကို ဆင်မြန်းပေး လိုက်သည်။

'ကိုယ်တို့ အမြန်ဆုံးလက်ထပ်ကြမယ်နော်'

'တစ်နှစ်လောက်တော့ အချိန်ယူပါရစေဦး ကိုဝင်းမော်ဦးရယ်၊ ကျွန်မတို့ချင်းလည်း ပိုရင်းနှီးအောင် ပြီးတော့ ပြင်ဆင်စရာရှိတာလည်း ပြင်ဆင်ရအောင်လေ နော်'

'သိပ်သဘောမကျပေမယ့် သင့်တော်တဲ့ တောင်းဆိုမှုဆိုတော့ လက်ခံရတော့မှာပေါ့ ရှုတိုင်းယဉ်ရယ်'

'ကျေးဇူးတင်ပါတယ် ကိုဝင်းမော်ဦး'

'ကဲ… ဒါဆို နှလုံးသားအာဟာရတော့ ပြည့်သွားပြီ၊ ဗီတာ မင်အာဟာရတွေကို ကယ်လိုရီရအောင် စားလိုက်ကြစို့ ဟင်းတွေအေး ကုန်လိမ့်မယ်'

'ဟုတ်ကဲ့'

အကောင်ပလောင်ငယ်များနှင့် အကောင်လတ်များ၏ အသွေး အသားတို့ကို လူတို့ စိမ်ဖော်စပ်ထားသည့် ရှပ်ယှက်ခတ်နည်းပညာများ နှင့် ချက်ပြုတ်ထားသဖြင့် အစားအသောက်များက အရသာရှိနေ၏။ သာမန်အချိန်တွင် လွန်စွာအရသာရှိမည့် ဟင်းများ ဖြစ်နိုင်သော်လည်း အခုတော့ အပြန်အလှန်ကြည့်နေရသည့် ချစ်သူမျက်နှာလောက် စားမ ကောင်း စားဖိုမှူးဒေါ်ဖောင်းမည့် စားသုံးသူများ ဖြစ်နေကြ၏။

'အန်တီတို့ကို အသိပေးထားကြမလား ရှုတိုင်းယဉ်'

'အိုး… မစောလွန်းဘူးလား ကိုဝင်းမော်ဦးရယ်'

'တစ်အိမ်တည်းနေတာလေ၊ လက်စွပ်မြင်ပြီး မေးလာရင်ကော'

www.burmeseclassic.com

‘မေးမှပဲ အဆင်ပြေသလို ဖြေလိုက်တော့မယ်’

‘ရှုတိုင်းကလည်းကွာ၊ ဒါ ကြွားစရာကိစ္စ မဟုတ်လား’

‘အမယ်… ကြွားရအောင် ဟိုက အမေလေ သူငယ်ချင်းမှ မဟုတ်တာ’

‘အင်း… ဟုတ်ပါတယ်လေ၊ အမေဆိုလို့ ကိုယ် အနံ့တို့ကို အတော်သနားတယ်’

‘ဘာဖြစ်လို့လဲ’

‘ရှုတိုင်း… ငယ်ငယ်လေးကတည်းက အဖေဆုံးတာဆို’

‘ဟုတ်တယ်လေ’

‘စဉ်းစားကြည့်ပေါ့ လူမမယ်သုံးယောက်ကို ဒီအရွယ်ရောက်တဲ့အထိ ပြုစုပျိုးထောင်လာခဲ့ရတာ နောက်အိမ်ထောင်မပြုဘဲ တစ်ယောက်တည်း ရင်ဆိုင်လာခဲ့ရတာ ဘယ်လောက်များ ပင်ပန်းရှာမလဲ’

‘ဟုတ်ပါတယ်’

‘နည်းတဲ့ကျေးဇူးတွေလား၊ ရင်ဖွင့်စရာ တိုးတိုးဖော်မရှိ၊ တိုင်ပင်စရာ လူမရှိနဲ့ သားသမီးတွေရဲ့ လိုအင်တွေကိုပဲ တစ်ဖက်သတ် ဖြည့်ဆည်းပေးခဲ့ရှာတာ၊ မောနေလောက်ပြီ ပြီးတော့ အရွယ်လည်း တင်သေးတယ်၊ အဖော်ရှာခွင့်ပေးလိုက်ပါလားဟင်’

အကွက်မဆိုက်ဆိုက်အောင် လုပ်ပြီး လေးလေးအတွက် သတိတရနှင့် လျှော်ပေးလိုက်သည်။

‘ဟာ… ကိုဝင်းမော်ဦးကလည်း ကျွန်မရှိသားပဲ ပြုစုမှာပေါ့’

‘မတုတ်သေးပါဘူး ရှုတိုင်းရယ်၊ သားသမီး ဘယ်လိုပဲ ပြုစုပြုစု လင်မယားအချင်းချင်း ပြုစုတာကိုတော့ ဘယ်မီပါ့မလဲ’

ရှုတိုင်းယဉ်ထံမှ တုံ့ပြန်စကားမကြားရ၊ သဘောထားက အမေအိမ်ထောင်ပြုမှာကို သဘောတူလိုဟန်မရှိတာ သိသာနေ၏။

‘ကိုယ်တော့ ကိုယ်ချင်းစာတယ်၊ တခြားမကြည့်နဲ့ အချိန်ပိုင်းမှဆိုးမဖြစ်နေတဲ့ ကိုယ့်အမေက သိသာထင်ရှားတဲ့နေတာပဲလေ’

‘ဘာရယ်… အချိန်ပိုင်း မုဆိုးမ ဟုတ်လား’





‘ဟုတ်တယ်လေ အဖေက သင်္ဘောကက်ပတိန် ဆိုတော့ အမေ တစ်ယောက်တည်း အထီးကျန်နေရတာက ခဏခဏပဲလေ၊ အဖေကလည်း တစ်ခါသွားရင် နှစ်နှစ်လောက်ကို ကြာတာ အဲဒါ အချိန်ပိုင်းမုဆိုးမပေါ့’

‘ကြံကြံဖန်ဖန် ကိုဝင်းမော်ဦးရယ်၊ မပြောကောင်း ပြောကောင်း’

‘ထားပါ၊ ကိုယ်အမေ့ကို သတိထားမိတယ်၊ အဖေရှိတဲ့ အချိန်နဲ့ မရှိတဲ့ အချိန်ကွာခြားမှုကိုပေါ့၊ အဖေရှိနေရင် အမေ အလိုလိုအားတက်လာတယ်၊ ရွှင်ရွှင်လန်းလန်းနဲ့ ပျော်မြူးနေလိုက်တာများ မပြောပါနဲ့တော့၊ အဲ… အဖေ သင်္ဘောတက်ပြီ ဆိုတာနဲ့ အမေ အိပ်ရာထဲလဲတော့တာပဲ၊ တစ်လလောက်နေမှ ပုံမှန်ဖြစ်တယ်၊ သူ့မှာ မောင်ကော သားပါရှိနေရက်နဲ့ အဖေရှိတုန်းကလို မလန်းတော့ မပျော်တော့ဘူး၊ တစ်ခါတလေ အဖေ့ဆီက ဖုန်းလာရင် အမေပျော်ပြီး မျက်ရည်ဝဲနေတာတွေ့ရင် ကိုယ်သိပ်သနားတာပဲ’

‘ဟုတ်မှာပဲနော်’

‘ဟုတ်ကို ဟုတ်တာပါ ရှုတိုင်းရယ်၊ ရိုးရိုးလေးပဲ စဉ်းစားကြည့် လောကကြီးထဲမှာ ရှိတဲ့ ဘယ်သတ္တဝါမဆို အဖော်ရှိတယ်၊ အဖော်နဲ့ပဲနေတယ်၊ အထီးကျန်တယ် ဆိုတာ ဘယ်လောက်ကြောက်ဖို့ကောင်းတယ် မှတ်သလဲ၊ အမေတွေဆိုတာ လူတွေလေ သူတို့မှာလည်း ၁၅၀၀ အချစ်ကိုယ်စီရှိတယ် ရှုတိုင်းရဲ့’

‘အမေတွေအတွက် ရှေ့နေလိုက်မလို့လား ဟင်’

‘အဟင်း… ကိုယ်ချင်းစာပြီး နားလည်ပေးတာပါ’

‘သေချာတော့ မပြောနိုင်ဘူး၊ မေမေ တောင်းဆိုလာရင်တော့ လိုက်လျှောပေးမိမလား မသိဘူး’

ဟူး… တော်ပါသေးရဲ့၊ အပြောကောင်းလို့ ရှုတိုင်းယဉ် နည်းနည်းစိတ်ယိုင်သွားမှန်း သိလိုက်ရသည်။ ဒီလောက်ဆို မဆိုးပါဘူး၊ အိမ်ထောင်ခွဲ အစ်ကိုတွေ အစ်မတွေရဲ့ ဆန္ဒက ရှုတိုင်းယဉ်ရဲ့ ဆန္ဒလောက် အရေးမပါမှန်းသူ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းကိုလွှော့ပြီး ဟင်းချည်းပဲ စားကြရင်း ထမင်းဝိုင်းကို လက်စသတ်သည်။ ဗီတ်တာများလာရောက် သိမ်းဆည်းပြီးနောက်…

'ကဲ… မွေးနေ့ရှင် မွေးနေ့ကိတ်လှီးပြီး ချစ်သူကို ခွံ့ကျွေးပါဦး အချိုတည်းရအောင်'

'ဟင်းနော်… လှီးပေးရုံပဲ လှီးပေးမှာ'

'မရဘူး ခွံ့ကျွေး'

'မကျွေးဘူး'

'ဒီအခန်းထဲမှာ ကိုယ်တို့နှစ်ယောက်တည်းရယ်နော်၊ ခွံ့မကျွေးရင် ဖက်နမ်းလိုက်မှာ'

ဝင်းမော်ဦး ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သဖြင့် ရှုတိုင်းယဉ်က အလောတကြီး လက်ကာပြရင်း…

'ဟိုး… ဆရာ ဟိုး၊ ကိတ်မုန့်လှီးပြီး ခွံ့ကျွေးမယ် ဟုတ်ပြီလား၊ လိမ်လိမ်မာမာနဲ့ ငြိမ်ငြိမ်လေး ထိုင်နေ'

'ဟဲ… ဟဲ ဒီလိုကျတော့လည်း ကြောက်တတ်လိုက်တာ'

ရှုတိုင်းယဉ်က ကိတ်မုန့်လှီးကာ ဇွန်းနှင့် အနေတော်တစ်ကိုက်စာ လှီးဖဲ့၍ ကျွေး၏။ သူကိုယ်တိုင်လည်း စားသည်။ ဤသို့ဖြင့် အမှတ်ရစရာတွေ များလှသော အပြန်အလှန် အချစ်ဖလှယ်ပွဲနှင့် ဈေးဦးပေါက် သမီးရည်းစားဘဝ စာမျက်နှာကို အတူတကွ စတင်ဖွင့်လှစ်ခဲ့ကြတော့၏။

❐ ❐ ❐



## အခန်း(၈)

ကားပေါ်ထိုင်ရင်း ကောင်းကင်ကြီးကို ကြည့်ကာ အတွေးတွေ ခရီးသွားနေလိုက်တာ မနန်းယဉ်အကြောင်းရောက်မှ ရပ်သွား၏။ သူ့အကြည့်တွေကို ကောင်းကင်ကြီးဆီမှ ပြန်ရုပ်သိမ်း၍ လမ်းထိပ်ဆီသို့ ပို့လိုက်သည်။ ချစ်သူ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေး။ ဦးအောင်လွင်၏ အကြည့်တွေ နာရီဆီ ရောက်သွားပြန်၏။

ချိန်းထားချိန်ထက် ငါးမိနစ်ကျော်နေပြီ ဖြစ်သည်။ ငါးမိနစ်စာကို ဦးအောင်လွင် တော်တော်နှမြောနေမိသည်။ ခုတော့ တူတော်မောင် ဝင်းမော်ဦးလည်း ရည်းစားရနေပြီမို့ အလုပ်မပျက်အောင် တစ်လှည့်စီ ချိန်းတွေ့နေရတာ ဆိုတော့ အချိန်ငါးမိနစ်ကအစ သူ့အတွက် သိပ်ကို တန်ဖိုးရှိနေ၏။

'ယဉ်ယဉ် နေမကောင်းလို့များလား သွေးတိုးနေပြန်ပြီလား' ထိုသို့ တွေးမိပြီး စိတ်ပူလာသဖြင့် နေမထိထိုင်မသာဖြစ်စွာနှင့် ကားပေါ်မှ ဆင်းလိုက်သည်။ ထိုအခါမှ တလှုပ်လှုပ်နှင့် ထွက်လာသော မနန်းယဉ်ကို လှမ်းမြင်ပြီး သက်ပြင်းချလိုက်မိ၏။ ခုမှပဲ ဆယ်ကျော်သက်တွေလို လမ်းထိပ်ကစောင့်ပြီး ချိန်းတွေ့နေရခြင်းအပေါ် တစ်ယောက်တည်း သဘောကျစွာနှင့် ရယ်လိုက်မိသေးသည်။

ဒေါ်နန်းယဉ် အနားသို့ ရောက်လာသည်နှင့် အဆင်သင့်ဝင်ထွက်နိုင်ရန် ကားပေါ်ပြန်တက် စက်နှိုးထားလိုက်၏။ ဘေးခုံမှ တံခါး



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ဖွင့်ပေးထားလိုက်သည်။ ဒေါ်နန်းယဉ် သုတ်သီးသုတ်ပျာနှင့် ကားပေါ်ရောက်လာသည်။ ဦးအောင်လွင် ကားကို ဝေါခနဲ မောင်းထွက်လိုက်၏။

'စိတ်ပူနေတာ ငါးမိနစ်ကျော် နောက်ကျနေလို့ နေမကောင်းဘူးလား ဆိုပြီး'

'ကောင်းပါတယ် ကိုအောင်၊ ဟိုကလေးမလေး လျှောက်မေးနေလို့ လှည့်ပတ်ဖြေနေရတာ'

'အင်း… စေ့စေ့စပ်စပ် အမှန်အတိုင်း အသိပေးထားရင် ကောင်းမယ် ထင်တယ်နော်'

'ကိုအောင်ကလည်း ဘယ်လိုလုပ် ပြောရမှာလဲ'

'အေးလေ… တော်တော်တော့ မျက်နှာပူစရာ ကောင်းတယ်၊ ဒါပေမဲ့ တစ်နေ့တော့ ရင်ဆိုင်ရမှာပဲ မဟုတ်လား၊ ကိုအောင်က ယဉ့်ကို ရင်ခွင်ထဲ ထည့်ထားချင်တာလေ'

'အင်း… ယဉ် သတ္တိမွေးပါ့မယ် ကိုအောင်'

'ဟုတ်ပါပြီ၊ နောင်ခါလာ နောင်ခါချေးပေါ့၊ ကဲ… ယဉ် ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ ပြော'

'ဟိုဟာမတည့် ဒီဟာမတည့်နဲ့ စားရမှာတောင် စိတ်ကုန်လာပြီ'

'အဲလို မလုပ်ပါနဲ့ အချစ်လေးရာ၊ အင်နဲ့ အဆီအဆိမ့်ပဲ ရှောင်ရတာ မဟုတ်လား၊ တည့်တာတွေ ကိုယ် ဝယ်ကျွေးပါ့မယ်'

'ကဲ… သဘော… သဘော ကိုအောင့် သဘော'

ဦးအောင်လွင် ကားကလေး လှစ်ခနဲ ပြေးထွက်သွား၏။ ခဏအကြာမှာ ယူကို ကြေးအိုးဆိုင်ရှေ့တွင် ကားကို ရပ်လိုက်သည်။

'အသားပြုတ် စားတာက သိပ်အန္တရာယ် မရှိပါဘူး'

'ကြေးအိုးလား ယဉ်ကြိုက်ပါတယ်'

'ဆင်းလေ စားပြီးမှ တစ်နေရာရာ သွားကြမယ်'

နှစ်ကိုယ်တူ လက်တွဲပြီး ဆိုင်ထဲသို့ ဝင်လာကြ၏။ ဝက်ကို





ရှောင်ပြီး ကြက်သားနှင့် ကြေးအိုးနှစ်ပွဲ မှာလိုက်သည်။ ပြီးတော့ တစ်ယောက်ကို တစ်ယောက် ရွှန်းရွှန်းစားစား ကြည့်လိုက်ကြ၏။

'ကိုအောင့်ဘက်မှာ အခက်အခဲ မရှိပေမယ့် ယဉ့်ဘက်မှာ ပြဿနာ နည်းနည်းရှိမယ်ဆိုတာ ကိုအောင် သိပါတယ်၊ ဒါပေမဲ့ ကတိတစ်ခုပေးပါ ယဉ်'

'ပြောလေ ကိုအောင်'

'ဘယ်လို အခက်အခဲတွေ ဘယ်လို ပြဿနာတွေပဲကြုံကြုံ ကိုအောင့်ကို လက်ထပ်မယ်ဆိုတဲ့ ကတိပေါ့'

ဦးအောင်လွင်၏ တောင်းဆိုမှုကြောင့် ဒေါ်နန်းယဉ် တွေတွေကြီး ဖြစ်သွားသည်။ ကြေကွဲမှုတွေလည်း မျက်နှာပေါ်မှာ ထင်ဟပ်လာ၏။ သက်ပြင်းတစ်ချက်ရှိုက်ရင်း…

'ဒီအတောအတွင်း ကိုအောင့်ရဲ့ အစီအစဉ်တွေကြောင့် စီးပွားရေးပိုအဆင်ပြေလာပါတယ်၊ ပြီးတော့ ရင်ဖွင့်စရာ စကားပြောဖော်လည်း ရတယ်၊ တိုင်ပင်စရာလည်း ရတယ်၊ အားငယ်တဲ့ အခါမျိုးမှာ ကိုအောင့် ပခုံးပေါ်ခေါင်းမှီပြီး ထွေးပွေ့တာခံရရင်လည်း အားပြန်ပြည့်လာသလိုပဲ'

'ဒါ အဆန်းလား ယဉ်ရာ ချစ်သူဘဝဆိုတာ ဒီလိုပဲလေ'

'ဟုတ်ပါတယ် ဒါပေမဲ့ ကိုအောင်က လူပျိုလေ၊ ယဉ်က မုဆိုးမ ပြီးတော့ သားကြီး သမီးကြီးတွေနဲ့ ယဉ်လောဘတွေ အရမ်းတက်နေရင် ကိုအောင် သိပ်နစ်နာသွားလိမ့်မယ်၊ ဒီလောက်လေးပဲ ဆိုရင်တောင် ယဉ်က အားနာနေရတာပါ'

'ဟာ… ဘာလဲကွာ ယဉ်ဘာတွေ ပြောနေတာလဲ၊ ကိုအောင့်ကို လက်မထပ်ဘူး ဆိုတဲ့ သဘောလား၊ အဲဒါတော့ မဖြစ်ဘူးနော်၊ ကိုယ်က တုံးတိုက်တိုက် ကျားကိုက်ကိုက် ရှေ့တိုးမှာ၊ ယဉ်ရှောင်နေမယ် ဆိုရင် အိမ်ပေါ်ဖွတ်တက်လာမှာ'

ဦးအောင်လွင်အပြောကြောင့် ဒေါ်နန်းယဉ် စိုးရိမ်သွား၏။ ထို့အတွက် သူ့ကို ချော့မှဖြစ်မည်ဟု သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်ပါပြီ ကိုအောင်ရယ် ဟုတ်ပါပြီ၊ ယဉ်လေ အငယ်မကို အရင်ဖွင့်ပြောမယ်၊ သူက တစ်ဆင့် အိမ်ထောင်ခွဲတွေဆီ အကြောင်းကြားနိုင်းမယ်၊ သူတို့ ပြင်းရင်တောင် အိမ်ခွဲပြီး အတူနေကြမယ် ဟုတ်ပြီလား'

ထိုစကားကြားမှ ဦးအောင်လွင် မျက်နှာကြီး ပြုံးဖြဲဖြဲ ဖြစ်သွား၏။ ထိုအခါမှ အငွေ့သေနေပြီ ဖြစ်သော ကြေးအိုးကို စားဖို့ သတိရသွားကြသည်။ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ပျောက်သွားမှာ စိုးသည့်အလား ကြည့်ရင်း ပျော်ရွှင်စွာ စားသောက်ကြ၏။ ကြေးအိုးတစ်ဝက်ကျိုးလောက်တွင် ဒေါ်နန်းယဉ် ငရုပ်သီးစားမိပြီး သီးသွား၏။ လည်ချောင်းထဲမှာ စပ်ရှားရှားဖြစ်ကာ နှာရည်တွေ ယိုကျလာသည်။

ဦးအောင်လွင်က တစ်ရှူးလိပ်ဆွဲကာ သန့်ရှင်းရေး လုပ်ပေး၏။ နှာရည်သုတ်ပေးသလို မျက်ရည်လည်း သုတ်ပေး၏။ ထိုအခိုက် အချိန်ကိုက် ဆိုင်ထဲဝင်လာသူက...

'ဟင်... အမေ'

ခေါ်သံကြောင့် အလန့်တကြား မော့ကြည့်တော့ သူ့ သားကြီးကို တွေ့လိုက်ရ၏။

'ဟင်... သား'

ဦးအောင်လွင်လည်း မဝံ့မရဲ လှမ်းကြည့်သည်။ ယဉ်ယဉ့်သားအပြင် ဗိုက်ဖုံးအင်္ကျီနှင့် မိန်းကလေးတစ်ယောက်ကိုပါ တွေ့ရသည်။ ယဉ်ယဉ့်သား ပုံစံက အရှက်လွန်ပြီး ရှုံ့ရှုံ့ရှားရှား ဖြစ်နေ၏။

'မေမေ တို့...'

'ထိုင်ဦးလေ သား'

ဒေါ်နန်းယဉ် ချွေးမဖြစ်သူက သူ့ယောက်ျား လက်မောင်းကို ဖြစ်ညှစ်ကိုင်ကာ သတိပေးသလို လုပ်နေ၏။

'အမေ မိတ်ဆက်ပေးဦးလေ'

'အို... မလိုပါဘူး၊ လာ... ဒီပြင်ဆိုင် သွားစားမယ်'

ဒေါ်နန်းယဉ်၏ သားက သူ့မိန်းမသူ ဆောင့်ဆွဲကာ ဒေါသတကြီး ထွက်ခွာသွား၏။ ချွေးမကတော့ လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားသည်။ ဦးအောင်လွင်က ဒေါ်နန်းယဉ်ကို စိုးရိမ်စွာ ကြည့်၏။ ဒေါ်နန်းယဉ် စိတ်မသက်မသာနှင့် ပြုံးပြရှာသည်။

'အိမ်တွင်းရေး ပြဿနာတစ်ခုတော့ ရင်ဆိုင်ရတော့မယ်နော်'

'ဟုတ်တယ် ကိုအောင်၊ စိတ်မပူပါနဲ့ ယဉ် ဖြေရှင်းနိုင်မှာပါ'

'အတူတူ ရင်ဆိုင်လိုက်ချင်တယ် ယဉ်ရယ်'

'အချိန်မကျသေးဘူးလေ'

'အင်း... ဟုတ်ပါတယ်လေ၊ ကဲ... ဗိုက်ပြည့်အောင်တော့ စားလိုက်ပါဦး'

'ဘယ်လိုလုပ် စားနိုင်မှာလဲ ကိုအောင်ရယ်'

'ကောင်းပြီ ပြန်ကြစို့၊ ကိုအောင် လိုက်ပို့ပေးမယ်'

ဒေါ်နန်းယဉ် လေးလေးတွဲ့တွဲ့ ခေါင်းညိတ်ပြ၏။ အတူတူ ထွက်လာကြစဉ် ဦးအောင်လွင်က ဒေါ်နန်းယဉ် ပခုံးကို ဖြစ်ညှစ်ဆုပ်နယ်ပေးရင်း...

'ကိုအောင် တောင်းဆိုတာကို မမေ့ဘဲ အားတင်းထားပါနော်'

'ဟုတ်ကဲ့ ကိုအောင်'

အပြန်ခရီးက လုံးဝတိတ်ဆိတ်ငြိမ်သက်နေ၏။ သူတို့ နှစ်ယောက်ကြားမှာ ပြောစရာစကားတွေ မရှိတော့သလိုလို။ နောင်ကိုလည်း ရင်ဆိုင်ရမည်မို့ မထူးတော့ဟု ယူဆကာ ဒေါ်နန်းယဉ်အား အိမ်ရှေ့ထိ လိုက်ပို့ပေးလိုက်၏။ ဒေါ်နန်းယဉ် ကားပေါ်က ဆင်းသွားတော့...

'ယဉ်... ထူးခြားတာရှိရင် ချက်ချင်းဖုန်းဆက်ပြောနော်၊ ပြီးတော့ ကိုယ်က အမေ သိပ်အစော်ကားမခံနဲ့၊ သူတို့ ငရဲကြီးမှာစိုးလို့ ပြောတာ'

'ဟုတ်ကဲ့ပါ ကိုအောင်၊ ကဲ... သွားတော့'

ဒေါ်နန်းယဉ် ခြံထဲဝင်သွားတာကို ပျောက်ကွယ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com

အထိ ဦးအောင်လွင် စောင့်ကြည့်နေမိ၏။ သူကော ဒေါနန်းယဉ်ပါ လူသားတွေ ဖြစ်ကြသည်။ ခံစားမှုပြင်းထန်သော အဆင်မြင့်လူသားများလည်း ဖြစ်ကြ၏။ လူတို့တွင် ယုတ်မာကောက်ကျစ်သော စိတ်များ ချည်းပဲ ရှိမနေကြပါ။ ပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်စွမ်းလည်း ရှိနေကြသောကြောင့် သတ္တဝါထဲတွင် အဆင့်မြင့်နေခြင်း ဖြစ်သည် မဟုတ်လား။

'မင်း ကောင်းကောင်းရင်ဆိုင် ဖြေရှင်းနိုင်မှာပါ နော်'

* * *

ရေခဲခေတ်အဆုံး ကျောက်ခေတ်အစောပိုင်းကာလများတွင် မိခင်အုပ်စိုးသောခေတ် ဟူ၍ ရှိခဲ့ဖူး၏။ ထိုစဉ်အခါက ယောကျ်ားများက မှီခိုသူ၊ အာဏာမဲ့သူသာ ဖြစ်ခဲ့ကြသည်။ သို့သော်လည်း အုပ်စုတစ်စု၊ မျိုးနွယ်တစ်စု၏ ခေါင်းဆောင်ဖြစ်သူက တစ်နှစ်တစ်ခါဆိုသလို ကိုယ်ဝန်ဆောင်နေရသည့်အပြင် မွေးဖွားပြီးချိန်တွင်လည်း နို့စို့ကလေးကို စောင့်ရှောက်နေရသဖြင့် မျိုးနွယ်စု၏ စားဝတ်နေရေးနှင့် အန္တရာယ်ရန်စွယ်များကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ခဲ့။ ထိုအခါ ယောကျ်ားများက အုပ်စုခေါင်းဆောင်တာဝန်ကို အချိန်ပိုင်း ယူလာကြရာမှ အစွမ်းအစများ ပေါ်လာပြီး အမှန်တကယ် ဦးဆောင်နိုင်လာခဲ့သဖြင့် မိန်းမများ တဖြည်းဖြည်း နောက်ရောက်သွားကာ မိခင်အုပ်စိုးသောခေတ် နိဂုံးချုပ်သွားရသည်ဟု ပညာရှင်များက ရေးသားကြ၏။

ထိုအဆို မှန်မမှန် မသိနိုင်သော်လည်း ဒီနေ့ ကမ္ဘာကြီးမှာတော့ အများစုသော မိန်းမများမှာ မှီခိုသူများသာ ဖြစ်နေကြသည်။ ခေါင်းဆောင်နေရာကို ပြန်လည်ရယူနိုင်ခြင်း မရှိတော့။ သို့သော် ထိုမိန်းမသား အမျိုးအစားထဲတွင် ဒေါနန်းယဉ် မပါဝင်ချေ။ အမေ့ကျေးဇူးကို ဂုဏ်ပြုစပ်ဆိုသော သီချင်းများစွာထဲမှ ဂန္ထဝင်မေမေ၊ ဂရုဏာမေမေ၊ ကောင်းကင်မေမေ၊ မြင့်မိုရ်မေမေ ဆိုသည့် သီချင်းထဲမှ ဂုဏ်ပုဒ်တွေထက် ခေါင်းတစ်လုံး ပိုမြင့်သော ဒေါနန်းယဉ်သာ ဖြစ်သည်။





ဒါက မနေ့က အထိပဲ ဖြစ်မည်ထင်၏။ ညကတည်းက သူတို့ စုံတွဲကို ပက်ပင်းတွေ့သွားသော သားကြီးက ဖုန်းဆက်ချိန်းထားသည်။ အိမ်ထောင်သည် သူ့ညီမကိုပါခေါ်ပြီး အမေ့ဆီ လာကြမည် တဲ့။ အမေကို စွဲချက်တွေတင် အပြစ်တွေဖို့ အရှက်တွေခွဲဖို့ လာကြမှာပဲ ဖြစ်မည်ဆိုတာ ဒေါနန်းယဉ် သိနေ၏။

ပြဿနာကို ရစ်ဆိုင်ရန် ကြိုတင်ပြင်ဆင်သည့် အနေနှင့် ညအိပ်ခါနီးက သမီးငယ်ကို ဖွင့်ဟပြောပြလိုက်၏။ သမီးက မျက်နှာမကောင်းသော်လည်း ဘာမှ အတိုက်အခံ မပြောခဲ့။ သူ့တစ်ယောက်တည်း သဘောကတော့ အမေ စိတ်ချမ်းသာတာကိုပဲ မြင်လိုကြောင်း ပြောခဲ့သည်။ သမီးတွေက နားလည်ပေးနိုင်ပေမယ့် သားကြီးကတော့ လက်ခံမည် မထင်ပေ။ ထိုအခိုက် အခန်းတံခါး ပွင့်လာပြီး…

'မေမေ… ကိုကိုနဲ့ မမ ရောက်လာကြပြီ'

'ဩော်… အေး… အေး'

ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြပြီ ဆိုတော့လည်း တွေ့ဆိုင်ဆိုင် ဖြေရှင်းရတော့မည်ပေါ့။ ရောက်မလာကြခင်က စိတ်လေးကာ တွေးကြောက်နေသလို ရှိသော်လည်း ရောက်ပြီဟု သိရသောအခါ ထူးထူးခြားခြား တုန်လှုပ်ခြင်းတို့ ဖြစ်မနေတာ အံ့ဩစွာ သိလိုက်ရသည်။ ဒါ အချစ်စွမ်းအားပဲ ဖြစ်မည် ထင်၏။

ဒေါနန်းယဉ် အောက်ထပ်ဆင်းလာသည်။ ဧည့်ခန်းထဲတွင် သားသမီးသုံးယောက်လုံးကို တွေ့လိုက်ရ၏။ ချွေးမနှင့် သားမက်တို့ကို ခေါ်မလာတာဘဲ ကျေးဇူးတင်ရဦးမည် ထင်သည်။ သားကြီးက မျက်နှာလွှဲထား၏။ အိမ်ထောင်သည် သမီးကိုလည်း သူပဲ ပြောပြထားဟန်တူသည်။ သမီးလတ်လည်း မျက်နှာမကောင်းလှ။

'ဘယ်က ဘယ်လို ဆုံလာကြတာလဲ'

'ကိုကို လာခေါ်တာ'



www.burmeseclassic.com

www.burmeseclassic.com

'ကဲ… မင်းတို့ ဘာပြောချင်ကြလို့လဲ… ပြော'

ပြောကြဆိုတော့လည်း ဘယ်သူမှ စကားမဟ။ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မျက်စပစ်နေကြ၏။ အချိန်တွေ ကြာလာတော့ ရှုတိုင်းယဉ်က မနေတတ်စွာနှင့်…

'ကိုကို တော်ဖီသောက်မလား ညီမ ဖျော်ပေးမယ်'

'အဲဒါတွေ မလုပ်နဲ့ အငယ်မ ထိုင်နေ၊ ကဲ… မေမေ ဟိုနေ့က ကြေးအိုးဆိုင်မှာ တွေ့ခဲ့တာ ဘယ်သူလဲ၊ အမေနဲ့ ဘယ်လို ပတ်သက်နေလဲ'

'သူ့နာမည်က ဦးအောင်လွင်၊ မေမေတို့ တွဲနေကြတာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်'

အားလုံးက သူတို့အမေကို မယုံနိုင်သလို ဝိုင်းကြည့်ကြ၏။ ထိုအထဲ ရှုတိုင်းယဉ်လည်း ပါသည်။ ညက အမေအိမ်ထောင်ပြုရင် သမီးသဘော ဘယ်လိုလဲဟုသာ မေးခဲ့ပြီး ဘယ်သူဟု ပြောမပြခဲ့။ အခုမှ သိလိုက်ရတော့လည်း ချစ်သူ၏ ဦးလေး ဖြစ်နေသဖြင့် အတော်အံ့သြသွားရလေသည်။

'မေမေ… မရှက်ဘူးလား'

ကိုကို၏ မေးခွန်းက နှစ်ဖက်သွားဓားတစ်လက်လို ထက်ရှနေ၏။

'ဘာကို ရှက်ရမှာလဲ သား၊ မေမေက လင်ရှိရဲ့နဲ့ ဖောက်ပြန်နေတာ မဟုတ်ဘူး၊ မင်းအဖေ ဆုံးတာ ဆယ့်ရှစ်နှစ်ပြည့်တော့မယ်၊ တစ်ပင်လဲလို့ တစ်ပင်ထူတာ ရှက်စရာမှ မဟုတ်ဘဲ'

'အမေ့မှာ မြေးတောင် ရတော့မယ်လေ'

'အဲဒါကော ဘာဖြစ်လဲ၊ အမေက အသက်ရှစ်ဆယ်အဖွားကြီးမှ မဟုတ်တာ'

'ဟား… အမေကတော့ မြဲသနာပဲ… တောက်!'

အကြီးကောင်က ဆက်မပြောချင်တော့ဟန်နှင့် တောက်တစ်ချက်ခေါက်လိုက်၏။





'ဘယ်သူ့ကို တောက်ခေါက်နေတာလဲ ငါ့သား'

ဒေါ်နန်းယဉ် အမေးကို အကြီးကောင်က မဖြေပါ။ အလတ်မက ဝင်ပြောပြန်၏။

'ဒီအသက် ဒီအရွယ်ကျမှ အမေရယ် ငယ်ငယ်ရွယ်ရွယ်ဆိုလဲ ထားပါတော့'

'ညည်း ဘယ်လိုပြောလိုက်တာလဲ မိလတ်၊ ဟိုတုန်းက ယူခဲ့ရင် ညည်းတို့ ပထွေးနဲ့ နေနေရမှာပေါ့'

'ရှုတိုင်းယဉ် ရှိသေးတယ်လေ၊ သူ့ကို ညှာရဦးမှာပေါ့'

'သူလည်း လက်တွဲဖော် တွေ့နေပြီ၊ မကြာခင် လက်ထပ်တော့မှာ'

ပြဿနာက ရှုတိုင်းယဉ်ဘက် လှည့်သွားပြန်၏။ အစ်ကိုနှင့် အစ်မ အကြည့်က သူ့ဆီ ရောက်လာ၏။ ရှုတိုင်းယဉ် ခေါင်းငုံ့လိုက်သည်။

'အငယ်မ ဟုတ်လား'

ရှုတိုင်းယဉ် ခေါင်းညိတ်ပြီး သူ့အစ်ကိုအမေးကို ဖြေလိုက်၏။

'အငယ်မ ဘယ်သူနဲ့ယူယူ ဖြစ်တယ်၊ အမေကတော့ မရဘူး'

'ဘာလို့ မရတာလဲ သား'

'ရှက်လို့ပေါ့ဗျ၊ ရှက်လို့ ဟိုနေ့ကတည်းက မိန်းမက သားကို လှောင်သလို ပြောင်သလို ခနဲ့သလိုနဲ့ ပြောဆိုနေတာ ဘယ်လောက် ရှက်ဖို့ကောင်းလဲ'

'မဆိုင်လိုက်တာကွယ်၊ ဒီမယ် မင်းတို့အမေက မင်းတို့အားလုံးကို ပစ်ထားပြီး မင်းတို့ကလည်း ကလေးကချေတွေဖြစ် ငါလည်း မိန်းမပျက်ကြီး ဖြစ်နေမှ ရှက်ကြရမှာလေ၊ အခု မင်းတို့အားလုံး ပညာတွေတတ်အောင် ဘဝမှာ အခြေတကျဖြစ်အောင် တစ်ယောက်တည်း ကုန်းရုန်းပြီး ရှာဖွေကျွေးမွေး ပြုစုပေးခဲ့တာ၊ မင်းတို့အဖေ ချန်ခဲ့တဲ့ အရင်းအနှီးတွေကြောင့် ဆိုပေမယ့် ငါသာ ငါ့တစ်ကိုယ်စာပဲ တွေးပြီး ထင်သလိုနေခဲ့ရင် မင်းတို့ ဒီဘဝတောင် ရောက်မလာဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နန်းယဉ် စကားတွေက မှန်နေသဖြင့် ဘယ်သူမှ စောဒက မတက်ကြ။

'မင်းတို့ အမေ အသက်ဆယ့်ခုနစ်နှစ်မှာ အိမ်ထောင်ကျတယ်၊ အကြီးကောင် ခြောက်နှစ်သားမှာ မင်းတို့အဖေ ဆုံးတယ်၊ အမေ နှစ်ဆယ့်လေးနှစ်မှာ မုဆိုးမ ဖြစ်ခဲ့တာ၊ အမေ ရုပ်မဆိုးဘူး ဆိုတာ မင်းတို့ အသိပဲ၊ ကလေးသုံးယောက်အမေ ဖြစ်တာတောင် အမေ့မှာ လက်ထပ်ချင်တဲ့ သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာ ဒါပေမဲ့ အမေက မင်းတို့အတွက်ပဲ ဦးစားပေးပြီး ဘဝကို ရင်ဆိုင်ခဲ့တာ၊ အမေ့ရဲ့ ငယ်ရွယ်နုပျိုတဲ့ ဘဝအစိတ်အပိုင်းကို မင်းတို့အတွက် ပေးဆပ်ခဲ့တာ'

ရုပ်ရှင်နောက်ကြောင်းပြန်သလို ပြောနေသော်လည်း အမှန်တွေမို့ ဘယ်သူမှ အတွန့်မတက်ကြ။ သမီးနှစ်ယောက်လုံး မျက်ရည်ဝဲနေကြပြီ။

'အခု အားလုံးအတောင်အလက် စုံကြပြီ၊ ပညာတတ်တွေ ဖြစ်ကြပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြပြီ၊ အမေ အရမ်းမောနေပြီ၊ အမေ့ကို နားခွင့်မပေးကြတော့ဘူးလား၊ အမေ့မှာ စိတ်ချမ်းချမ်းသာသာနဲ့ နေခွင့်မရှိတော့ဘူးလား'

'သမီး… သမီး အမေ့ဆန္ဒကို မကန့်ကွက်ပါဘူး အမေ'

ရှုတိုင်းယဉ်ထံမှ ကတိစကားတစ်ခွန်း ထွက်လာ၏။ အစ်ကိုကြီးနှင့် အစ်မလတ်တို့ကတော့ နှုတ်ဆိတ်နေကြသည်။

'မင်း ဘာပြောချင်သေးလဲ သားကြီး ပြောစမ်း'

'သားမိန်းမနဲ့ ယောက္ခမတွေက လှောင်ကြမှာကို သားမခံနိုင်ဘူး၊ ပြီးတော့ အမေ လင်ယူတယ်ဆိုတာ ကြားလို့မှ မကောင်းဘဲ သားရှက်တယ်၊ သဘောမတူဘူး ခွင့်မပြုဘူး'

'ခွင့်မပြုဘူး ဟုတ်လား၊ အမေက သားဆီမှာ ခွင့်တောင်းနေတာမှ မဟုတ်ဘဲ အမေ့အစီအစဉ် သားတို့ကို အသိပေးတာ'

ဒေါ်နန်းယဉ် စကားအဆုံးမှာ သားကြီးက ဝုန်းခနဲ ထရပ်၏။

'မိန်းမအသိုင်းအဝိုင်းမှာ တစ်သက်လုံး အပြောအဆိုခံနေရမယ့် သားကို မသနားရင် အမေ့စိတ်ကြိုက်လုပ်ပေါ့'



'ဘာဖြစ်လို့ အမေ့ကို မင်းမိန်းမတွေ ယောက္ခမတွေနဲ့ ယှဉ်ပြောနေရတာလဲ'

'သားယောက္ခမတွေက တည်ငြိမ်တယ်လေ၊ ပြီးတော့ ချွေးမတွေရဲ့ သဘာဝက ယောက္ခမရဲ့ အမှားကိုပဲ မျက်လုံးဒေါက်ထောက်ကြည့်နေတတ်တာမျိုးဗျ'

'မင်းရဲ့ ယောက္ခမတွေ တည်ငြိမ်မှာပေါ့၊ ခြောက်ဆယ်ကျော်သွေးဆုံးလို့ သင်္ချိုင်းကုန်းမှာ စရံရိုက်ထားပြီးပြီ မဟုတ်လား၊ မင်းရဲ့ မယားကိုလည်း ပြောလိုက် အသက်နှစ်ဆယ့်လေးနှစ်အရွယ်မှာ အမေ့လို အဖြစ်မျိုးကြုံရရင် အမေ့လို သတ္တိရှိနိုင်ဖို့ပဲ ကြိုးစားပါလို့'

ဒေါ်နန်းယဉ် စကားအဆုံးတွင် သူ့သားကြီး ခြေသံပြင်းပြင်းနင်းလျက် ထွက်ခွာသွားတော့၏။ ဒေါ်နန်းယဉ် မဲ့ပြုံးပြုံး၍ ကျန်ခဲ့သည်။

'ကဲ… သမီးလတ်ကကော ဘာပြောဦးမလဲ'

'သမီးလည်း အမေ့ကို အိမ်ထောင်မပြုစေချင်ဘူး၊ ဒါပေမဲ့ အမေ ဆုံးဖြတ်ပြီးပြီ ဆိုရင်လည်း တားဖို့အစီအစဉ် မရှိပါဘူး အမေ'

ဒေါ်နန်းယဉ် ကျေနပ်စွာ ပြုံးသည်။ ညီအစ်မနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်လိုက်ကြ၏။ ဒေါ်နန်းယဉ်က သမီးနှစ်ယောက်ကို ခြုံငုံကြည့်လိုက်ရင်း…

'လူဆိုတာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဘုရားဟောခဲ့တာပါ၊ အဲဒီ တရားကို ဆန့်ကျင်ပြီး အမေက သားသမီးတွေကို ပိုချစ်ခဲ့တယ်၊ ဒါတွေ တော်လောက်ပါပြီကွယ်၊ အခုတော့ ကိုယ့်ကိုယ်ကိုပဲ ပြန်ချစ်လိုက်တော့မယ်'

ဒေါ်နန်းယဉ် မောသွားပုံရ၏။

'မေမေ… သံပုရာရည်သောက်မလား သမီးဖျော်ပေးမယ်'

'အေးကွယ်… ချိုချိုအေးအေးလေး လုပ်ခဲ့'

မှန်ပါသည်။ ဒေါ်နန်းယဉ် ခြေကုန်လက်ပန်းကျမတတ် မောဟိုက်နေပါပြီ။ သို့သော် စိတ်ထဲက စကားတစ်ခွန်း ဆက်ပြောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုအောင်ရေ… ကိုအောင့်ကို ချစ်တဲ့စိတ်၊ အားကိုးတဲ့စိတ်တွေနဲ့ နန်းယဉ်တော့ လမ်းစဉ်ပြောင်းပြီး ပွဲကြမ်းလိုက်ပြီ သိလား'

* * *

'ဘာတဲ့လဲ လေးလေး၊ အန်တီက ဘာပြောလဲ'

'အဟင်း… သားသမီးတွေကို အပြတ်ရာဇသံ ပေးလိုက်ပြီတဲ့၊ သမီးတွေက သဘောမတူပေမဲ့ မဆန့်ကျင်ဘူး အမေ့ဆန္ဒအတိုင်း လုပ်လို့ ပြောတယ်တဲ့'

'ဒီလိုပဲ ဖြစ်ရမယ်လေ၊ သား ရှုတိုင်းယဉ်ကို အပြတ်စည်းရုံးထားပြီးပါပြီ ဆို'

'ဒါပေမဲ့ သားက အပြင်းအထန် ကန့်ကွက်နေတယ်'

'ဒီလောက်တော့ ရှိမှာပေါ့ဗျာ၊ ဒါနဲ့ လေးလေးတို့ကိစ္စ မေမေကကော သဘောတူပါ့မလား'

'ကန့်ကွက်မယ် မထင်ပါဘူးကွာ၊ အရေးကြီးတာက မင်းကိစ္စပါ၊ အဲဒါကို အရင်အသိပေးထားလိုက်'

'အင်း… အဲဒါ ပိုကောင်းမယ် ထင်တယ်၊ ဒါပေမဲ့ လေးလေးနဲ့ သား အရင်ညှိထားမှ ဖြစ်မှာနော်၊ ဘယ်သူအရင် မင်္ဂလာဆောင်မလဲ ဆိုတာ'

'ဒါကတော့ ရှင်းပါတယ်ကွာ၊ လူကြီးတွေကို ဦးစားပေးလိုက်ပေါ့၊ တို့မှာ အချိန်က သိပ်မှ မကျန်တော့တာ'

'ဟာ… ဖြစ်မလား လေးလေးရ၊ သားတို့က ဒါမျိုး ခုမှ ကြုံရမှာလေ'

'ဟ… ငါကော ဘာထူးလို့လဲ၊ ငါလည်း အသက်သာကြီးတာလေ၊ ဟိုဟာက အသစ်စက်စက်ပဲကွ'

'ဘယ်ဟာလဲ လေးလေး'

'နှလုံးသား… နှလုံးသားက ပေါက်ဖွားလာတဲ့ အချစ်ကိုပြောတာ အသစ်စက်စက်ကွ'





ဝင်းမော်ဦး ထဟား၏။

'ဘာရယ်တာလဲ'

'လေးလေးမှာ လင်ရသွားတဲ့ ရည်းစားဟောင်း သုံးယောက်ရှိပြီးသားလေ၊ အချစ်က ဘယ်လိုလုပ် အသစ်ဖြစ်တော့မှာလဲ'

'ဘာပဲဖြစ်ဖြစ် မရဘူး၊ လူကြီးတွေကို ဂါရဝတရားရှေ့ထားပြီး ဦးစားပေးလိုက် ဒါပဲ'

'ဟား… ဟား… ဟား လုံးဝပဲ၊ လက်ထပ်တယ်ဆိုတာ နှစ်ဆယ်အစိပ်တွေရဲ့ ကိစ္စ၊ လေးလေးတို့က ထူးခြားဖြစ်စဉ်တွေ ဖြည်းဖြည်းမှ လုပ်ပေါ့'

'မရဘူး… မရဘူး ငါတို့ အရင်ပဲ'

'မဖြစ်ဘူး… မဖြစ်ဘူး သားတို့ အရင်ပဲ'

'အင်း… ဒါဆို အဲဒါကို ခဏထားပြီး အရင်ဆုံးပုံနှိပ်တိုက်ကို သွားရအောင် ဟုတ်ပြီလား'

* * *

ရွှေတိဂုံစေတီတော်ကြီးကတော့ ဘယ်အချိန်လာဖူးဖူး ကြည်ညိုဖွယ်ရာအတိ ပြီးလျက်ရှိ၏။ ဂေါတမမြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ် ကတည်းက တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ကြီး ဖြစ်သည်မို့ တန်ခိုးကြီးသလို ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်သည်။ ထို့မျှမက ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် အဆောက်အဦတစ်ခုလည်း ဖြစ်၏။

ထို့ပြင် လိုစဉ်က သက်ရှိထင်ရှား မြတ်စွာဘုရား၏ ဆံတော်အစစ်နှင့် ပွင့်တော်မူပြီးသော ဘုရားသုံးဆူတို့၏ ဓာတ်တော်မွေတော်များ ဌာပနာ၍ တည်ထားကြသဖြင့် လေးဆူဓာတ်ပုံ ရွှေတိဂုံဟုပင် အမည်တွင်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ဘယ်အချိန်လာလာ ဘုရားဖူးများ စည်ကား

www.burmeseclassic.com

နေတာကိုသာ တွေ့မြင်ရ၏။ အခုလည်း ရှုပ်ထွေးနေသော ဘုရားဖူးများကြားထဲ ဝင်းမော်ဦးနှင့် ရှုတိုင်းယဉ်တို့ပါ စီးဝင်မျောပါလာနေတာကို တွေ့ရမည် ဖြစ်သည်။ နေပူခံကျောက်ပြားအတိုင်း လျှောက်လာရင်း ချစ်သူများအဖြစ် ဝန်းကျင်က သိစေရန် အတင်းလက်တွဲထားသေး၏။

ဘုရားသွား ကျောင်းတက် လက်ချင်းဆက်ခွင့် ရနေသဖြင့် ဝင်းမော်ဦး အမှန်တကယ်ပင် မြောက်ကြွမြောက်ကြွ ဖြစ်နေလေသည်။

ဝင်းမော်ဦးနှင့် ရှုတိုင်းယဉ်တို့ အာရုံခံတန်ဆောင်း တစ်ဆောင်အတွင်းဝင်ကာ ဘုရားဝတ်ပြုလိုက်ကြ၏။ ဝယ်လာသော ပန်းစုံကိုလည်း ထိုတစ်ဆောင်းအတွင်းမှ ပန်းအိုးထဲတွင်ပင် ကပ်လှူပူဇော်ခဲ့သည်။ ရှုတိုင်းယဉ်က ရှိခိုးဆုတောင်း၍ပင် မပြီးတော့။ ဝင်းမော်ဦး အတော်ကြာကြာ စောင့်နေရ၏။

ရှိခိုးပြီးတော့ ရွှေသင်္ကန်းကပ်လှူရန်နှင့် အာရုံခံတန်ဆောင်းများ ပြုပြင်မွမ်းမံရန်တွက် အလှူငွေ တစ်သောင်းလှူကြသည်။ အလှူခံဖြတ်ပိုင်းမှ နှစ်ယောက်တွဲ နာမည်ကို ဖတ်ရင်း ကြည်နူးမဆုံးကြတော့။ ရင်ပြင်တော်ကို ဆက်လက်လှည့်ပတ်ကြည့်ရှုရင်း ဓမ္မစေတီမင်း ခေါင်းလောင်းဇရပ်တွင် ခေတ္တထိုင်နားကြ၏။

ထိုမှ လှမ်း၍ ဖူးမျှော်တွေ့မြင်နေရသော ရွှေတိဂုံစေတီတော်ကြီးကို တအံ့တသြ ငေးမောကြည့်ရှုကြ၏။ ကြည့်လေ ကြည့်လေ တင့်တယ်လေ ဖြစ်သော မြန်မာမှုလက်ရာကိုလည်း ဂုဏ်ယူမဆုံးနိုင်အောင် ဖြစ်ရသည်။

ထီးတော်၊ ငှက်မြတ်နားဖူး၊ ကြာမှောက်၊ ကြာလှန်၊ ဖောင်းရစ်၊ ခေါင်းလောင်း၊ ပစ္စယံ၊ ဖိနပ်တော်ထိ ပြောစရာမရှိလောက်အောင် အချိုးကျနလွန်းနေတာ အံ့သြမဆုံး ဖြစ်ရ၏။

'ဒီစေတီကို အုတ်တွေနဲ့ပဲ တည်ထားတာ မဟုတ်လားဟင်'

'ဟုတ်တယ် ရှုတိုင်း၊ ကြားဖူးတာတော့ ကန်တော်ကြီးဆိုတာ ရွှေတိဂုံစေတီတည်ဖို့ လိုအပ်တဲ့ အုတ်တွေအတွက် မြေတူးရာက ကန်ကြီးဖြစ်သွားတာတဲ့'

'ဟယ်... ဟုတ်လား'

'ဟုတ်တယ်၊ အုတ်နဲ့ တည်ထားတာဆိုတော့ အုတ်ပုံအဆောက်အဦကြီးပေါ့၊ နိုင်ငံခြားသားတွေက အဲသလိုပဲ မြင်ကြတာလေ၊ အဲဒါနဲ့ ပတ်သက်ပြီး ကြားဖူးတာလေး ပြောရဦးမယ် နားထောင်မလား'

'အင်း'

'တစ်ခါက အင်္ဂလန်နဲ့ အမေရိကန်က ပါမောက္ခလေးယောက်အဖွဲ့ ဆူးလေဘုရားကို လာပြီး လေ့လာကြတယ်တဲ့၊ အဲဒီမှာ မြန်မာတွေ ကုန်းကုန်းပြီး ကန်တော့ကြတာကို တွေ့သွားတော့ စေတီဂေါပကကို မေးသတဲ့'

'ဘယ်လို မေးတာလဲဟင်'

'အုတ်ပုံစေတီကို ပန်းတွေ ဆီမီးတွေနဲ့ ရှိခိုးပူဇော်တာ ဘာအကျိုးရှိလဲတဲ့'

'ဟင်... မေးပုံကြီးက'

'ဂေါပကတွေက အင်္ဂလိပ်လို သိပ်မကျွမ်းကျင်လို့ ဆူးလေစေတီရင်ပြင်မှာ တစ်နေကုန်ဝေယျာဝစ္စ လုပ်နေတဲ့ မစ္စတာဘဲလူးဆိုတဲ့ ကပြားကြီးကို ခေါ်ပြီး ဆုံပေးလိုက်သတဲ့'

'အဲဒီတော့'

'အဲဒီမှာ အမေရိကန်တစ်ယောက်က...'

'ဒီစေတီကို သင်တို့ ဘာလို့ ကိုးကွယ်ကြသလဲ၊ ဒီစေတီကို အုတ်နဲ့ တည်ဆောက်ထားတယ်၊ သင်တို့ရဲ့ အိမ်များကိုလည်း အုတ်ခဲနဲ့ပဲ ပြုလုပ်ထားကြတယ်၊ ပြီးတော့ သင်တို့ရဲ့ ရုံးများကိုလည်း အုတ်နဲ့ပဲ ပြုလုပ်တည်ဆောက်ထားကြတယ်၊ ဘာများ ခြားနားမှု ရှိသလဲလို့ မေးသတဲ့'

'ဟယ်... ကတ်သီးကတ်သတ်နော်'







www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပ အဲဒီမှာ မစ္စတာဘဲလူးက အမေရိကန်ကြီးကို ပြန်မေးတယ်'

'ဆရာ သင့်မှာ ဇနီးမယား ရှိသလား'

'အိုး··· ရှိတာပေါ့'

'သင့်မှာ အမေရှိရဲ့လား'

'အိုး··· ရှိတာပေါ့ကွ'

'သင့်မှာ ညီမကော ရှိသလား'

'ရှိပါတယ်'

'ကဲ··· မိုးချုပ်တဲ့အခါ သင်ဘယ်သူနဲ့ အိပ်သလဲ'

'ဟာကွာ··· ငါ့ဇနီးနဲ့ အတူ ငါအိပ်တာပေါ့'

'သင့်အမေနဲ့ ဘာကြောင့် အတူမအိပ်သလဲ၊ သင့်နှမနဲ့ ဘာကြောင့် အတူမအိပ်သလဲ၊ သင့်အမေဟာ မိန်းမပဲ၊ သင့်နှမကလည်း မိန်းမပဲ၊ ပြီးတော့ သင့်ဇနီးကလည်း မိန်းမပဲ ဘာခြားနားလို့လဲလို့ ပြန်မေးလိုက်သတဲ့'

'ကောင်းတယ် အဲဒါမှ မှတ်မှာ'

'အဲဒီတော့မှ အမေရိကန်ကြီးက ဟုတ်ပြီကွာ၊ မင်းဆိုလိုတာကို ငါနားလည်ပါပြီလို့ ပြောပြီး ဘယ်သူမှ ဘာမှတောင် ထပ်မမေးရဲတော့ဘဲ နှုတ်ဆက်ပြန်သွားကြတာတဲ့'

'အားရလိုက်တာ ကိုဝင်းမော်ဦးရာ၊ မစ္စတာဘဲလူးက သိပ်တော်တာပဲနော်'

'ဟုတ်တယ် ရှုတိုင်း၊ အင်း··· အဲလိုပဲ ကိုယ်လည်း ပြန်မေးရတော့မယ် ထင်တယ်'

'ဟင်··· ဘာဖြစ်လို့လဲ'

'ရှုတိုင်းမှာ အစ်ကိုရှိလား'

'ရှိတာပေါ့'

'ရည်းစားကော'

'အဟင်း··· သိပ်ရှိ'





'ဒါဆို အစ်ကို့ကို ဘယ်လိုခေါ်လဲ'

'ကိုကို ပေါ့'

'ရည်းစားကိုကော ဘယ်လိုခေါ်မှာလဲ'

ဝင်းမော်ဦး ဘာကိုရစ်နေသလဲဆိုတာ ရှုတိုင်းယဉ် သိသွားတော့ ရယ်ကျဲကျဲနှင့်···

'အဟင်း··· ကိုဝင်းမော်ဦး··· လာပါဦး လို့ ခေါ်မယ်လေ'

ရှုတိုင်းယဉ်၏ အဖြေကြောင့် ဝင်းမော်ဦး မချင့်မရဲဖြစ်သွားပြီး လက်ဖဝါးနုနုလေးကို လှမ်းယူကာ ဆွဲဆိတ်လိုက်တော့၏။

□ □ □

www.burmeseclassic.com

## အခန်း(၉)

ပဦးရှေးရှေးတုန်းက ခပ်ဝေးဝေး တစ်နေရာမှ နောက်တစ်နေရာသို့ ဆက်သွယ်သတင်းပို့ရန်အတွက် အခက်အခဲအများကြီး အချိန်တွေအများကြီး ပေးဆပ်ခဲ့ကြရသည်။ ဥပမာအားဖြင့် အမေရိကန်မှ မူလဌာနေပိုင်ရှင် လူနီရိုင်းများက မီးဖိုပြီး စောင်နှင့်အုပ်၍ မီးခိုးထွက်လိုက် မထွက်လိုက်ဖြစ်အောင် လုပ်ကာ မီးခိုးဆက်သွယ်ရေးစနစ်နှင့် သတင်းပို့ခဲ့ကြ၏။

တချို့ကျတော့လည်း ငှက်တွေကို အကူအညီတောင်း၍ စာပို့ကြသည်။ စာပို့ခိုတွေ စာပို့သိမ်းငှက်တွေ စာပို့ကျေးတွေ မွေးကာ လေ့ကျင့်ပေးပြီး စာပို့စနစ်တီထွင်ခဲ့ကြ၏။ မြန်မာ့ခေတ်ဟောင်း အဆိုတော်ကြီး တွံတေးသိန်းတန်၏ သီချင်းတစ်ပုဒ်ထဲတွင် ကျေးစေခိုင်းရမှာတော့ ရိုးတယ်ထင်တယ်ဟုပင် ပါရှိသည်က အထင်အရှားပဲ မဟုတ်လား။

တစ်ခါတလေတော့လည်း မြင်းသည်တော်တွေက စာချွန်တော်ကို သယ်ဆောင်၍ နေ့မနားညမအိပ် ဒုန်းစိုင်းကာ စာကို ပို့ဆောင်ခဲ့ကြရသည်။

တဖြည်းဖြည်း တိုးတက်လာတော့ စာပို့စနစ်၊ ကြေးနန်းစနစ်နှင့် တယ်လီဖုန်းစနစ်များ ပေါ်လာခဲ့၏။ အခုဆိုလျှင်တော့ မိုင်ပေါင်းထောင်ချီ ဝေးကွာသော ဒေသမှ လူနှစ်ယောက် အင်တာနက်ဖြင့် ကြားခံ၍ မျက်နှာချင်းဆိုင် စကားပြောခွင့်ရနေကြပြီ ဖြစ်သည်။ မြန်မာပြည်သားတွေ တီထွင်ဖန်တီးခဲ့တာတော့ မပါပေဘူးပေါ့။





ဘယ်လိုပဲဖြစ်ဖြစ် ထိုနည်းပညာများကို သုံးစွဲခွင့်ရသော လူများထဲတွင်တော့ ဒေါ်စန်းယုမော်လည်း ပါဝင်၏။ အခုပဲ သူ့လင်တော်မောင် ဦးခင်ဦးက ပင်လယ်နီအတွင်းရှိ သင်္ဘောပေါ်မှ ဒေါ်စန်းယုမော်ထံ ဖုန်းဆက်စကားပြောနေသည်။

'မိမော်... နေကောင်းလား'

'ကောင်းတယ် ကိုကို'

'ကိုကို ဘယ်တော့ ပြန်လာစေချင်လဲ မိမော်'

'ခုချက်ချင်းပေါ့'

'ဟဲ... ဟဲ ကောင်းပြီ၊ အခု သင်္ဘောပေါ်က ခုန်ချလို့ ရေကူးပြီး ပြန်လာရင် နောက်တစ်လလောက်ဆို ပြန်ရောက်မယ် ထင်တယ်'

'ဟယ်... ကိုကို တကယ်ပြောတာလား ဝမ်းသာလိုက်တာ'

'အဟုတ်ပေါ့ မိမော်ရဲ့၊ ကိုကို မိမော်ကို အရမ်းလွမ်းနေပြီသိလား'

'အပိုတွေ ဟွန်း'

ဒေါ်စန်းယုမော်မှာ ချက်ချင်းဆိုသလို ဆယ်ကျော်သက်တစ်ယောက် ရည်းစားနှင့် ချိန်းပြီး ဖုန်းပြောသည့် အိုင်တင်မျိုး ဖြစ်သွားသည်။ လူက ဆတ်စလူးခါနေသလို အသံကလည်း စာနေ၏။ အမေ့အသံပြဲကြီးကို ကြားလိုက်ရသဖြင့် ဝင်းမော်ဦး အခန်းထဲမှ ပြေးထွက်လာခဲ့သည်။

အဖေနှင့် စကားပြောချင်၍ အမေ့နား ရစ်သီရစ်သီလုပ်နေသော်လည်း အမေက လုံးဝအရေးမစိုက်။ သူ့ဟာသူ အာပေါင်အာရင်းသန်လျက် ရှိ၏။ ကြာတော့ ဝင်းမော်ဦး စိတ်မရှည်တော့ပဲ အမေ့လက်ထဲမှ ဖုန်းကိုလုကာ ဖွတ်ပြောဆို ဆက်သွယ်လိုက်သည့် အခါမှာတော့...

'ချစ်တယ် သိလား... အရမ်းလွမ်းတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဗျာ! ဟုတ်… ဟုတ်ကဲ့ သားလည်း သတိရနေပါတယ် အဖေ'

'ဘာ… ဘယ်သူလဲ ငါ မိမော်ကို ပြောနေတာ'

'အဟဲ… မေမေမဟုတ်ဘူး၊ အခု သားပြောနေတာ'

'ဟာကွာ… မင်း တော်တော်ရှုပ်တဲ့ ကောင်ပဲ'

'ဟင်း… ဟင်း စောစောက ဘာတွေပြောနေတာလဲ၊ ကြားရတာ နားရှက်လိုက်တာ'

'အေပေးလေး ငါ့ဟာငါ ဘာပြောပြောပေါ့ကွ'

'ဟား… ဟား… ဟား ဒါနဲ့ အဖေ ပြန်လာဖို့ နီးပြီလား'

'အေး… နောက်လလောက်ဆို ပြန်ရောက်မယ်၊ ရက်အတိအကျသိရင် ထပ်ဖုန်းဆက်မယ်လေ'

'ဟုတ်ကဲ့… ဖေဖေနေကောင်းတယ်နော်၊ မေမေနဲ့ ပြောဦးမလား'

'တော်ပြီ မင်းနောက်တာနဲ့ ဖီး(လ)ငုပ်သွားပြီ ဒါပဲနော်'

'ဟား… ဟား… ဟား ဟုတ်ကဲ့ ဖေဖေ၊ တာ့တာ'

ဝင်းမော်ဦး တဟားဟား အော်ရယ်ရင်း ဖုန်းကို နေသားတကျ ပြန်ချထားလိုက်၏။

အမေက သူများစားသည့် မုန့်ကို မျှော်နေသော ကလေးငယ်တစ်ယောက်လို ကြည့်နေရာမှ ဖုန်းချလိုက်၍ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံနှင့်…

'မင်း… တော်တော်ရှုပ်တာပဲ သား၊ အမေပြောနေတာကို အစာင်းဝင်လုရတယ်လို့'

'ဟဲ… ဟဲ မေမေလို့ထင်ပြီး ပြောလိုက်တဲ့ စကားတွေ သား ပြန်ပြောပြမယ်လေ၊ ဘယ်လောက်ပေးမလဲ'

'တစ်ပြားမှ မပေးဘူး'

'ဟဲ… ဟဲ… ဟဲ ရှက်စရာကြီး မေမေရာ'

'တော်စမ်း ကောင်လေး၊ နောက်တီးနောက်တောက်နဲ့'





'ယောက်ဖက ဘာပြောလို့လဲ ငါ့တူ'

'အဟီး… ဖေဖေကလေ မေမေ့ကို…'

'ဟဲ့… သား'

'ချစ်တယ် သိလား၊ အရမ်းလွမ်းတယ်တဲ့၊ ဟဲ… ဟဲ…'

မေမေ့မျက်နှာကြီး နီရဲသွားကာ ဝင်းမော်ဦးအား ဗိုက်ခေါက်ဆွဲလိမ်တော့သည်။ မေမေလိမ်၍ နာနေရသည့်ကြားထဲ လေးလေး၏ စကားကြောင့် တစ်အိမ်လုံး ပွက်လောညံသွားတော့သည်။

'ဝင်းမော်ဦးရာ အသားကျပြီးသား ဖင်ကို ထပ်ကျိန်းအောင် လုပ်လိုက်တာကိုးကွ၊ တို့ကယ့်ကို ချေးခြောက်ရေနူးပဲ'

မေမေလည်း ရှက်ရှက်နှင့် ဧည့်ခန်းတွင် သွားထိုင်၏။ ဝင်းမော်ဦးတို့လည်း လိုက်သွားပြီး ဝိုင်းထိုင်လိုက်ကြသည်။

'အတော်ပဲ အဖေ ပြန်လာတာနဲ့ မိန်းမတောင်းနိုင်းရမယ်'

ဝင်းမော်ဦး စကားကြောင့် ဒေါ်စန်းယုမော် တအံ့တသြ ဖြစ်သွားပြီး…

'ဟင်… မိန်းမတောင်းနိုင်းမယ်၊ သား တကယ်ပြောနေတာလား၊ ဘယ်သူလဲ'

'မေမေ သိပြီးသားပါ'

'ဟုတ်ပါပြီ ဘယ်သူလဲ'

ဝင်းမော်ဦး အင်တင်တင် လုပ်နေသဖြင့် ဦးအောင်လွင်က ဝင်နောက်သည်။

'မိုးဟောကိုနဲ့ သက်မွန်မြင့်တော့ လုံးဝမဟုတ်ဘူး အစ်မ'

'မောင်လွင်ရယ် နောက်မနေစမ်းပါနဲ့၊ ဒီမှာ ရင်ပူနေတာကို'

'ရင်မပူပါနဲ့ မေမေ၊ မေမေ့မိတ်ဆွေ ဒေါ်နန်းယဉ်ရဲ့ သမီး ရှုတိုင်းယဉ်ပါ'

'ရှုတိုင်းယဉ် ဟုတ်လား၊ အင်း… ထင်တော့ ထင်သားပဲ၊ မဆိုးပါဘူး ဒါနဲ့ သူကကော ကျောင်းပြီးသွားပြီလား'

'ဟုတ်ကဲ့ မေမေ'



www.burmeseclassic.com

www.burmeseclassic.com


'အေးလေ··· ရှုတိုင်းယဉ် ဆိုရင်တော့ ကန့်ကွက်စရာ မရှိပါဘူး၊ မင်းအဖေလာမှ တိုင်ပင်ပြီး ကြည့်လုပ်ကြတာပေါ့၊ ဒါနဲ့ သူတို့ဘက်က စီးပွားဥစ္စာ အခြေအနေကကော'

'ပူမနေပါနဲ့ မမရာ၊ တိုက်နဲ့ တာနဲ့၊ လုပ်ငန်းနဲ့ ကုန်ကားသုံးစီးလောက်နဲ့ပါ'

'အေးလေ··· ဒါဆိုလည်း ပြီးရော'

'ကဲ··· ဒါဆိုရင်တော့ မေမေ့ကို စိတ်အေးလက်အေး မျှော်နေရုံပဲပေါ့'

'မင်းကတော့ စိတ်အေးမှာပေါ့၊ ငါတော့ ယောက်ဖပြန်လာမှာ ကြောက်နေတယ်'

'ဘာဖြစ်လို့လဲ လေးလေးရဲ့'

လေးလေးက ချက်ချင်းမဖြေဘဲ ထရပ်၍ လေးငါးလှမ်းလျှောက်သွားလိုက်သေးသည်။

ပြီးမှ မေမေ့ကို ကြည့်ရင်း···

'ဖင်ကျိန်းမှာ စိုးလို့ပေါ့'

'ကောင်စုတ်'

စားပွဲပေါ်မှ စာအုပ်တစ်အုပ် မေမေကြောင့် လေကိုခွင်း၍ ပျံသန်းသွားသော်လည်း လေးလေးက မရှိတော့။

* * *

ပြန့်ပြူးသော ရေပြင်တွင် လှိုင်းကြက်ခွပ်လေးများ ထနေပုံက မြင်ရသူကို စိတ်ကြည်နူးချမ်းမြေ့မှုများ ပေးစွမ်းနေသည်။ ရန်ကုန်မြို့သူ မြို့သားတွေ ကံကောင်းပါ၏။ မွန်းကြပ်မှုများ ထွက်ပေါက်ပေးရန် ထင်ထင်ရှားရှား ကန်နှစ်ခုရှိနေသည်။ ကန်တော်ကြီးနှင့် အင်းယားဆိုပြီး အပန်းဖြေစရာ လှလှပပကန်တော်သာ နှစ်ခုရှိနေသည်။

အပန်းဖြေမလား၊ အနားယူမလား၊ ကစားမလား စားမလား



အားလုံးလုပ်လို့ ရသည်။ စိတ်ကျဉ်းကျပ်လွန်းသောအခါ ဖြင့်ထုတ်ရန်၊ စိတ်ရှင်သောအခါ အနားယူရန်နှင့် သမီးရည်းစားစုံတွဲများ ချိန်းတွေ့ရန် လွန်စွာသင့်လျော်သော နေရာဒေသတစ်ခုလည်း ဖြစ်နေသည်။

ဒီ အင်းယားကန်ကတော့ ကန်တော်ကြီးထက် ပိုပြီး နာမည်ကြီး၏။ နန်းတော်ရှေ့ဆရာတင်က သူ့သီချင်းတစ်ပုဒ်ထဲတွင် အင်းယားရေ တစ်စည်လောက်တော့ လိုချင်ပါတယ်၊ ဝယ်ချင်သူပါဟု ထည့်သွင်းစပ်ဆိုခဲ့သဖြင့် ရပ်ဝေးမှ လူများပင် အင်းယားကန်ကို မမြင်ဘူးပဲနှင့် ရင်းနှီးကြ၏။

ထိုအင်းယားကန်ပေါင်ရိုးမှ အကြော်ဆိုင်တစ်ဆိုင်တွင် ဝင်းမော်ဦးနှင့် ရှုတိုင်းယဉ်တို့ ယှဉ်တွဲထိုင်ရင်း အကြော်စားကာ ရှခင်းကြည့်နေကြသည်။

'ရှုတိုင်း··· ကိုယ်လေ ကိုယ်တို့ကိစ္စ မေမေ့ကို ပြောလိုက်ပြီသိလား'

'ဟင်··· အန်··· အန်တီက ဘာပြောလဲဟင် ကိုဦး'

'ဘာပြောရမလဲ သဘောတူတယ်ပေါ့၊ ခွင့်ပြုတယ်ပေါ့၊ အဖေပြန်လာရင် လိုက်တောင်းပေးမယ်ပေါ့ ဒါပဲလေ'

'ဟူး··· တော်ပါသေးရဲ့ ယောက်ျားလေးဘက်ကသာ သဘောမတူဘူးလို့ ပြောရင် ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲ ရှိတော့မှာ'

'ဟာ··· ရှုတိုင်းကလည်း မေမေက ရှုတိုင်းကို မြင်ကတည်းက သဘောကျနေတဲ့ ဥစ္စာ၊ အဲလို ဖြစ်စရာလား'

'အဟင်း··· အိမ်မှာလည်း အကုန်သိကုန်ကြပြီ၊ ဟယ်··· ဒါနဲ့ ကိုဦး လေးလေးနဲ့ မေမေ့ကိစ္စ ကိုဦး အစောကြီးကတည်းက သိပြီးသား မဟုတ်လား'

'အဲ··· သိ··· သိပြီးသားပါ ရှုတိုင်း'

'တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့ ဟုတ်လား'

'အန်တီတို့ကိစ္စ မိသားစုသဘောထားကကော ဘယ်လိုလဲ'

'တော်တော်ဆိုးတယ် ကိုဦး၊ ကိုကြီးက ခါးခါးသီးသီးပဲ

www.burmeseclassic.com

ရှုတိုင်းနဲ့ အစ်မကတော့ ဘာမှ သိပ်မပြောကြပါဘူး၊ မေမေ စိတ်ချမ်းသာရင် ပြီးရောလို့ပဲ ပြောလိုက်ကြတာ'

'အန်တီနဲ့ လေးလေး သနားပါတယ် ရှုတိုင်းရယ်'

'မေမေ့ကိုလည်း သနားပါတယ်၊ ဒါပေမဲ့ မေမေက ရှုတိုင်းတို့အတွက် စံပြ မဟုတ်လား၊ အဲဒီ စံပြက နည်းနည်းလေးယိုင်သွားတာနဲ့ အရှမ်းသိသာနေတော့ ကြည်ညိုစိတ်အရှင်းခံ ရှိနေတဲ့ သားသမီးတွေ မခံချိ မခံသာနဲ့ ရှက်သွားတဲ့ သဘောမျိုးပါ'

'ဟုတ်ပါတယ် ရှုတိုင်း၊ ကိုယ်သဘောပေါက်ပါတယ်'

ရှုခင်းအလှခံစားရင်း ဘဝရေးရေး တိုင်ပင်နေကြသည်။ လှုမြင်ကွင်းတွင် ဖြစ်နေသည်မို့ နှစ်ကိုယ်တူအရေး လှုပ်ရှားခွင့်မရသဖြင့် အလှအပကိုသာ ခံစားရင်း စကားပြောနေရ၏။

'ဒါနဲ့ အန်တီတို့ အရင်မင်္ဂလာဆောင်မှာလား၊ ကိုဦးတို့အရင် မင်္ဂလာဆောင်မှာလား၊ အဲဒါ စဉ်းစားစရာပဲနော်'

'ဘာဖြစ်လည်း ကိုဦးရယ်၊ လူကြီးတွေကို ဦးစားပေးလိုက်ပေါ့'

'ဟာ… ဘာဖြစ်လို့ ဦးစားပေးရမှာလဲ၊ မရပါဘူး ကိုယ်တို့အရင်ပဲ'

'ဘယ်လိုဖြစ်နေတာလဲ ကိုဦး၊ ရှုတိုင်းကတော့ ဖြည်းဖြည်းပဲ အဟိုဘဝနဲ့ အေးအေးဆေးဆေးကို နေဦးမှာ'

'ရှုတိုင်း မညစ်နဲ့ကွာ'

'ညစ်တာမှ မဟုတ်ဘဲ ဒီကြားထဲ ကိုဦး ကာရိုက်တာကို လေ့လာရဦးမှာလေ'

'အောင်မယ် ဘာလေ့လာစရာရှိလို့လဲ'

'ရှိတာပေါ့၊ အရေးကြီးဆုံးက ကိုယ့်ကို တကယ်ချစ်မချစ်ဆိုတာပဲ ကိုရီးယားကားတွေထဲမှာ မတွေ့ဘူးလား၊ စလယ်ဝင် ဖင်မမည်းခင်ကတည်းက ကွဲကြတာတွေ ပုံစံအမျိုးမျိုးနဲ့ ဖောက်ပြန်နေကြတာတွေ မကြည့်ဖူးဘူးလား'





'အဲဒါ ကိုရီးယားမှာလေ'

'ဒီမှာလည်း ဖြစ်နိုင်တာပဲ ယောကျ်ားဆိုတာ ယုံရတာမဟုတ်ဘူး'

'ဒီမှာက ဘာသာတရား အထိန်းအကွပ် ရှိပါတယ် ရှုတိုင်းရယ်၊ တခြားဝေးဝေး မကြည့်နဲ့ ရှုတိုင်းအမေဆို ဘယ်လောက် လေးစားစရာကောင်းလဲ၊ ဒီလိုပဲ ကိုယ့်အမေဆို အဖေ့ကို နေ့ရှိသရွေ့ လွမ်းနေတာ အဖေကလည်း သင်္ဘောသားဆိုပေမယ့် မယားငယ် တောင်ရှိတာ မဟုတ်ဘူး'

'အဟင်း… အဖေ့ထက် သားက လက်စောင်းထက်နေရင် ဘယ်လိုလုပ်မလဲ'

'ရှုတိုင်းကလည်းကွာ ကိုယ့်အချစ်က နိုင်ငံတကာအသိအမှတ်ပြု I.S.O နိုင်းဖိုးရိုး ဖိုးရိုးတူး လက်မှတ်ရထားတာပါ၊ ကွာလတီလည်း ကောင်းတယ်၊ ဂရန်ဒီလည်း ပေးမယ်လေ'

'ဟင်း… ဟင်း… ဟင်း အပြောကောင်းတဲ့ လူတွေ ပို ကြောက်စရာ ကောင်းသတဲ့'

'ရှုတိုင်းကလည်းကွာ အခု လူမြင်ကွင်းကြီးမှာလေ၊ ကိုယ် ဘာမှလုပ်လို့ မရပါဘူး မကြောက်ပါနဲ့ ဟဲ ဟဲ ဟဲ'

'ဟင်းနော်… စကားပြောရင်း ဖောက် ဖောက်မလာနဲ့'

'ကောင်းပါပြီဗျာ၊ ကဲ… မြန်မြန်စား ကန်ပေါင်မှာ လမ်းလျှောက်ရအောင်'

ဝင်းမော်ဦးကတော့ ချစ်သူတို့နှယ်မြေဟု သတင်းကြီးသော အင်းယားကန်ပေါင်ရိုးတွင် ရှုတိုင်းကို လက်တွဲပြီး ကြည်နူးစွာ လျှောက်လှမ်းခွင့်ရသဖြင့် အင်းယားကို ကျေးဇူးတွေ တင်နေလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ကို လေဆိပ်တွင် သွားကြိုပြီး အိမ်ပြန်ရောက်ကတည်းက အမေ့မျက်နှာမှာ အပျော်အပြုံးတွေ အမြဲလို တွဲခိုနေတော့၏။ လေးလေးက မေမေတို့ စုံတွဲကို မျက်စပစ်ပြပြီး ဝင်းမော်ဦးအား ကျီစယ်နေသည်။ လူကြီးတွေ ရှက်သွားမည်စိုးသဖြင့် ဝင်းမော်ဦး မသိချင်ယောင်ဆောင်နေမိ၏။

ဒါ ရိုးရာဝလေ့ထုံးစံအောက်မှ ကြည်နူးစရာကောင်းသော မြင်ကွင်းတစ်ခုပင် ဖြစ်သည်။ သေတစ်ပန် သက်တစ်ဆုံး ရိုးမြေကျ ဆိုသည့် စကားလုံးများက လှပသလို တကယ်လိုက်နာကျင့်သုံးတော့လည်း စိတ်ချမ်းမြေ့ရတာ မျက်မြင်လက်တွေ့ပင် ဖြစ်သည်။ နိုးမောင်နှံဆိုသည်မှာ အပြန်အလှန်မြတ်နိုး ဖေးမ ယုယ စောင့်ရှောက်တာဝန်ယူမှုတွေနှင့် မွမ်းထုံထားအပ်သည်ပဲ။

ဖေဖေ မေမေတို့ကိုကြည့်ရင်း အားကျစိတ်များဖြင့် ရှုတိုင်းယဉ်ကို သတိရနေမိ၏။ ဖေဖေက ပါလာသော လက်ဆောင်များ ဝေခွဲပေးရင်း အခြေအနေကို မေးမြန်းသည်။

'မောင်လွင်နဲ့ ငါ့သားတို့ လုပ်ငန်းကကော အဆင်ပြေရဲ့လား'

'ပြေပါတယ် အစ်ကိုကြီး၊ ဗီနိုင်းက ပိုအလုပ်ဖြစ်တယ်'

'ဟုတ်တယ် ဖေဖေ၊ အဲဒါကြောင့် အကြီးစား ဗီနိုင်းပုံနှိပ်စက်တစ်လုံး ထပ်မှာထားတယ်၊ နေရာလည်း ရှာထားပြီးပြီ ရောက်လာရင်တော့ နိုင်တောင် နိုင်ပါ့မလား မသိဘူး'

'ပူမနေပါနဲ့ သားရာ၊ ဖေဖေလည်း သဘောမလိုက်တော့ဘူးဆိုတော့ အားလုံး ဝိုင်းလုပ်လို့ ရတာပေါ့'

'ဟုတ်ကဲ့ သိပ်ကောင်းတာပေါ့ ဖေဖေရာ'

'ဒါနဲ့ နေစမ်းပါဦး၊ မင်းတို့နှစ်ယောက်ကော ထူးခြားတိုးတက်ပြောင်းလဲမှုတွေ မရှိဘူးလား'

'ဟာ… ရှိတာပေါ့ အစ်ကိုကြီးရာ၊ ကျွန်တော်ဆို ရိပ်သာကို သုံးကြိမ်မြောက် ဝင်ပြီးပြီ'

လေးလေးအကြောင်း သိနေသော ဖေဖေက သဘောတကျ





ရယ်၏။ လေးလေးနှင့် စန္ဒာမော်တို့၏ နောက်ဆုံး အစီရင်ခံစာကို ဖေဖေ ကြားသိပြီးသွားသော အခါ…

'အင်း… မောင်လွင်ရာ၊ ဗေဒင်မေးမနေနဲ့ ငွေကုန်တယ်၊ မင်းရဲ့ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတာပဲ ဖြစ်ရမယ် သိလား'

'လုပ်ပြီ အစ်ကိုကြီးရာ၊ စိတ်ဓာတ်ကျရတဲ့ အထဲ'

'အဟင်း… ဒါနဲ့ သားကကော'

ဖေဖေ မေးတော့ ဝင်းမော်ဦး မဖြေဘဲ မေမေ့ကို ပြုံးပြီး လှမ်းကြည့်လိုက်၏။

'ကိုကို့သားအတွက် မိန်းမလိုက်တောင်းဖို့သာ ပြင်ထားတော့'

'ဟော… ဟုတ်လား၊ ငါ့သား တယ်သွက်နေပါလား နေစမ်းပါဦး ချွေးမလောင်းက ချောရောချောရဲ့လား'

ထိုမေးခွန်းကိုတော့ ဝင်းမော်ဦးက သူ့ဟန်းဖုန်းကို ထုတ်၍ ရှုတိုင်းယဉ်၏ ပုံများကို ဖွင့်ပြခြင်းဖြင့် ဖြေလိုက်၏။ ဖေဖေက တစ်ပုံပြီး တစ်ပုံသေချာကြည့်ရင်း…

'အင်း… ရုပ်လေးကတော့ မဆိုးပါဘူး၊ နာမည်ကကော'

'ရှုတိုင်းတဲ့ ဖေဖေ'

'ဘာ… ရှုးဒိုင်း ဟုတ်လား'

'ဟား… ဟား… ဟား ရှုးဒိုင်း မဟုတ်ဘူး အစ်ကိုကြီး၊ ဗျောက်အိုး… ဗျောက်အိုး'

'ဒီလို ကိုကိုရေ… သားက အဖျားဆွတ်ခေါ်နေလို့ နာမည်ရင်းက ရှုတိုင်းယဉ်'

'ဟား… ရှုတိုင်းယဉ် နာမည်က ကောင်းလှချည်လား'

'နာမည်တင် ကမလား ဖေဖေရဲ့၊ လူကလည်းကောင်း အဲလှသလား မမေးနဲ့'

'အေးပါကွာ… အေးပါ ဟုတ်ပါပြီ၊ အဲဒါတော့ မင်းအမေ တာဝန်ပဲ သူတို့ မိန်းမချင်း ညှိနှိုင်းပြီး နောက်ဆုံးအဆင့်ကျမှ အဖေ လိုက်ခဲ့မှာပေါ့ ဟုတ်ပြီလား'


www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ ဖေဖေ၊ ကျေးဇူးပဲ၊ ကဲ… ဟိုမှာ ဝန်ထမ်းတွေနဲ့ လွှဲထားခဲ့ရတာ သားတို့ ပြန်သွားလိုက်ဦးမယ်နော်'

'အေး… အေး'

ဝင်းမော်ဦးက လေးလေးကို ဆွဲခေါ်ကာ အိမ်ထဲမှထွက်လာခဲ့၏။ တံခါးဝရောက်မှ လေးလေးက ပြန်လှည့်ကြည့်ရင်း…

'ယောက်ဖ… ကျွန်တော် အလိုက်သိတယ်နော် ဟဲ… ဟဲ'

'ဘာကွ… ဟော့ကောင်'

ဖေဖေ့ ရှက်ဒေါသသံကြီး ဟိန်းထွက်လာသဖြင့် လေးလေး ခြေကုန်သုတ်ရင်း ကားထဲ ပြေးဝင်ထိုင်၏။ ရွှင်မြူးနေသော ဝင်းမော်ဦးလည်း ကားထဲ ကမန်းကတန်းဝင်ကာ မောင်းထွက်လာခဲ့ရတော့သည်။

* * *

နံနက်ခင်းက နောက်ဆုံးပေါ် ပရာဒိုကားကဲ့သို့ လှပ၍ မော်ဒယ်မလို ကြွရွနေ၏။ ထိုနံနက်ခင်း၏ လက်ဖက်ရည်ဆိုင်များတွင် အချိန်မရွေး ဆာနေကြသော လူသားများ အာဟာရ ဖြည့်တင်းနေကြ၏။

တချို့က ရှယ်၊ တချို့က ရိုးရိုး၊ တချို့က ပေါ့ကျ၊ တချို့က ကျောက်ပန်းတောင်းဂိတ်ဆုံး၊ တချို့က အီကြာကွေး၊ တချို့က စမူဆာနှင့် စိတ်ဆာရာ အားပေးလျက်ရှိသည်။

မုန့်ဟင်းခါးဟင်းရည် အဆစ်တောင်းလို့ရပြီး လက်ဖက်ရည်နည်းနည်းထပ်တောင်းလို့ မရတာ အတော်နာပါသည်။ မည်သို့ပင်ဖြစ်စေ သူ့အရပ်နှင့် သူ့ဇာတ်က လိုက်လျောညီထွေ ဖြစ်လျက်ပင်။

ဒီနေ့တော့ လက်ဖက်ရည်ဆိုင် အလုပ်ရုံဆွေးနွေးပွဲမှာ အိမ်ထောင်သားမွေးနှင့် ညှိနှိုင်းပွဲတစ်ရပ် ကျင်းပနေ၏။ ပါဝင်ဆွေးနွေးကြသူများက ဝင်းမော်ဦး၊ သော်က၊ မင်းဝေနှင့် သီရိတို့ ဖြစ်သည်။





သော်ကက သီရိကို ခေါ်လာကာ မင်းဝေနှင့် မိတ်ဆက်ပေးပြီး သူတို့တွေ လက်ထပ်ဖို့ ရက်သတ်ပြီးသွားကြောင်း စာတန်းတင်သည်။

ဝင်းမော်ဦးက ထောက်ခံဆွေးနွေးပြီး မြှောက်ထိုးပင့်ကော်ဆုံးဖြတ်ချက်ချပေးလိုက်၏။ မင်္ဂလာဆောင်ဖိတ်စာကို တစ်ဝက်တိတိ ဒစ်စကောင့်ပေးမည်ဟု မက်လုံးပေး၏။ နှစ်ပေ သုံးပေ မင်္ဂလာစုံတွဲပုံ ဗီနိုင်းတစ်ချပ် လက်ဆောင်ပေးဦးမည်ဟုလည်း ဆွယ်သည်။

သော်ကက မင်းဝေအား ဘာလက်ဖွဲ့မလဲဟု မေး၏။ မင်းဝေက အထူးကုဆေးရုံမှာ ဓာတ်ခွဲခန်းကျွမ်းကျင် အဆင့်တစ်နှင့် အမှုထမ်းနေသူ ဖြစ်ရာ…

'အင်း… မင်းတို့ လင်မယားရန်ဖြစ်လို့ အပေါ်ယံ ပွန်းပဲ့ထိခိုက်ရှနာဖြစ်ရင် တို့ဆေးခန်းကို လာခဲ့လေ၊ မနာမစပ်ရအောင် ဆေးထည့်ပေးဖို့ တာဝန်ယူတယ်'

သော်ကက မြစ်ရေခြောက်ကပ်ပြီး သေမယ့် ငါးမြွေထိုးဟုဆဲ၏။ မင်းဝေက ရည်းစားမရှိသူ ဖြစ်ရာ ဘလိုင်းကြီး အကြွားခံနေရ၍ စိတ်ချဉ်ပေါက်နေဟန်နှင့်…

'သီရိ… ဒီကောင့်ကို လက်ခထပ်ခင် သွေးစစ်ခိုင်းဦးနော်၊ ရေလိုက်လွှဲပြီး အေကိုက်တဲ့ ငနဲ ဖြစ်နေဦးမယ်'

'ဟော့ကောင်… အချွန်နဲ့တော့ မမပါနဲ့ကွာ တောင်းပန်ပါတယ်'

'ဟာ… အင်တာနက် အိမ်ထောင်ရေးမှာ H.I.V ကင်းရှင်းကြောင်း ထောက်ခံစာပါမှ တရားဝင်လိုင်စင်ရမှာလေ၊ ငါ့ဓာတ်ခွဲခန်းကိုသာ စိတ်ချပြီး လာခဲ့ သေချာစစ်ပေးမယ်'

'ဟား… နေပါစေကွာ၊ မဖြစ်မနေစစ်ရမယ် ဆိုရင်လည်း တခြားဓာတ်ခွဲခန်းသွားမယ်၊ မင်းတော့ မယုံဘူး'

'ဒါနဲ့ ကိုဝင်းမော်ဦးနဲ့ ရှုတိုင်းယဉ်တို့ အခြေအနေကော'

'အဲ… ကျွန်တော်လည်း နီးပြီ သီရိ၊ အခု အမေကနှစ်အိမ်တစ်အိမ်ဖြစ်အောင် လွှန်းပျံသတမန် လုပ်နေတယ်၊ ရက်သတ်မှတ်လို့


www.burmeseclassic.com

www.burmeseclassic.com

ရရင် မိန်းမသွားတောင်းရုံပဲ၊ လက်ထပ်ဖို့ကတော့ ခြောက်လ၊ တစ်နှစ် လောက် လိုဦးမှာပါ'

'ကောင်းတာပေါ့ရှင်၊ ဒါဆို ကျွန်မတို့က နည်းနည်းစောမှာ ပေါ့'

'ဟုတ်တယ် ကိုယ်တို့စောမှာ ဒါနဲ့ နေပါဦး မင်းဦးလေးနဲ့ ရှုတိုင်းယဉ် အမေကကော အခြေအနေ ဘယ်လိုလဲ'

'အဟင်း… အချင်းချင်း အိုကေနေကြပြီးပြီ၊ အန်တီ့သားက အဓိက ကန့်ကွက်သူ ဖြစ်နေတယ်၊ အန်တီက အားလုံးသဘောတူမှ လက်ထပ်ချင်နေတာ'

'ဒါဆို နည်းနည်းကြာဦးမှာပေါ့'

'အေး… ငါတို့ ကိစ္စတွေပြီးမှ ဖြစ်လိမ့်မယ် ထင်တယ် မင်းဝေ'

'အဟင်း… မင်းဦးလေးကတော့ ဒီကိစ္စနဲ့ ပတ်သက်ရင် အမြဲတမ်း တက်ကြွတဲ့ကြက်ဖ ဖြစ်နေတော့တာပဲနော်၊ မင်းအမေက ကော သူ့မောင်ကိစ္စ သဘောတူသတဲ့လား ဘာပြောလဲ'

'အဲဒါတော့ အသိမပေးရသေးဘူး၊ လေးလေးပြောတော့ ဟို ဘက်က မီးစိမ်းပြမှ ဒီဘက်ကို အသိပေးမယ်တဲ့'

'ဒါလည်း ကောင်းတာပဲ'

အချစ်ရေး၊ အိမ်ထောင်ရေး၊ မိသားစုအရေးများ ဆွေးနွေးပြီး နောက် သော်ကနှင့် သီရိက အိမ်ပြန်ဖို့ စုံစမ်းစရာ ရှိသေးသည်ဆိုပြီး နှုတ်ဆက်ထွက်ခွာသွားကြ၏။ မင်းဝေနှင့် ဝင်းမော်ဦးတို့သာ ကျန်ခဲ့ သည်။ မင်းဝေက…

'အင်း… တစ်ယောက်ပြီး တစ်ယောက် ပွဲထွက်ကုန်တာနဲ့ လက်ဖက်ရည်ဆိုင် စကားဝိုင်းလေးတော့ အမြစ်ပြတ်ပါပြီကွာ'

'ဒါ သဘာဝပဲလေ၊ မင်းလည်း ကန့်လန့်တိုက်ပြီး ပေကပ် မနေနဲ့ သူ့ရေစီးအတိုင်း လွှတ်ပေးလိုက် အဲဒါမှ လောကကြီးနဲ့ ဟာမိုနီ ဖြစ်မှာ မဟုတ်ဘူးလား'





'ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ အမေက မုဆိုးမ လ၊ စီးပွားရေးကလည်း တောင့်တင်းတာ မဟုတ်ဘူး၊ မင်္ဂလာဆောင်ခဲ့ပွဲ ည့်သည့်တစ်ခု ဆိုရင်တောင် အနိမ့်ဆုံးဆယ်သိန်းလောက် ကုန်နေတဲ့ တ်ကြီးထဲမှာ ငါစိတ်ညစ်မခံနိုင်ဘူး'

အကြောင်းသိချင်းများမို့ ဝင်းမော်ဦး ဘာမှ ဆက်မတိုက်တွန်း စ်တော့ မင်းဝေက သူ့အကြောင်း သူသိပြီး ရင်ထဲက အချစ်ပျိုးခင်း ပင်ပေါက်မလာစေရန် ကြိုတင်ကာ ရေနွေးပူနှင့် လောင်းနေကြောင်း သိလိုက်ရ၍ စိတ်မကောင်းဖြစ်မိသည်။

ဒါကို သူလည်း မတတ်နိုင်၊ မကူညီနိုင်ပါ။ ကမ္ဘာပေါ်က လူအများစုမှာ တစ်နေ့ဝင်ငွေ အမေရိကန်တစ်ဒေါ်လာအောက်တွင်ပင် ရပ်တည်နေဆဲ မဟုတ်လား။ A.I.D.S ရောဂါကာကွယ်ဆေး ပေါ် ရင်သာ ပေါ်လာမည်။ ဆင်းရဲသည့်ရောဂါ ကာကွယ်ဆေးက ကမ္ဘာ ဖျက်သည့်တိုင် ပေါ်နိုင်ဖွယ်ရာမှ မမြင်ဘဲလေ။

* * *

ဝတ်ကောင်းစားလှများနှင့် အိမ်ပြန်ရောက်လာကြတော့ ဖေ ဖေက ဘီယာပြင်ခိုင်းသည်။ သို့နှင့် ဝင်းမော်ဦးလည်း ရေခဲသေတ္တာ ထဲမှ ဘီယာခြောက်ပုလင်းနှင့် ချိ(စ်)ဘူးကို ထုတ်ယူကာ ထမင်းစား ပွဲတွင် ပြင်ပေးလိုက်၏။ ဖေဖေနှင့် လေးလေးရှေ့တွင် မတ်ခွက်တစ် ခွက်စီ ချပေးပြီး နှစ်ပုလင်းဖောက်၍ ထည့်ပေးလိုက်သည်။

'လုပ်လေ သား၊ မင်းလည်းသောက် ဖေဖေ ခွင့်ပြုတယ်၊ ဒီနေ့ မင်းအတွက် အမှတ်တရနေ့ပဲ မဟုတ်လား'

ဖေဖေခွင့်ပြုသော်လည်း ဝင်းမော်ဦး မေမေ့ကို လှမ်းကြည့် လိုက်သေး၏။ မေမေကလည်း ဘာမှမပြောတော့မှ မတ်ခွက်တစ်လုံး လှမ်းဆွဲကာ ဝိုင်းထဲဝင်လိုက်သည်။ သမီးယောက်ဖတွေ ဖန်ခွက်ချင်း တိုက်လိုက်မှ ဝင်းမော်ဦးက ငုံ့တုန်း။



www.burmeseclassic.com

www.burmeseclassic.com

'မနန်းယဉ်ရဲ့ သားသမီးတွေ တော်တော်လိမ်မာ ထူးချွန်ကြတာပဲနော်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ခဲ့ပေမယ့် ကလေးတွေ ဒီဘဝရောက်အောင် တစ်ယောက်တည်း ကြိုးစားခဲ့တာ အာဂသတ္တိ မဟုတ်ဘူး'

'ဟုတ်တယ် ကိုကို၊ မော်တောင် သူ့ကို အံ့ဩနေတာ'

'ဘယ်လိုက ဘယ်လို ခင်သွားကြတာလဲ'

ထိုအမေးကို မေမေ မဖြေဘဲ လေးလေးကို လှမ်းကြည့်၏။ လေးလေးက ဘီယာတစ်ကျိုက် ကမန်းကတမ်းမော့ရင်း...

'အဟဲ... ကျွန်တော်နဲ့ စခင်တာ ရိပ်သာဝင်တုန်းက ရင်းနှီးခဲ့တာလေ၊ အစ်ကိုကြီးမွေးနေ့ ရိပ်သာမှာ အလှူလုပ်တော့ မမနဲ့လည်း ခင်သွားရော ဒီကောင်လည်း အဲဒီနေ့ကမှ ရှုးဒိုင်းကို စတွေ့တာ'

'လေးလေးနော် ဘာ ရှုးဒိုင်းလဲ'

'ဟဲ... ဟဲ... ဟဲ နောက်တာပါကွာ'

'စီးပွားရေးလည်း မဆိုးဘူးနော်'

'ဟုတ်တယ် ကိုကို၊ မော်တောင် လုပ်ရဲကိုင်ရဲတဲ့ မနန်းယဉ်ကို အားကျတယ်'

'ရုပ်ကလည်း ချောတုန်း ဘာလို့ အိမ်ထောင်မပြုတာလဲ မသိဘူး'

'ကိုကိုကလည်း သူ့မှာ မြေးပဲရတော့မယ့် ဥစ္စာ'

ဖေဖေက မေမေ့ကို အန့်တီနှင့် ပတ်သက်ပြီး အင်တာဗျူးလုပ်စဉ် ဝင်းမော်ဦးက သူ့လေးလေးကို လက်ကုပ်လိုက်သည်။ အချိန်ကျပြီ ပြောတော့ဆိုသည့်သဘော၊ လေးလေး လည်ချောင်းရှင်းလိုက်၏။

'အဟမ်း... တကယ်တော့ မနန်းယဉ်လည်း မကြာခင်မှာ အိမ်ထောင်သစ် ထူတော့မှာပါ'

'ဟေ'

'ဟင်... ဟုတ်လို့လား မောင်လွင်ရယ်'

'ဟုတ်တယ် မမ'





'ဘယ်သူနဲ့တုန်း'

'ကျွန်တော်နဲ့လေ'

'ဟား... ဟား... ဟား... ဟား'

စပ်ဖြီးဖြီးနှင့် လေးလေးအပြောကြောင့် ဖေဖေက ဟားတိုက်ရယ်၏။ မေမေကလည်း မနောက်စမ်းပါနဲ့ မောင်လွင်ရယ်ဟု ပြောသည်။

'ကျွန်တော် မနောက်ဘူး အစ်မ၊ အတည်ပြောနေတာ ကျွန်တော်တို့ချင်း နားလည်မှုရတာ ကြာလှပြီ'

'မောင်လွင်... မဟုတ်တာတွေ မပြောနဲ့'

'လေးလေးပြောတာ အမှန်တွေ မေမေ'

ဝင်းမော်ဦးကပါ ဝင်ရောက်ထောက်ခံ ပြောဆိုတော့ ဖေဖေ မေမေတို့ အံ့ဩသွားကြသည်။ ဖေဖေနှင့် လေးလေး ဘီယာခွက်ကျွန်ကို ပြိုင်ပွဲဝင်သလို ပြိုင်တူမော့လိုက်ကြ၏။ စိတ်လှုပ်ရှားသွားကြသည့် သဘောပင် ဖြစ်မည်။

'မောင်လွင်... မင်း... မင်း တကယ်ပြောနေတာလား'

'ဟုတ်တယ် မမ၊ ကျွန်တော်တို့ချင်း အရှုံးအမှုံးကို ဖြစ်နေကြတာပါ'

'အို... ဖြစ်မလား၊ သားကြီး သမီးကြီးတွေ ရှိတဲ့အပြင် မြေးချီရတော့မယ့် ခုနစ်ဆွေး ရှစ်ဆွေးကြီးကို ယူရမှာလားဟဲ့၊ နင်က လူပျိုလေ'

'ကျွန်တော် သူ့ကို ချစ်တယ် မမ'

လေးလေးအပြောကြောင့် မေမေ ရှုံ့ရှုံ့ရှားရှား ဖြစ်သွား၏။ မေမေ့ကို ဖေဖေက လက်ကာပြ၍ တားလိုက်ရင်း...

'နေစမ်းပါဦး မော်ရယ်၊ ပြောစမ်း မောင်လွင်၊ မင်းတို့ကိစ္စကို နန်းယဉ်တို့ မိသားစု သိပြီးပြီလား'

'ဟုတ်ကဲ့'

'သူတို့ သဘောထားကကော'


www.burmeseclassic.com

www.burmeseclassic.com

'သမီးတွေက အတိုက်အခံ သိပ်မလုပ်ပေမယ့် သားက လုံး၀
သဘောမတူဘူးတဲ့'

'ဒါပဲပေါ့ ဘယ်သူက သဘောတူမှာလဲ၊ ဖြစ်မှ မဖြစ်သင့်
တာ'

'မဟုတ်သေးပါဘူးဗျာ၊ သားသမီးတွေလည်း အကုန်အိမ်
ထောင်ကိုယ်စီနဲ့ ဖြစ်ကုန်ကြပြီပဲ၊ သူလည်း မောလှပြီ၊ လက်ကျန်အချိ
တွေမှာ နားခိုစရာ ရင်ခွင်တော့ ရှိသင့်ပါတယ်'

'ဟဲ့… ၀တုံး၊ ဟိုက နင့်ကို ခိုင်းစားဖို့ ထမ်းပိုးကျင့်တာ
ဒါကိုတောင် မသိတော့ဘူးလား၊ ငါ့ကို တအားရှိသေပြနေလို့ တော
လိုက်တာဆိုပြီး အဟုတ်ကြီး မှတ်နေတာ ဒင်းက အကြံနဲ့ကိုး'

'မမပဲ တော်လိုက်တာ ဆိုပြီး ချီးကျူးနေတာ မဟုတ်လား'

'အေး… တော်တယ်ဆိုတာ အမေတစ်ယောက်အနေနဲ့ ခ
မင်တာက ခမည်းခမက်ဆိုတဲ့ အတွေးနဲ့ ဒါပေမဲ့ ယောင်းမ ခမည်း
မက်တော့ အဖြစ်မခံနိုင်ဘူး'

အခြေအနေက မျှော်လင့်ခဲ့သည်နှင့် တခြားစီဖြစ်နေပြီး ဖေ
ညှိနှိုင်း၍ မရလောက်အောင် ဖြစ်နေသည်။ ၀င်းမော်ဦးလည်း ဘာ
၀င်မပြောသာတော့။

လေးလေး အမှန်တကယ် ဟာတ်ထိသွားဟန်နှင့် ပုလင်းထဲ
ဘီယာကို မတ်ခွက်ထဲ သွန်ထည့်ကာ နှမ်း(မ်)စတော့(ပ်) မော့လိုက်
ဖေဖေက…

'သေချာပြန်စဉ်းစားကြပါဦးကွာ၊ ကလေးတွေလည်း မဟု
ပဲနဲ့ သူက သားနဲ့လည်း ပတ်သက်နေတယ်လေ၊ အဲဒီလို ထပ်
ဆက်နွယ်နေရရင် မျက်နှာပူစရာကြီး'

'အို… အဲဒီလို ပြောနေစရာကို မလိုပါဘူး ကိုကိုရယ်၊
မယ် မောင်လွင် မနန်းယဉ်နဲ့ကိစ္စ ငါလုံး၀သဘောမတူဘူး၊ ခွင့်မပြု
ဒါပဲ'

မေမေ့စကား အဆုံးမှာ လေးလေး ၀ုန်းခနဲ ထထွက်သွ



BURMESE CLASSIC .com



တော့၏။ ဒီနေ့ ရှုတိုင်းကို လူကြီးစုံရာနှင့် စေ့စပ်ကြောင်းလမ်း တော
ရမ်းနားဖောက်ခြင်းမင်္ဂလာ အောင်မြင်ပြီးစီးခဲ့၍ ၀မ်းမြောက်မည်
မကြုံသေး။ အကြီးအကျယ် သဘောထားကွဲလွဲမှုများနှင့် တစ်အိမ်လုံ
ပြောင်းဆန်နေခဲ့ရပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ငှက်များရော လူတွေလို ဝမ်းနည်းကြေကွဲ တတ်ပါသလား။ အတိအကျ မသိရပေမယ့် ကောင်းကင်ပြင်မှာ ငှက်များယောက်ယက်ခတ်နေကြသည်။ ဦးအောင်လွင်နှင့် ဒေါ်နန်းယဉ်တို့၏ သောကဝေဒနာကို မျှဝေခံစားပေးနေကြတာပဲ ဖြစ်မည် ထင်၏။

'အဲဒါတွေကို 'ယဉ်' ကြိုတင်မျှော်လင့်ထားပြီးသားပါ ကိုအောင်'

'မဟုတ်တာ ယဉ်ယဉ်ရယ်၊ အခြေအနေတွေ ဘယ်လိုပဲဖြစ်ဖြစ် ကိုအောင် နောက်မဆုတ်ဘူးနော်'

'ဖွတ်မလုပ်ပါနဲ့ ကိုအောင်ရယ်၊ ကိုအောင်တို့မိသားစု နားဖောက်ပြီးအပြန် အိမ်မှာလည်း ပြဿနာတက်တယ်'

'ဟင်... ဘာဖြစ်လို့လဲ'

'သမီးနဲ့ လက်ထပ်မယ့်သူရဲ့ ဦးလေးလို့ ကိုအောင့်ကို သိသွားကြတာကိုး'

'ဟား... ပြဿနာပဲ ကွာ'

'ယဉ် တောင်းပန်ပါတယ် ကိုအောင်ရယ်၊ နှစ်ဖက်စလုံးက တင်းမာနေကြမှတော့ ယဉ်တို့ လက်လျှော့လိုက်ကြရအောင်'

'ဟင့်အင်း... မဖြစ်ဘူး လက်မလျှော့နိုင်ဘူး၊ ကိုယ် ယဉ့်ကို လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး၊ ဘယ်သူ့မျက်နှာကိုမှ မထောက်နိုင်ဘူး၊ ယဉ်စိတ်ချမ်းသာဖို့ပဲ ဦးစားပေးမယ်'



'ခေါင်းမမာပါနဲ့ ကိုအောင်ရယ်၊ ကလေးတွေကိုပဲ ဦးစားပေးလိုက်ပါ'

'အဲဒါတော့ မဖြစ်နိုင်ဘူး ယဉ်၊ ယဉ်က အမေမို့လို့ သားသမီးကို စာနာနိုင်ပေမယ့် ကိုယ်ကတော့ ဘယ်သူ့ကိုမှ မစာနာနိုင်ဘူး'

'ခက်တော့တာပဲ ကိုအောင်ရယ်'

'ကိုအောင် အပြတ်သားဆုံး ပြောလိုက်မယ်၊ ဆုံးဖြတ်ချက်ပြင်မယ်လို့ စိတ်ကူးရင် ယဉ့်ကို လုံးဝပြန်မလွှတ်တော့ဘူး၊ တစ်ခါတည်း ခိုးပြေးသွားမယ်'

ဦးအောင်လွင်၏ ပြတ်ပြတ်သားသား စကားကြောင့် ဒေါ်နန်းယဉ် ငိုင်ငိုင်တွေတွေ ဖြစ်သွားရသည်။ ပြောသည့်အတိုင်း တကယ်လုပ်မည့် ဆုံးဖြတ်ချက်မျိုး မျက်နှာပေါ်တွင် မြင်ယောင်နေရ၏။

'စိတ်ယိုင်မသွားပါနဲ့ ယဉ်ရယ်၊ ကိုအောင် ယဉ့်ကို သိပ်ချစ်တယ်'

ပြောပြောဆိုဆို ဦးအောင်လွင်က ဒေါ်နန်းယဉ်အား ရင်ခွင်ထဲဆွဲသွင်းကာ မလွှတ်စတမ်း ဖက်ထားလိုက်၏။ ဒေါ်နန်းယဉ် စိတ်မထိန်းနိုင်တော့ပဲ တသိမ့်သိမ့်ရှိုက်ငို နေမိတော့သည်။ တပ်မက်တွယ်ငြိမှုနှင့် သိင်္ဂါရဝေဒနာကို ခံစားနေကြရသဖြင့် အဆုံးစွန်အထိ စွန့်စားရန် ဆုံးဖြတ်မိကြ၏။

'ကိုအောင် ဘယ်လို စီစဉ်ချင်သလဲ ဟင်'

'ကိုအောင်တို့ အဝေးကို ထွက်သွားကြမယ်၊ အားလုံးကို မေ့ပစ်ပြီးတော့ပေါ့၊ ဒီနေ့ လက်မှတ်ဝယ်လိုက်မယ်၊ မနက်ဖြန်ထွက်မယ့် ကားနဲ့ သွားကြမယ်လေ'

'ဘယ်ကိုလဲ'

'နေပြည်တော်'

ဒေါ်နန်းယဉ်က ဦးအောင်လွင်၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်၏။ ပြီးတော့ သူမြတ်နိုးရသူအား ရွှန်းရွှန်းစားစား ကြည့်ရင်း ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နန်းယဉ် တစ်နေကုန် စိတ်လှုပ်ရှားနေ၏။ နေမထိ ထိုင်မသာလည်းဖြစ်နေသည်။ သူဆုံးဖြတ်ချက်တွေ မှန်သလား မှားသလား ဆိုတာပင် မဝေခွဲနိုင်တော့။ ကိုအောင့်ကို ယုံကြည်အားကိုးစွာဖြင့် နှစ်ယောက်တစ်ဘဝ ထူထောင်ရန် ဆုံးဖြတ်ပြီးမှ စိတ်မခိုင်တော့သလိုလို၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိသလိုလို ဖြစ်နေမိသည်။ သမီးငယ်ရှုတိုင်းယဉ်ကို မြင်မိတော့လည်း လက်လွတ်စပယ် ပစ်ထားခဲ့ရမှာ အားနာနေမိပြန်၏။

တစ်ခါ ကိုအောင့်မျက်နှာ မြင်ယောင်မိတော့လည်း လူပျိုလူလွတ်တစ်ယောက်ဝဏ်ကို မငဲ့ကွက်ပဲ မိမိကို မြတ်မြတ်နိုးနိုး စွဲစွဲမက်မက် ချစ်နေသည့် အချက်တစ်ချက်နှင့်ပင် မငြင်းပယ်နိုင်ရက်လောက်အောင် ဖြစ်နေရ၏။

နောက်ဆုံးတော့ လူဆိုတာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုသည့် စကားကိုသာ လက်ကိုင်ထားဖို့ စိတ်အားထက်သန်သွားတော့၏။ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီခွဲနေပြီ။ ကိုအောင်ပြောသလို မှတ်ပုံတင်က လွဲပြီး ဘာမှ ယူသွားရန် စိတ်ကူးမရှိသဖြင့် မွေးပုံ့သန့်ရှင်းသော ခန္ဓာကိုယ်ကို ကိုအောင့်လက်အပ်ဖို့ ရေချိုး၊ ခေါင်းလျှော်ပြီး အလှပြင်ရန် စိတ်ဒုန်းဒုန်းချ၍ ဆုံးဖြတ်လိုက်သည်။

ဒေါ်နန်းယဉ် ရေချိုးခန်းဝင်ပြီး စိမ်ပြေနပြေ ရေချိုးခေါင်းလျှော်နေ၏။ စိတ်တိုင်းကျ အားရကျေနပ်သွားမှ ရေချိုးခန်းမှ ထွက်လာခဲ့သည်။ မှန်တင်ခုံရှေ့ရောက်တော့ နှုတ်ခမ်းတွေပြာပြီး တဆတ်ဆတ်တုန်အောင် ချမ်းနေ၍ ဆံပင်များခြောက်သွေ့သွားအောင် တဘက်တစ်ထည်နှင့် ခပ်နာနာပွတ်လိုက်၏။ ဆံပင်အုံက ကောင်းလွန်းသဖြင့် သုတ်ရတာ လက်ညောင်းလာတာတောင် ဆံပင်တွေက မခြောက်။ စိတ်မရှည်တော့သည်နှင့် ဟဲဒရိုင်ယာကို သတိရပြီး ပလပ်တပ်လိုက်မှ မနက်ကတည်းက မီးမလာတာကို အမှတ်ရ၏။ ထိုအခိုက် ချောက်ခနဲ အသံကြားလိုက်ရပြီး ဒရိုင်ယာ အသက်ဝင်လာသည်။

'ဟူး… တော်ပါသေးရဲ့ မီးက ကွက်တိပြန်လာလို့'





ဒေါ်နန်းယဉ် ဆံပင်တွေ အမြန်ခြောက်အောင် ဒရိုင်ယာကို စိတ်ကြိုက်သုံးနေလိုက်၏။ ငါးမိနစ်အကြာတွင် အဲကွန်းဆွေ(ဖ်)ဂတ် ပွင့်သွားသံ ကြားမိသည်။ ဆံပင်ခြောက်ဖို့သာ စိတ်စောနေသဖြင့် ဒရိုင်ယာ ဆွဲတာကိုပဲ ဂရုစိုက်နေလေ၏။ ကြာတော့ အဲကွန်းအရှိန်က အတော်အေးလာသည်။ အသားတွေပါ တဖျင်းဖျင်းဖြစ်လာတာ မခံစားနိုင်တော့သဖြင့် ဒရိုင်ယာခဏချပြီး အဲကွန်းပိတ်ဖို့ လက်အလှမ်းမှာပဲ ဆတ်ခနဲ အကြောဆွဲပြီး ဗိုင်းခနဲ လဲသွားတော့၏။

ထိုအချိန်တွင် ပုံနှိပ်တိုက်မှ ဦးအောင်လွင် နာရီကိုကြည့်ပြီး ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် အပြင်သို့ ထွက်လာသည်။

'လေးလေး ဘယ်လဲ လက်ဖက်ရည်ဆိုင်လား'

'မဟုတ်ဘူး ဝိုထောင်ဘက် ခဏသွားလိုက်ဦးမယ်၊ စက္ကူလက်ကျန် ဘယ်လောက်ရှိလဲ သွားကြည့်မလို့'

သူပြန်ဖြေသည့် အသံတွေ တုန်နေမှန်း ဦးအောင်လွင်ကိုယ်တိုင် သိသဖြင့် သူတူ မရိပ်မိအောင် ခပ်သွက်သွက် ထွက်လာခဲ့၏။ အလုပ်ခန်း အပြင်ဘက်ရောက်သည်နှင့် သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးလန်းဆန်းသွားသည်။ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ နာရီကို ကြည့်မိ၏။ နေ့ခင်း နှစ်နာရီဆယ်မိနစ် ရှိပြီ။

ယဉ်ယဉ်နှင့် အဝေးပြေးဂိတ်တွင် သုံးနာရီအတိဆုံဖို့ ချိန်းထားသဖြင့် သွားဖို့ အချိန်တန်ပြီမို့ တက္ကစီတစ်စီးကို လှမ်းတားလိုက်၏။ အဝေးပြေးဂိတ်ဟု ပြောပြီး ဈေးပင်မဆစ်ပဲ တက်ထိုင်လိုက်သည်။ အတွေးထဲမှာတော့ ယဉ်ယဉ်ကို အမှန်တကယ် ပိုင်ဆိုင်ခွင့်ရတော့မည်ဟု တွေးရင်း ကြည်နူးပီတိ ဖြစ်လျက်ရှိ၏။

နေပြည်တော်သို့ သွားဖို့ ကြန့်ကြာချိန်က လေးနာရီသာ ဖြစ်သည်။ သို့ဆိုလျှင် နောက်ထပ် ခြောက်နာရီလောက်အကြာမှာတော့ သူ့ရင်ခွင်ထဲသို့ မနန်းယဉ် ရောက်ရှိလာတော့မှာပဲ ဖြစ်သည်။ ထိုအတွေးကြောင့် သူပါးစပ်စေ့လို့ မရအောင် ပြုံးမိသွား၏။ ကြွက်သီးများပင် တဖြန်းဖြန်း ထလာသည်။ 'ငါ မိန်းမရတော့မှာပါလား၊

www.burmeseclassic.com

နေမကူးခင်မှာ လူပျိုဘဝကို စွန့်လွှတ်ရတော့မှာပါလား' ကြည်နူးစိတ်များနှင့် အပြင်ရှုခင်းကို လှမ်းကြည့်လိုက်၏။

'ဟား… အရာရာက အရမ်းကာရောကို လှပနေတော့တာပဲကိုး၊ မိုးနတ်မင်းကြီးက သိပ်ရက်စက်တာပဲ၊ ငါ့ဆီ ယဉ်ယဉ့်ကို ဒီထက်စောစော လွှတ်လိုက်တော့ ဘာဖြစ်မှာမို့လဲ' တရုတ်လည်းမဟုတ် ကိုရီးယားလည်း မဟုတ်ပါဘဲနှင့် မိုးနတ်မင်းကို အပြစ်တင်နေမိ၍ တစ်ယောက်တည်း သဘောကျစွာ ရယ်လိုက်မိပြန်သည်။ အသံပါထွက်သွားသဖြင့် တက္ကစီဒရိုင်ဘာ နောက်ကြည့်မှန်မှ တစ်ဆင့် လှမ်းအကဲခတ်၏။ ဦးအောင်လွင် စိတ်ကို ထိန်းချုပ်ပြီး ဣန္ဒြေဆယ်လိုက်သည်။ ထိုအချိန်တွင် ဖုန်းမြည်လာ၏။ နံပါတ်အရ ယဉ်ယဉ့်ထံမှဆိုတာ သိလိုက်၍ အပျော်စိတ်နှင့်…

'ပြော… ယဉ်ယဉ်၊ ကိုအောင် အခု အဝေးပြေးဂိတ်ကို သွားနေပြီ၊ ယဉ်ယဉ် ဘယ်မှာလဲ'

'အန်ကယ်… အန်ကယ် ဦးအောင်လွင်လား သမီးရွှေတိုင်းယဉ်ပါ'

'ဟင်… ရွှေတိုင်းယဉ်လား၊ ပြော… သမီး ဘာကိစ္စလဲ'

'မေ… အဟင့်… မေမေ… ဆုံး… ဆုံးပြီ အန်ကယ်'

'ဘာ! ဘာတွေပြောနေတာလဲ ရွှေတိုင်းယဉ်'

'မေမေ ဆုံးသွားပြီလေ အန်ကယ်ရဲ့ အဟင့် ဟင့် ဟီး'

'မဟုတ်ဘူး… မဟုတ်ဘူး နင်ဘာတွေပြောနေတာလဲ ရွှေတိုင်းယဉ်'

'အဟီး… ဟီး သမီး တကယ်ပြောတာ ဆုံးသွားတာ နာရီဝက်လောက်ရှိပြီ'

'ဟင်… ဟုတ်လို့လား၊ အခု… အခု ယဉ်ယဉ် ဘယ်မှာလဲ'

'အိမ်မှာပါ အန်ကယ် အဟင့်… ဟင့်'

'အေး… အန်ကယ် အခုလာပြီ'

ဖုန်းပြန်ပိတ်ပြီးတော့ ဦးအောင်လွင် အူကြောင်ကြောင်ဖြစ်သွား





၏။ ယဉ်ယဉ်ဆုံးပြီတဲ့။ ဒီကိစ္စက နောက်စရာ မဟုတ်။ ပြီးတော့လည်း သတင်းပေးသူက သမီးအရင်း ဦးအောင်လွင်၏ မျက်ဝန်းအိမ်မှ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာ၏။

'ကားဆရာ ကြည့်မြင်တိုင် မကြီးကြီးလမ်းကို မောင်းပါ'

* * *

ဒေါ်နန်းယဉ် ခြံဝင်းထဲ လူတွေ ရုတ်ရုတ်သည်းသည်း ဖြစ်နေသည်။ ကားခကြို၍ ရှင်းထားပြီး ဖြစ်သဖြင့် ခြံရှေ့ကားရပ်သည်နှင့် ဦးအောင်လွင် ဖုန်းခနဲ ဆင်းပြေးသည်။ လူတွေကို တိုးဝှေ့ပြီး အိမ်ထဲဝင်လာခဲ့၏။

'ယဉ်ယဉ်… ယဉ်ယဉ်'

အရူးတစ်ပိုင်းဖြစ်နေသော ဦးအောင်လွင်ကို လာတွဲသည်မှာ ဝင်းမော်ဦး ဖြစ်နေသည်။ အစ်ကိုကြီး၊ မမနှင့် ယဉ်ယဉ့်သားသမီးများ အားလုံးကို တွေ့လိုက်ရသဖြင့် ယဉ်ယဉ့်ကိစ္စ မဟုတ်ပါစေနှင့်ဟု တတွတ်တွတ် ရွတ်လာသော သူ့ ဆုတောင်းမပြည့်နိုင်တော့မှန်း ဦးအောင်လွင် ရိပ်မိလိုက်သည်။

ယဉ်ယဉ့်ကို ခုတင်ပေါ်မှာ လှပစွာ တွေ့မြင်ရသည်။ ရွှေတိုင်းယဉ်နှင့် သမီးလတ်က တသိမ့်သိမ့် ရှိုက်ငိုနေကြ၏။ ဦးအောင်လွင် ခုတင်နားကပ်လာသည်။ သူချစ်ရသော ယဉ်ယဉ်ကို မယုံကြည်နိုင်သလို တွေတွေကြီး ကြည့်သည်။ မရှိုက်မငိုဘဲနှင့် မျက်ရည်တွေတွေ ကျလာ၏။

'ဘယ်… ဘယ်လို ဖြစ်သွားတာလဲ ကလေးတို့ရယ်'

ဦးအောင်လွင်၏ အမေးကို ရွှေတိုင်းယဉ် ဖြေသည်။

'မေမေ ရေချိုးခေါင်းလျှော်ခဲ့ပုံပါပဲ၊ ဆံပင်တွေ အခြောက်ခံနေရင်းနဲ့ မေမေလဲကျသွားခဲ့တာ ထင်တယ်၊ သမီးသိတော့ စကားမေးမရတော့ဘူး၊ ဆရာဝန်ပင့် အစ်ကိုတွေ အစ်မတွေဆီ ဖုန်းဆက်နေတုန်း

www.burmeseclassic.com

မှာပဲ ဆုံးသွားတာပါ၊ ဆရာဝန်က သွေးဆောင့်တိုးပြီး ဦးနှောက်သွေးကြော ပြတ်သွားတာတဲ့'

'ဖြစ်မှ ဖြစ်ရလေ ယဉ်ယဉ်ရယ်'

'အဲကွန်းကလည်း ပွင့်နေတာတဲ့ သွေးဆောင့်တိုးပြီး လဲသွားတုန်း အအေးပတ်တဲ့ ဒဏ်ကိုလည်း ခံခဲ့ရပုံပဲ၊ အဲဒီမှာ ပိုဆိုးသွားတာဟဲဒရိုင်ယာကလည်း ပွင့်ရက်ပဲ ဆံပင်တွေကလည်း မခြောက်သေးဘူး'

'အသက်ကယ်ဆေး ထိုးတာတောင် မမီတော့ဘူးတဲ့'

'ဘာတွေ ဝမ်းသာစရာရှိနေလဲ မသိဘူး၊ ပြုံးနေသလိုပဲနော်'

'လေးဆယ့်သုံးဆိုတော့ ငယ်သေးတာပဲ သနားပါတယ်'

တစ်ယောက်တစ်ပေါက် မှတ်ချက်များကို ဦးအောင်လွင် မခံစားနိုင် မကြားနိုင်တော့။ ယဉ်ယဉ့်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ယဉ်ယဉ့်ကို ယူကြုံးမရစွာ ငေးကြည့်ရင်း အတွင်းလှိုက်၍ ရှိုက်ငိုနေမိ၏။ ကြေကွဲမှုဒဏ်ကို သူ့နှလုံးသားက မခံစားနိုင်တော့။ ခုတင်ဘေးတွင် ဦးအောင်လွင် ပုံရက်သားလဲကျသွားတော့သည်။

* * *

BURMESE CLASSIC .com

ဒေါ်နန်းယဉ်၏ ဈာပနအခမ်းအနားက ပြီးဆုံးသွားခဲ့ပြီ။ ဂူသွင်းသဂြိုလ်သည်မို့ သားသမီးများနှင့် ဦးခင်ဦး၊ ဒေါ်စန်းယုမော်၊ ဦးအောင်လွင်၊ ဝင်းမော်ဦးတို့လည်း ရှိနေကြ၏။ အသုဘပို့ အခြားပရိသတ်များကတော့ ပြန်သွားကြပြီ။ ရွှေတိုင်းယဉ်တို့ ညီအစ်မမှာတော့ ကျေးဇူးဆပ်ပြုစုခွင့်လေးပင် ပေးမသွားသည့် အမေ့အတွက် ဖြေမဆည်နိုင် ဖြစ်နေကြဆဲ။

ဦးအောင်လွင်က ပြုလုပ်နေဆဲ ဂူနှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်ကို မှီရင်း ချစ်ရသူ၏ နောက်ဆုံးလဲလျောင်းရာကို မမှိတ်မသုန်ကြည့်နေသည်။ သူ့မျက်ဝန်းမှာလည်း မိုးရာသီ ဖြစ်နေခဲ့ပြီ။





ဦးအောင်လွင်၏ အကြည့်တွေ ဂူဆီမှ တစ်ဆင့် ကောင်းကင်ကြီးဆီရောက်သွား၏။ တိမ်တိုက်ထဲတွင် ယဉ်ယဉ့်ကို တွေ့ရနိုးနိုး။ အတန်ကြာ ကောင်းကင်ကြီးကို မော့ကြည့်နေမိပြီးမှ ကလေးဆန်သော အတွေးကို ဖျောက်ပစ်လိုက်ရ၏။ လက်ထဲတွင် ယပ်တောင်တစ်ချောင်းနှင့် မွှေးစာအုပ်လေးတစ်အုပ်ရှိနေသည်။ ဒါ ယဉ်ယဉ်၏တမလွန်သွားလက်ဆောင်ပဲ ဖြစ်၏။

* * *

မဟာသိမ်တော်ကြီးရှေ့ ခရေပင်ကြီးဆီမှ ခရေပန်းတို့ တဖွဲဖွဲကြွေကာကျနေ၏။ လေရူးက ဆော့ကစားလိုက်တိုင်း ဝေ့ဝဲကြွေကျမြေခလာတာများ ကြည့်လို့ပင် ကောင်းသေးတော့။ ဒီလို ပန်းကြွေတာကို ပန်းကြွေတယ်လို့ မမြင်ဘဲ သင်္ခါရဟုမြင်လျှင် အနိစ္စဟုမြင်လျှင်လည်း ရတာပဲ မဟုတ်လား။ သဘာဝတရားက ဟောပြသည့် တရားကို သင်ကြားရမှာရနိုင်သည်လေ။

သတ္တလောကကြီးထဲ ရှိရှိသမျှ မြင်မြင်သမျှ အားလုံးက သင်္ခါရဆိုတာကို သင်မြင်လာရမည်။ သို့သော် ပုပုရွရွ လူမှန်သမျှတော့ မြင်နိုင်သည် မဟုတ်။ လောကမှာ အကောင်းနှင့် အကာန်းတွင် အကာန်းဦးရေက များနေသည်ပဲ။ နတ်ပြည်က ခြောက်ထပ်သာရှိပြီး ငရဲကြီးရှစ်ထပ် ရှိနေမှုက အကာန်းအရေအတွက်များကြောင်း သိသာထင်ရှားအောင် ပြဆိုနေသည်။

အခုလည်း မဟာသိမ်တော်ကြီးရှေ့တွင် လူအများစုဝေးနေကြ၏။ ထိုလူစုထဲ အကောင်းမည်မျှ အကာန်းမည်မျှ ပါနိုင်သနည်း။

ကြေးစည်သံနှင့်အတူ သိမ်ထက်မှ ဆရာတော် သံဃာတော်များ ဆင်းကြွလာကြ၏။ သိမ်ရှေ့မှလူများ သိမ်ဆင်းလောင်းလှူလိုက်ကြ၏။ ဝါတော်ရသံဃာတို့နောက်မှ ဒုလ္လဘရဟန်းများ ဆက်၍ကြွလာကြသည်။ ဦးခင်ဦး၊ ဒေါ်စန်းယုမော်၊ ဝင်းမော်ဦးနှင့် ရွှေတိုင်းယဉ်တို့ လှူဖွယ်ပစ္စည်း အစုစုကို အသင့်ပြင်ဆင်ထားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သူတို့မိသားစု ရဟန်းခံပေးလိုက်သော ကိုယ်တော် ကြွလာပြီ။ ထိုကိုယ်တော်ကား ဦးအောင်လွင် တဖြစ်လဲ ရှင်အာသဘ ဖြစ်၏။ ဦးပြည်းအသစ်နှင့် ဦးအာသဘ မျက်လွှာချ၍ ကြွလာ၏။ တကယ့်ဝါတော်လေးဆယ်ရ ရဟန်းတစ်ပါး၏ ဣန္ဒြေမျိုးနှင့် ဖြစ်သည်။

မိသားစုများက လှူစရာရှိတာ လှူပြီး လက်အုပ်ချီလိုက်ကြ၏။ သံဃာတော်များ စိတန်း၍ ကြွသွားကြသည်။ သီတင်းသုံးရာကျောင်းတိုက်ဆီ တရွေ့ရွေ့ ကြွလှမ်းသွားကြသော သံဃာတော်များနှင့် လူများ တဖြည်းဖြည်း ဝေးကွာသွားကြ၏။

ဒေါ်စန်းယုမော်ထံမှ ရှိုက်သံသဲ့သဲ့ ထွက်လာသည်။

'ကောင်းမှုကုသိုလ်ပြုတာ ဘာလို့ ငိုနေရတာလဲ'

'မော် သိတယ် ကိုကို၊ အဟင့်… မော့် မောင်လေး တစ်သက်လုံး လူပြန်ထွက်လာမှာ မဟုတ်တော့ဘူး'

'ဘာဖြစ်လဲ မော်ရယ်၊ သူကောင်းတာတွေ လုပ်ဖို့ပဲ မဟုတ်လား၊ သာခုခေါ်ရမှာပေါ့ မပျော်တော့လည်း ပြန်ထွက်လာမှာပါကွယ်'

'မဟုတ်သေးပါဘူး ကိုကို၊ မနေ့က မနန်းယဉ်ဆုံးတာ တစ်နှစ်ပြည့်တယ်လေ၊ သူ ဒီနေ့ ရဟန်းဘောင် ဝင်သွားပြီ အဲဒါ အပြတ်ဖြတ်သွားတာ'

မမေ့စကားကို ဝင်းမော်ဦးနှင့် ရှုတိုင်းယဉ်တို့ ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။ ဦးခင်ဦးက ဒေါ်စန်းယုမော်အား ဖေးမကာ သိမ်လှေကားထစ်တွင် ထိုင်ခိုင်းလိုက်၏။

'အဲဒါဆိုလည်း အမှားသိလို့ တရားရှိတဲ့နေရာသွားတာလေ၊ သူကျင့်နိုင်တာကိုပဲ ချီးကျူးရမှာ မဟုတ်လား၊ ပစ္စည်းလေးပါးထောက်ပံ့ပြီး ပါရမီဖြည့်လိုက်ပါ မော်ရာ'

လေးလေးဦးအောင်လွင်မှာ ဒေါ်နန်းယဉ် အသုဘပြီးကတည်းက ရိပ်သာဝင်သွားတာ တစ်နှစ်ပြည့်ခဲ့ပြီ။ ဒီနေ့မှာတော့ လူ့ဘဝကိုပါ အပြီးအပိုင် စွန့်လွှတ်သွားခဲ့၏။ ဝင်းမော်ဦးလည်း ဒီတစ်ခါတော့ သူ့လေးလေး တကယ် ကျွတ်တမ်းဝင်သွားပြီဆိုတာ အလိုလိုသိနေသည်။ ထို့ကြောင့် စိတ်ထဲမှ သာခုခေါ်လိုက်၏။





'ကဲ… သားနဲ့ သမီးလည်း ခန်းဝင်ပစ္စည်းတွေ သွားကြည့်ကြမလို့ဆို သွားကြလေ'

'ဟုတ်ကဲ့… မေမေ အဆင်ပြေပါ့မလားလို့'

'ဖေဖေ ရှိပါတယ်ကွာ၊ စိတ်ဖြောင့်ဖြောင့်သွား'

'ဒါဆို သားတို့သွားမယ်နော်၊ ကားထားခဲ့မယ် ဖေဖေ'

'အေး'

ဝင်းမော်ဦးက ရှုတိုင်းယဉ် လက်ကိုဆွဲပြီး အတူတွဲ၍ ထွက်လာကြ၏။ သာသနာ့နယ်မြေကို ကျောခိုင်း၍ ပုထုဇဉ်နယ်မြေထဲ ပြန်ဝင်ဖို့ တာစူနေကြတာ သံသရာကို မကြောက်တတ်လို့ များလား။ သူတို့လည်း အကန်းတွေပဲ မဟုတ်လား။ ဘာများ ဆန်းလို့ပါလဲ။

'အန်ကယ်က မေမေ့ကို တကယ်ချစ်ခဲ့တာနော်'

'သိပ်သေချာတာပေါ့ ရှုတိုင်းရယ်'

'အန်ကယ်ရဲ့ မေတ္တာတရားကို သိပ်လေးစားမိတာပဲ'

'ကိုဦးမှာလည်း လေးလေးရဲ့ သွေးတွေ အပြည့်နဲ့ပါ'

'ဟုတ်ရဲ့လား… အာမခံတာ ရဲလိုက်တာ'

'ရဲမှာပေါ့ နှလုံးသွေးကလည်း နီနေတာလေ'

'အင်း… ထားပါတော့ တစ်ခုတော့ စိတ်မကောင်းဖြစ်မိတယ်'

'ဘာများလဲ ရှုတိုင်း'

'ရှုတိုင်းရဲ့ မင်္ဂလာပွဲမှာ ဖေဖေရော မေမေပါ ရှိမှာမဟုတ်လို့လေ'

'ဩော်… ရှုတိုင်းရယ်၊ မေမေတို့က ရှုတိုင်းကို သမီးရင်းလို ချစ်ကြတာပဲ မဟုတ်လား၊ မိဘအစားရတယ်လို့ တွေးလိုက်ပါ'

'ခုတော့ ဒီလိုပဲ ဖြေတွေး တွေးရတော့မှာပေါ့'

'ကဲပါ… ရှုတိုင်းရယ် ဝမ်းနည်းစရာတွေ ဖြေဖျောက်လိုက်ပါတော့၊ ကိုယ်တို့ရဲ့အနာဂတ်မျိုးဆက်သစ်တွေအတွက် အားမွေးကြရအောင်'

www.burmeseclassic.com

'ဟင်း… သူ့စကားကြီးက…'

ကျောင်းဝင်းထဲမှ ထွက်သော မြေနီလမ်းလေးက လွန်စွာသာ မောဖွယ် ကောင်း၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင်လည်း ကုံကော် ပင်များ အစီအရီစိုက်ပျိုးထားသေးသည်။

ဟိုးရှေ့ဝေးဝေးမှာ တူနှစ်ကိုယ်တိုင်းပြည်ရှိ၏။ ထိုအရပ်ဆီသို့ ချစ်သူမောင်နှံ ရွှေလက်တွဲ၍ တရွေ့ရွေ့ တိုးဝင်သွားကြလေသည်။

မိုးကုပ်စက်ဝိုင်းဆီမှ မြူးထူးပျော်ရွှင်စွာ ပျံသန်းနေကြသော ငှက်များက သူတို့နှစ်ဦးအား ကောင်းချီးပေးနေသကဲ့သို့။

**တန်ခူးလေပြေ**



BURMESE CLASSIC .com
www.burmeseclassic.com